ဓလေ့မှော်

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

သွားလေရာအရပ်၌
အပူဇော်ခံရ

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ တနလ်္ဂာနေ့။ Monday, 8 September 2025 ၁၁၉၃၄

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူ လူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်၌ မိုးစပါးလျာထားဧကပြည့်မီစွာ စိုက်ပျိုးပြီးစီး

သရက်ချောင်း စက်တင်ဘာ ၇

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၂၆၀၁၆ ဧက စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်ခဲ့ရာ ဩဂုတ်လကုန်တွင် ၂၆၀၁၆ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သရက်ချောင်းမြို့နယ်တွင် ယခုနှစ်မိုးစပါးကို ဇွန်လနောက်ဆုံးပတ်မှစ၍ စိုက်ပျိုးခဲ့ပြီး ဩဂုတ်လကုန်တွင် လျာထားဧကအတိုင်း အပြည့်အဝ စိုက်ပျိုးနိုင်ခဲ့သည်။ ယခုနှစ် မိုးစပါးစိုက်ပျိုးရာတွင် သိပ်ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ၊ လက်ဆွဲအစေ့ချကိရိယာများဖြင့် စိုက်ပျိုးနည်းစနစ်များကို တောင်သူများက ပိုမိုတွင်ကျယ်စွာ ပြောင်းလဲစိုက်ပျိုးလာကြောင်း သိရသည်။

ယခုနှစ် မိုးစပါးတွင် တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် သိပ်ပံနည်းကျ စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးခြင်း၊ ဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးများ စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာများကို အချိန်ကိုက် အချိုးကျထည့်သွင်းသုံးစွဲခြင်း နည်းလမ်းများကို မိုးစပါးမစိုက်ပျိုးမီတောင်သူများအား နည်းပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများ ဆောင်ရွက်ထားပြီး ဌာနကွင်းဝန်ထမ်းများက

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ပေါင်မြို့နယ်၌ တစ်ပိုင်တစ်နိုင် နဂါးမောက်သီးစိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်း



ပေါင် စက်တင်ဘာ ၇

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဥယျာဉ်ခြံမြေများနှင့် နေအိမ်များအတွင်း မြေကွက်လပ်များတွင် တစ်ပိုင်တစ်နိုင် နဂါးမောက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသူများ ဖြစ်ထွန်းအောင်မြင်ပြီး မိသားစုအပိုဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပေါင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံမှ သိရသည်။

အောင်မြင်ဖြစ်ထွန်း

နဂါးမောက်သီးနှံသည် ကျန်းမာရေးနှင့် ညီညွတ်သောသီးနှံဖြစ်သည့်အတွက် ပြည်သူများက အကြိုက်တွေ့ဝယ်ယူစားသုံးကြကြောင်း၊ နဂါးမောက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းသည် ရာသီဥတုစိုစွတ်အေးမြသောနေရာတွင်သာ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုရှိကြောင်း၊ စိုက်ပျိုးပြီး

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

ယနေ့ ဖတ်စရာ

စနစ်သစ်နှင့် ရွေးကောက်ပွဲဆီသို့ (၂)
ဆောင်းပါး စာမျက်နှာ » ၆

စစ်ကိုင်းမြို့ ရွှေမင်းဝံစျေး မြန်မာ-တရုတ် ချစ်ကြည်ရေးစျေးရုံ ရတနာပန္နက်တင်နှင့် တွင်းတော်ဝန်းမဂ်လာအခမ်းအနား ကျင်းပ
စာမျက်နှာ » ၉

မြန်မာနိုင်ငံ စာတတ်မြောက်မှုအစ မိတ္ထီလာက
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၀

ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့
ဆောင်းပါး စာမျက်နှာ » ၁၁

နယ်စပ်ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်

မြန်မာ–တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဒုတိယအကြိမ်တွေ့ဆုံပွဲကို စက်တင်ဘာလ ၆ ရက်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့ ရှန်ဂရီလာဟိုတယ်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ယာယီသမ္မတက “မိမိတို့အနေဖြင့် နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဦးစွာအလေးထား ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည်တိုးချဲ့ဖွင့်လှစ်နိုင်ပါက ကုန်ပစ္စည်းအမျိုးအစားများနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ (Value-Added Products) ချဲ့ထွင်တင်ပို့ရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးချဲ့ဖောက်လုပ်ရေးနှင့် အဆင့်မြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေးကိစ္စရပ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေး၊ နယ်စပ်ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့သည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ၂၀၁၁ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသော မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာကို နှစ်နိုင်ငံအကြား စတင်နိုင်ခဲ့ပြီး စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းများဖြင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏ သိသာထင်ရှားစွာ တိုးတက်ခဲ့သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအများဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံပေါင်း ၅၃ နိုင်ငံအနက် အဆင့် ၂ နေရာတွင်ရှိသည်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးမှာ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၈၀၀၀ ကျော်၊ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၇၇၀၀ ကျော်နှင့် ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလအထိ စုစုပေါင်းအမေရိကန်ဒေါ်လာသန်း ၃၀၀၀ ကျော်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုအားကောင်းနေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာ–တရုတ် နှစ်နိုင်ငံသည် ရှည်လျားသည့်နယ်နိမိတ်များ ထိစပ်လျက်ရှိသည့်အတွက် နယ်စပ်ဂိတ်များသည် အရေးပါသောကဏ္ဍမှ ပါဝင်နေသည်။ နှစ်နိုင်ငံ နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရ မြန်မာ–တရုတ် နယ်စပ်တစ်လျှောက်တွင် နယ်စပ်ဂိတ်စုစုပေါင်း ရှစ်ခုရှိသည်။ လက်ရှိအခြေအနေတွင် နယ်မြေလုံခြုံရေးအခြေအနေအရ အဆိုပါနယ်စပ်ဂိတ် ရှစ်ခုအနက် မူဆယ်–ရွှေလီ နယ်စပ်ဂိတ်တစ်ခုသာ ဖွင့်လှစ်ထားနိုင်သည်။ ကျန်နယ်စပ်ဂိတ် ခုနစ်ခုမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များကြောင့် ရပ်တန့်ထားရသည်။ နှစ်နိုင်ငံကုန်သွယ်ရေး ထိခိုက်ခဲ့သည်။ နယ်စပ်ဒေသကုန်သွယ်ရေးသည် နှစ်နိုင်ငံ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုနေသောကြောင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းပြီး ကုန်သွယ်ရေးပြန်လည်စတင်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာ–တရုတ် နယ်စပ်ဒေသ မတည်ငြိမ်မှုများကြောင့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချွင်မြူနီစီပယ်ဒေသများ၏ စီးပွားရေး ထိခိုက်လျက်ရှိသည်ဟု သိရသည်။ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းပါက ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချွင်မြူနီစီပယ်ဒေသ၊ ကွမ်ရှီးပြည်နယ် နန်နင်းမြို့အထိ ကုန်သွယ်ရေးလမ်းကြောင်းအား တိုးချဲ့ဆောင်ရွက်သွားနိုင်သည်။ အဆိုပါကုန်သွယ်ရေးလမ်းကြောင်းသည် တရုတ်–မြန်မာ နှစ်နိုင်ငံအတွက် အဓိကကုန်သွယ်ရေးလမ်းကြောင်းဖြစ်လာမည့် အပြင် တရုတ်နိုင်ငံ၊ အရှေ့တောင်ပိုင်းဒေသ၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများမှ မြန်မာနိုင်ငံကို ပေါင်းကူးတံတားအနေဖြင့် အသုံးပြုပြီး အာဆီယံနိုင်ငံများသို့လည်း စီးပွားရေးဆိုင်ရာ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် လူဦးရေထူထပ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြားတွင် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ ဆုံစည်းရာဗဟိုချက်ဖြစ်သည့်အတွက် အခွင့်အလမ်းများစွာရှိသည့်နိုင်ငံဖြစ်ရာ ဦးစွာအရေးကြီးသည့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးကို ကြိုးပမ်းဆောင်ရွက်ပြီး နယ်စပ်ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် နိုင်ငံအချင်းချင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။



ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9 တွင် Development Project Phase 1E အရအသစ်တည်ဆောက်မည့် ပလက်ဖောင်း(၄)ခု တပ်ဆင်ခြင်းနှင့် ရေအောက်ပိုက်လိုင်း ဆက်သွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော No.1 Point ZWP 16 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅မိနစ် ၂၀.၁၅၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၂၇.၃၈၄၁ စက္ကန့်၊ Point ZWP 12 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၅၂.၇၂၀၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ် ၄၃.၅၄၃၅ စက္ကန့်၊ No.2 Point ZWP 17 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁မိနစ် ၀၄.၈၃၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၃၉.၇၇၄၈ စက္ကန့်၊ ZWP 13 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉မိနစ် ၀၇.၈၃၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၉ မိနစ် ၂၂.၈၂၇၈ စက္ကန့်၊ No.3 ZWP 18 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၇ မိနစ် ၀၀.၁၆၆၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၀၅.၅၂၁၇ စက္ကန့်၊ ZWP 14 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၄.၃၂၀၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၄၅.၄၁၉၀ စက္ကန့်နှင့် Point 4 ZWP 19 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅မိနစ် ၂၄.၁၅၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၂၄.၈၁၄၆ စက္ကန့်၊ ZPQ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁မိနစ် ၂၇.၈၁၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၄၄.၂၇၈၆ စက္ကန့်တို့အတွင်းတွင် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၈) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Development Project Phase 1E အရအသစ်တည်ဆောက်မည့် ပလက်ဖောင်း(၄)ခုတပ်ဆင်ခြင်းနှင့် ရေအောက်ပိုက်လိုင်း ဆက်သွယ်ရေးလုပ်ငန်းများကို Heavy Lift Vessel, “HUA TIAN LONG” ၊ Pipe Lay Barge, “HUI ZHONG 301” နှင့် Dive Support Vessel “HUA XIANG LONG” ရေယာဉ်တို့ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္မန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

ပန်းတောင်းမြို့နယ်၌ သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးသီးနှံစိုက်ပျိုးထားရှိမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ပဲခူး စက်တင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်းရှိ သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးသီးနှံစိုက်ပျိုးထားရှိမှုအခြေအနေကို ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ချောစုလှိုင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်း စစ်ဆေးရာတွင် ပန်းတောင်းမြို့နယ်အတွင်း ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် တစ်ဧကလျှင် ငွေကျပ် ၂ ဒသမ ၅ သိန်းနှင့် ညီမျှသော အထွက်တိုးမျိုးနှင့် သွင်းအားစုများ ပံ့ပိုးဆောင်ရွက်ထားသည့် သမဝါယမအသင်းဝင်းသင်း၊ အသင်းသားတောင်သူ ၈၈ ဦး၏ မိုးစပါးသီးနှံ စိုက်ပျိုးဧကော ၁၀၀၀ အနက် ကျောက်ဖူးကျေးရွာရှိ “ရွှေကျောက်ဖူး” စိုက်/ထွေ သမဝါယမအသင်းမှ တောင်သူဦးအေးနိုင်၏ အောင်နိုင်တိုး (YSR-1) စပါးမျိုးဖြင့် စိုက်ပျိုးထားသည့် စိုက်ဧကခုနစ်ဧကကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

စာတည်းမှူးချုပ်	– ဝင်းနိုင်	အကြီးတန်း	– စိုးအောင်၊ ခင်မိမိမို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
ခေတ္တ စာတည်းမှူး	– အေဝမ်းစိုး	သတင်းထောက်များ	
စာတည်းများ	– စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်	အငယ်တန်း	– အောင်ကျော်ဦး၊ သန်းတင်အောင်
		သတင်းထောက်များ	ခင်သက်မွန်၊ မြသီတာ
		သုတေသန	– ဇင်မာဝင့်
		စာပြင်	– ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	– အောင်ကျော်ကျော်၊ စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	– နီလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	– စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး – ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ရွှေကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွှေကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွှေကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွှေကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ ချီကျင့်မြို့၌ ကြည့်ရှုလေ့လာ

ချီကျင့် စက်တင်ဘာ ၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ရောက်ရှိနေသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ချီကျင့်မြို့ မာလုံဒေသ၊ ကျန်းယီဒေသနှင့် ချီလင်ဒေသတို့သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မာလုံဒေသရှိ ကျန်းကျုံးဟောင်ယွန့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစုသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက လုပ်ငန်းစုဆိုင်ရာအချက်အလက်များ၊ ဘက်ထရီတပ်ဆင်အသုံးပြုသည့် သယ်ယူပို့ဆောင်ရေးကုန်တင်ယာဉ်ကြီးများနှင့်ပတ်သက်၍ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ အာမခံပေးခြင်း၊ သက်တမ်းပြည့်ကားများ ပြန်လည်သိမ်းဆည်းခြင်း လုပ်ငန်းများအား ဝန်ဆောင်မှုပေးနေမှု၊ ဒစ်ဂျစ်တယ်စနစ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို နည်းပညာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ထိန်းချုပ်ရေးစင်တာမှ စောင့်ကြပ်ကြည့်ရှုထိန်းချုပ်ပေးနေမှု၊ ကုန်တင်ယာဉ်များ၏ ဘက်ထရီများအား အချိန်တိုအတွင်း အားဖြည့်ခြင်း၊ လဲလှယ်တပ်ဆင်ခြင်းများ ဆောင်ရွက်ပေးနေမှုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘက်ထရီအသုံးပြု စွမ်းအင်သစ်ကုန်တင်ယာဉ်များ၏ ဓာတ်ခဲလဲလှယ်မှုလုပ်ငန်းစဉ်ကို လက်တွေ့ပြသရာ ဘက်ထရီလဲလှယ်ခြင်း ဆောင်ရွက်ရာတွင် အချိန် နှစ်မိနစ်နှင့် ဘက်ထရီအားသွင်းခြင်းအတွက် အချိန် ၁၅ မိနစ်သာ ကြာမြင့်မှုကို လက်တွေ့ပြသသည်။

ကျန်းကျုံးဟောင်ယွန့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစုကို ၂၀၂၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ကုန်းလမ်းကုန်စည်ပို့ဆောင်ရေး၊ စက်ယန္တရားများ ငှားရမ်းခြင်း၊ နည်းပညာဆိုင်ရာဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းရည်မြင့်မားသော အလွိုင်းပစ္စည်းရောင်းချခြင်းနှင့် ခေတ်မီသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိကာ ယူနန်ပြည်နယ်တွင် ထိပ်တန်းအဆင့်ရှိသည့် လုပ်ငန်းစုတစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းနောက် ထူကွားချုံးရွာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကျေးရွာဆိုင်ရာအချက်အလက်များ၊ ထူကွားချုံးရွာအား "14335" ပုံစံဖြင့် လည်ပတ်နေမှု၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် ကျေးရွာနေပြည်သူများ ဝင်ငွေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါထူကွားချုံးရွာကို (၁) အစိုးရ၏ဦးဆောင်မှုကို ခံယူခြင်း၊ (၄) အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ကုမ္ပဏီများ၊ လုပ်ငန်းများ၊ လုပ်ငန်းစုများက လာရောက်ရင်းနှီးမြှုပ်နှံပြီး ရွာသူရွာသားများ၏ စုပေါင်းအားဖြင့် ကျေးရွာတိုးတက်အောင် ဆောင်ရွက်ခြင်း၊ (၃) လာရောက်တည်းခိုသူများကို ကောင်းမွန်စွာ ဝန်ဆောင်မှုပေးခြင်း၊ ပြည်သူများ၏ သက်သာချောင်ချိမှုဝန်ဆောင်မှုပေးခြင်း၊ တည်းခိုသည့် အိမ်များအား အိမ်တော်ထိန်းဝန်ဆောင်မှုပေးခြင်း၊ (၃) ရွာတိုးတက်လာချိန်တွင် အဆိုပါကျေးရွာ၊ ကျေးရွာရှိ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကျေးရွာနေပြည်သူများ၏ဝင်ငွေများ တိုးတက်ရရှိပြီး အကျိုးအမြတ်ရရှိခြင်း၊ (၅) ကျေးရွာတိုးတက်လာသည်နှင့်အမျှ ဖွဲ့စည်းလုပ်ဆောင်မှု အားကောင်းလာခြင်း၊ ရွာသူရွာသားများ၏အမြင်များ တိုးတက်လာခြင်း၊ ပတ်ဝန်းကျင် ပိုမိုလှပလာခြင်း၊ လူများပိုမိုစည်ကားလာခြင်း၊ ရွာသူရွာသားများ ပိုမို စီးပွားတိုးတက်ခြင်း ဟူသည့် "14335" ပုံစံဖြင့် လည်ပတ်နေသည့် ကျေးရွာတစ်ခုဖြစ်ကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ ချီလင်ဒေသရှိ ချီလင်ရေပေါ်ဥယျာဉ်၌ ကြည့်ရှုလေ့လာစဉ်။

ထို့နောက် ကျေးရွာစာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လည်ပတ်မှုပုံစံကို ကြည့်ရှုလေ့လာကြပြီး ကမ္ဘာ့အရှည်ဆုံးနံရံဆေးရေးပန်းချီ ဆရာ၏ ပန်းချီအလုပ်ခန်းကို ကြည့်ရှုလေ့လာကာ "ချစ်ကြည်ရေးပန်းချီ"ကို လက်တွေ့အတူရေးဆွဲကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျန်းယီဒေသ ယူနန်ယွမ်ဖန်းဇီဝလုပ်ငန်းစုတိုင်းရင်းဆေးထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက စက်ရုံသမိုင်းကြောင်း၊ သုတေသနပြုလုပ်ငန်းများ၊ စက်ရုံမှထွက်ရှိသည့် ဆေးဝါးနှင့် ထုတ်ကုန်ပစ္စည်းများ၊ အရောင်းရဆုံးဆေးဝါးထုတ်ကုန်များ၊ ဖြန့်ချိမှုအခြေအနေနှင့် နိုင်ငံတော်က ချီးမြှင့်သည့် ဆုတံဆိပ်ရရှိမှုများကို လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ လုပ်ငန်းကို ၂၀၀၂ ခုနှစ်တွင် စတင်ခဲ့ပြီး ကူမင်းမြို့၌ စက်ရုံတည်ထောင်ခဲ့ကာ ၂၀၁၄ ခုနှစ်တွင် ကုန်အမှတ်တံဆိပ်ဖြင့် စက်ရုံထွက်ဆေးဝါးပစ္စည်းများကို ရောင်းချခဲ့ကြောင်း၊ အဆိုပါစက်ရုံထွက်ထုတ်ကုန်များသည် သဘာဝဆေးပင်များကို အခြေခံထုတ်လုပ်ခြင်းဖြစ်ကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် ယူနန်ပြည်နယ် ချီကျင့်မြို့သို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ကျူးကျန်းယွမ်ထို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ကျန်းယီဆန်မုန့်လုပ်ငန်းသို့ ရောက်ရှိကြရာ အလုပ်ရုံပိုင်ရှင်က ဆန်မုန့်ပြုလုပ်ပုံ လုပ်ငန်းစဉ်အဆင့်ဆင့်၊ ရှေးယခင်လက်ထက်က ဆန်မုန့်ပြုလုပ်သည့်လုပ်ငန်းသုံးပစ္စည်းများနှင့် ထုတ်လုပ်သည့် ဆန်မုန့်အမျိုးမျိုး ၃၀၀ ကျော်ကို ရှင်းလင်းပြသပြီး ဆန်မုန့်များကို လက်တွေ့ ပြုလုပ်ပြသသည်။

ယင်းနောက် ချီလင်ဒေသရှိ ချီလင်ရေပေါ်ဥယျာဉ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ဥယျာဉ်အတွင်းပန်းပေါင်းစုံနှင့် အပင်ပေါင်းစုံပေါက်ရောက် ရှင်သန်မှု၊ ရာသီအလိုက်အပင်များ စိုက်ပျိုးမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းထားရှိမှုနှင့် အပန်းဖြေလေ့လာစရာနေရာအဖြစ် တည်ဆောက်ထားမှုနှင့် ကုန်းပြင်မြင့်ပေါ်တွင် တည်ရှိသည့် ရေပေါ်ဥယျာဉ်တစ်ခုဖြစ်မှုတို့ကို ရှင်းလင်းတင်ပြပြီး ရေပေါ်ဥယျာဉ်အတွင်း လှည့်လည် ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ရေပေါ်ဥယျာဉ်သည် ဧက ၂၀၀၀ ကျော် အကျယ်ဝန်းပြီး အခြားပန်းမျိုးစုံအပါအဝင် ကြာအမျိုးပေါင်း ၁၃၀ ကျော်နှင့် ပြောင်းဖူးစိုက်ခင်းများ၊ သီးနှံစိုက်ခင်းများ စိုက်ပျိုးထားရှိသည်။ ပန်းဥယျာဉ်အတွင်း လမ်းလျှောက်ခြင်း၊ လှေစီးခြင်း၊ စက်ဘီးနင်းခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များပါရှိပြီး ဘာဂီများဖြင့် လှည့်လည်လေ့လာနိုင်ကာ နေ့စဉ်ခရီးသွားဧည့်သည်အများအပြားလာရောက်ကြောင်း သိရသည်။

ညပိုင်းတွင် ချီကျင့်မြို့ ပါတီဗဟိုကော်မတီအတွင်းရေးမှူး Yang Bin က ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ချီကျင့်မြို့ရှိ Guanfang ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းကျေးဇူးခံသည်။

အလားတူ ကိုယ်စားလှယ်အဖွဲ့တွင် ပါရှိသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အကအဖွဲ့သည် ကူမင်းမြို့တွင် ကျန်ရှိပြီး တောင်ပိုင်းဒေသညချမ်းနှင့် ချည် Show ပိုးဖဲ အနီးအနား တဖွဖွစွေးရောင်းပွဲတော်တွင် ပါဝင်ဖျော်ဖြေတင်ဆက်ကပြခြင်း၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ မြန်မာလက်မှုပညာထုတ်ကုန်ပစ္စည်းများနှင့် မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝနှင့် ခရီးစဉ်ဒေသများ၊ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းပြခန်းများကို ဆက်လက်ခင်းကျင်းပြသခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

☆ ရွေဖုံးမှ

အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စပါးမျိုးကွဲများအနေဖြင့် အောင်နိုင်တိုး၊ ဆင်းသုခ၊ GW-11၊ ဇရာမင်း၊ ကျော်ဇေယျ၊ ပေါ်ဆန်းရင် စသည့် စပါးမျိုးများကို စိုက်ပျိုးထားကြောင်း သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းက ပြောသည်။

ယခင်နှစ် မိုးစပါးရာသီတွင် သရက်ချောင်းမြို့နယ်၌ မိုးစပါး စိုက်ဧကပေါင်း ၂၆၀၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး မိုးစပါးတစ်ဧက အထွက်နှုန်းပျမ်းမျှ ၇၄ ဒသမ ၅၇ တင်းနှုန်းဖြင့် တင်းပေါင်း ၁၉၄၀၀၃ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)



ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၇

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ကျန် ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။ **မိုး/ဇလ**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဥတ္တရသီရိမြို့နယ် ဘုရားကုန်းကျေးရွာရှိ ဦးရဲနိုင်ဦး၏ မွေးမြူရေးခြံ၌ ဒေသဆိတ်မျိုးများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ဒေသတွင်း အသား၊ ငါးဖူလုံမှုရှိစေရေးအတွက် တစ်ပိုင်တစ်နိုင်မွေးမြူရေးမှ စီးပွားဖြစ်မွေးမြူရေး အဆင့်အထိ တိုးချဲ့ဆောင်ရွက်ကာ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာ နေ တောင်သူ ဦးကျော်ရွှေ၏ ကွင်းအမှတ်(၁၈၈၈) ၌ စိုက်ပျိုးရေးဆိုင်ရာပညာရှင်များက နှမ်းရိုး၊ မြေပဲရိုး၊ ပြောင်းရိုးနှင့် နေကြာရိုးများအသုံးပြု၍ သဘာဝမြေဆွေးပုံပြုလုပ်နည်း လက်တွေ့သရုပ်ပြသနေမှုနှင့် (၂၁) သစ်စက်ကျေးရွာနေ တောင်သူ ဦးအောင်မြင့်သန်း၏ ကွင်းအမှတ် (၁၈၉၂) ကွင်း၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ လက်တွေ့သရုပ်ပြ ရောစပ်ကြဲပက်နေမှုကို လည်းကောင်း၊ ဇလောင်း (မြောက်) ကျေးရွာနေ ဦးကျော်မြင့်ထွန်း၏ သရက်ဇုန်အတွင်း ကော်ဖီစိုက်ပျိုးထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပဲခူးမြို့နယ်ရှိ မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဈေးနှုန်းသက်သာသော ဓာတ်မြေဩဇာများ ပေးအပ်



ပဲခူး စက်တင်ဘာ ၇

ပဲခူးမြို့ ကတွင်းခြံကျေးရွာအုပ်စု၌ စက်တင်ဘာ ၅ ရက်က ပဲခူးမြို့နယ်ရှိ မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဈေးနှုန်းသက်သာသော ဓာတ်မြေဩဇာများ ပေးအပ်ခြင်းအခမ်းအနားကို ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ယခုနှစ်တွင် မိုးစပါးစိုက်ဧကများ ပန်းတိုင်အထွက်နှုန်း ပိုမိုတိုးတက်ရရှိစေရေး ဘက်ပေါင်းစုံမှ နည်းလမ်းပေါင်းစုံဖြင့် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ တောင်သူများအနေဖြင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိမှသာ မိသားစုဝင်ငွေတိုးတက်လာမည်ဖြစ်ကြောင်း၊ မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဈေးနှုန်းသက်သာသော ဓာတ်မြေဩဇာများကို ပေးအပ်ရခြင်းဖြစ်ပြီး တောင်သူကိုယ်တိုင်လုပ် သဘာဝမြေဩဇာဖြင့် အချိုးညီ အချိန်ကိုက် ရောစပ်ကြဲပက်သွားရမည်ဖြစ်ကာ မြေလပ်မရှိ သီးနှံစိုက်စွမ်းအား၊ သီးထပ်စွမ်းအား တိုးတက်စေရေး ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရေ၊ မြေ၊သဘာဝနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးသွားရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုး၊ မြေ၊ ရေ၊ နည်းပြည့်စုံကောင်းမွန်စေရေး အလေးထားဆောင်ရွက်သွားကြစေလိုကြောင်းနှင့် မိုးစပါးဖျက်ပိုးဖြစ်သည့် ရွှေခရုနှိမ်နင်းရေးအတွက် တောင်သူအစုအဖွဲ့စနစ်ဖြင့် ဘဲမွေးမြူ၍ မိုးစပါးစိုက်ခင်းအတွင်း လွှတ်ကျောင်းစနစ်ဖြင့် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ကတွင်းခြံကျေးရွာအုပ်စုနှင့် စိုင်တီကျေးရွာအုပ်စုရှိ မိုးစပါးစိုက်တောင်သူများအတွက် သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ရာ ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် တက်ရောက်လာသည့် မိုးစပါးစိုက်တောင်သူများက စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သရက်မြို့နယ်၌ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေး အခမ်းအနား ကျင်းပ

သရက် စက်တင်ဘာ ၇

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်၌ ဆီထွက်သီးနှံများ ပန်းတိုင် အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေး အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မုံရွာလီကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ အတွင်း၌ ဆောင်ရွက်ခဲ့သည်။

ရှင်းလင်းပြောကြား

အဆိုပါ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးငွေဆန်းက အမှာ စကားပြောကြားခဲ့ပြီး ဆီထွက်ဇုန် (၂) တာဝန်ခံ ဦးသိန်းနိုင်ဝင်းက



မြေပဲ၊ နှမ်း၊ နေကြာသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး (မျိုး၊ မြေ၊ ရေ) နည်းဖြင့် ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် AI နည်းပညာဖြင့် စိုက်ပျိုးနည်းပညာများရယူခြင်း၊ အသုံးပြုခြင်းများ ရှင်းလင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန သရက်ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ခရိုင်အဆင့် မြေ၊ မျိုး တာဝန်ခံများက မိမိတို့ဆောင်ရွက်ရမည့်နည်းလမ်းများကို ပညာပေးဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❍ ပေါင်မြို့နယ်မှ

တစ်နှစ်အကြာတွင် ရောင်းတန်းဝင် နဂါးမောက်သီးများကို စတင်ဆွတ်ခူးရောင်းချရကြောင်းနှင့် တစ်နှစ်လျှင် ငါးကြိမ်ခန့် အသီးများလှိုင်လှိုင်သီးကြောင်း၊ ပေါင်မြို့နယ် အလှပ်ကျေးရွာမှ တစ်ပိုင်တစ်နိုင် နဂါးမောက်သီးနှံစိုက်ပျိုးသည့် ဒေသခံတောင်သူတစ်ဦးက ပြောသည်။

နဂါးမောက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းသည် နှစ်ရှည်သီးနှံဖြစ်၍ ဂရုတစိုက် ပြုစုပျိုးထောင်စိုက်ပျိုးပါက မိသားစုဝင်ငွေ တိုးပွားစေမည့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင် အတန်းလိုက် စိုက်ပျိုးရပြီး တစ်ပင်နှင့်တစ်ပင် အနည်းဆုံး ခြောက်ပေကွာ စိုက်ပျိုးလေ့ရှိကြောင်း၊ အသီးအပွင့်များ စတင်ထွက်ရှိလာပါက စင်များပြုလုပ်ပေးရကြောင်း၊ နဂါးမောက်သီးတွင် အဖြူသီးနှင့် အနီသီးဟူ၍ နှစ်မျိုးရှိပြီး အဖြူသီးသည် ချိုပြီးအရသာရှိကာ အနီးသီးသည် ကျန်းမာရေးအတွက် ဆေးဘက်ဝင်၍ ပုံမှန်မှီဝဲ စားသုံးပါက အစာချေဖျက်အားကောင်းပြီး ဆီး၊ ဝမ်း မှန်စေသည့်အပြင် သွေးတိုး၊ ဆီးချိုရောဂါရှိသူများ စားသုံးပါက ကျန်းမာရေးကောင်းမွန်စေကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



ဥတ္တရသီရိမြို့နယ်၌ ကော်ဖီသီးနှံစိုက်ပျိုးနိုင်ရေး အသိပညာပေး ဆွေးနွေး

ဥတ္တရသီရိ စက်တင်ဘာ ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် အမြန်လမ်းသရက်ဇုန်မှ ခြံတာဝန်ခံများအား ကော်ဖီသီးနှံများစိုက်ပျိုးနိုင်ရေး အသိပညာပေးဆွေးနွေးခြင်းကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက မောင်းရမ်းကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ကျော်ဦး၊ ဒုတိယတိုင်းဦးစီးမှူး ဦးစိုးနိုင်၊ ကော်ဖီရာသီ ဌာန (ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောဝင်းနောင်နှင့် တာဝန်ရှိသူများက ဥတ္တရသီရိမြို့နယ် အမြန်လမ်းသရက်ဇုန်မှ ခြံတာဝန်ခံများအား နှစ်ရှည်ပင်များအဖြစ် သရက်ပင်များကို အဓိကထားစိုက်ပျိုးထားသူများဖြစ်သဖြင့် ဒေသရေမြေ ရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းသော မျိုးကောင်းမျိုးသန့် (Robusta Coffee) ရိုဘတ်စတာ ကော်ဖီသီးနှံကို တိုးချဲ့စိုက်ပျိုးရန် နည်းပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

နောင်ချိုမြို့နယ်တွင် ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် အသက် ၁၅ နှစ်အောက်ကလေးများအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်ပေးလျက်ရှိ

နောင်ချို စက်တင်ဘာ ၇

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှု တိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲ ၂၄ ခု ပြန်လည်ဖွင့်လှစ်ထားရှိပြီး အားဖြည့်ဆောင်ရွက်လျက်ရှိသည်။



နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများက နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများကို ကွင်းဆင်းပြီး ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်နိုမ်နင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ပြန်လည်အားဖြည့်ဆောင်ရွက်ရန်အတွက် Big Catch-up၊ Routine Catch-up နည်းလမ်းများဖြင့် အမီလိုက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ၊ အသက် ၁၅ နှစ်အောက်ကလေးများအား လိုအပ်သောကာကွယ်ဆေးများအား အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးလုပ်ငန်းများ (Special Immunization Activities)၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ ဖြစ်ပွားချိန်တွင် တုံ့ပြန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများ (Outbreak Response Immunization) စသည့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများကို ကလေးတိုင်းဆီရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၆ ရက်အထိ နောင်ချိုမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများက နောင်ချိုမြို့ပေါ်နှင့် ကျေးရွာများရှိ ကျောင်းပေါင်း ၇၆ ကျောင်းနှင့် ကျောင်းသားပေါင်း ၁၂၀၇၈ ဦးအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး မြို့ပေါ်နှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၂၄၁၉ ဦးအား လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းအား ပြန်လည်အားဖြည့်ဆောင်ရွက်လျက်ရှိပြီး အသက်ငါးနှစ်အောက် ကလေးငယ်များအား ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက်-ကျိုက်သိုးရောဂါကာကွယ်ဆေး၊ ကျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေး (အစက်ချဆေး၊ ထိုးဆေး) တို့ကိုလည်းကောင်း၊ အသက်ငါးနှစ်မှ ခုနစ်နှစ်အရွယ် ကလေးများအား မေးခိုင်-ဆုံဆို့ရောဂါကာကွယ်ဆေး၊ ဝက်သက်-ကျိုက်သိုးရောဂါကာကွယ်ဆေး၊ ကျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေး (အစက်ချဆေး)တို့ကိုလည်းကောင်း၊ အသက်ခုနစ်နှစ်မှ ၁၅ နှစ်အရွယ်ကလေးများအား မေးခိုင်-ဆုံဆို့ရောဂါကာကွယ်ဆေး၊ ဝက်သက်-ကျိုက်သိုးရောဂါကာကွယ်ဆေး၊ ကျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးတို့ကိုလည်းကောင်း ထိုးနှံတိုက်ကျွေးပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ကလေးစုစုပေါင်း ၁၂၀၉၇ ဦးအား လိုအပ်သောကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးနိုင်ခဲ့သည်။

ထို့အတူ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၀ ရက်မှစ၍ နောင်ချိုမြို့ “မြနန်းတော်ဝင်” မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂ ရက် နံနက်ပိုင်းမှစ၍ ပြန်လည်ဖွင့်လှစ်ပြီး လူနာများအား လက်ခံကုသပေးခြင်းနှင့် အရေးပေါ်ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသားပြည်သူများ လာရောက်ကုသမှုခံယူလျက်ရှိကာ ဇူလိုင် ၂၀ ရက်မှ စက်တင်ဘာ ၆ ရက်အထိ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံတွင် ပြင်ပလူနာ ၃၄၅၀ နှင့် အတွင်းလူနာ ၃၇၈ ဦးအား လိုအပ်သောကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြို့ပင်ကောက်မြို့နယ်၌ အနာကြီးရောဂါအကြောင်းအသိပညာပေး ဆွေးနွေးပွဲနှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

ကြို့ပင်ကောက် စက်တင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ရွာမမြောက်ရပ်ကွက် ဇမ္ဗူအေးစေတီတော်ဘုရားပရိဝုဏ်အတွင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနာကြီးရောဂါ တိုက်ဖျက်ရေးဌာနက အနာကြီးရောဂါ အကြောင်းအသိပညာပေး ဆွေးနွေးပွဲနှင့် အခမဲ့ ဆေးကုသပေးခြင်းကို စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။



မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာထွန်းထွန်းစိုးက အနာကြီးရောဂါနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အနာကြီးရောဂါ တိုက်ဖျက်ရေးဌာနအဖွဲ့ခေါင်းဆောင် ဒေါက်တာမေဇော်က အနာကြီးရောဂါစတင်ကူးစက်ဖြစ်ပေါ်လာပုံနှင့် ဖြစ်ပေါ်လာပါက ပျောက်ကင်းစေရန် ကျန်းမာရေးဌာနတွင် အခမဲ့လာရောက်ကုသနိုင်ကြောင်းနှင့် ကုသရမည့် နည်းစနစ်တို့ကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အနာကြီးရောဂါတိုက်ဖျက်ရေးဌာနမှ အနာကြီးရောဂါ စောင့်ရှောက်ရေးမှူး ဦးစိုးနိုင်က အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကြို့ပင်ကောက်မြို့တွင် အနာကြီးရောဂါဖြစ်ပွားလျက်ရှိသော လူနာများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၆ ရက်က ကလောခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စောဦးနှင့် ဦးစီးတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက ကလောမြို့မဟာဓမ္မိကာရာမ သိမ်တောင်ပရိယတ္တိစာသင်တိုက်ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်လတ် ဦးဆောင်၍ အမှတ်(၁)နယ်မြေရဲစခန်းမှူး ရဲအုပ်ထွန်းလွင်နှင့် တပ်ဖွဲ့ဝင် ၂၀ တို့သည် စက်တင်ဘာ ၆ ရက်က ပြည်မြို့ အထက(၁)အားကစားကွင်းအတွင်း စုပေါင်းသန့်ရှင်း ရေးဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



အလုပ်တွင် ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု(ငွေလုံးငွေရင်း) ထုတ်ပေး

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် Max Energy ဆီဆိုင်မှ အာမခံအလုပ်သမား ဒေါ်အိသက်မွန်၏ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်း (ငွေလုံးငွေရင်း)ထုတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားပြီး လုပ်ငန်းခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်း(ငွေလုံးငွေရင်း)ကို အာမခံအလုပ်သမား ဒေါ်အိသက်မွန်၏ အကျိုးခံစားခွင့် ငွေ ၄၆၀၃၄၇၁ ဒသမ ၃၂ ကျပ်ကို ငင်းထံသို့ အလုပ်ငှာနတာဝန်ရှိသူများ၊ အလုပ်သမားရေးရာညှိနှိုင်းရေးကော်မတီ(WCC)အဖွဲ့ဝင်များ၊ မိသားစုဝင်များရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

မင်းသိန်းထွန်း

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

စနစ်သစ်နှင့် ရွေးကောက်ပွဲဆီသို့ (၂)

မဲဆန္ဒရှင်တစ်ဦး

နိဒါန်း

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲကို အပိုင်းလိုက်ခွဲ၍ ဆောင်ရွက်ပါမည်။ လွှတ်တော်အလိုက် မဲဆန္ဒနယ်မြေများစာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် သတ်မှတ်ကြေညာခဲ့ပါသည်။ ပထမပိုင်းအတွက် ရွေးကောက်ပွဲကျင်းပမည့် မြို့နယ် ၁၀၂ မြို့နယ်စာရင်းကို ၂၀-၈-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အပိုင်းလိုက် ဆန္ဒမဲပေးရမည့် နေ့ရက်နှင့် မြို့နယ်များစာရင်းကို ဆက်လက် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲစနစ်သစ်အတွက် အဓိကအချက်များ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၄၅/၂၀၂၅ ၊ ၄၆/၂၀၂၅၊ ၄၇/၂၀၂၅ တို့ဖြင့် ၂၉-၇-၂၀၂၅ ရက်နေ့တွင် လွှတ်တော် ၃ ရပ်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေကို ဆဋ္ဌမအကြိမ် ပြင်ဆင်သည့် ဥပဒေများကို ပြဋ္ဌာန်းခဲ့ပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကလည်း အမိန့်ကြော်ငြာစာ အမှတ် ၅၀/၂၀၂၅ ၊ ၅၁/၂၀၂၅ ၊ ၅၂/၂၀၂၅ တို့ဖြင့် လွှတ်တော် ၃ ရပ်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေများကို ၇-၈-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ပြည်သူ့လွှတ်တော်အတွက် ယခင်အတိုင်း FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအတွက် FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ထားသည့် MMP စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။ MMP စနစ်ဆိုသည်မှာ ရောနှောထားသည့်စနစ်များအုပ်စုတွင် ပါဝင်သည့် စနစ်တစ်မျိုးဖြစ်ပါသည်။ မတူညီသော ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ကျင့်သုံးခြင်းဖြစ်သည်။ သာမန်အားဖြင့် ဗဟုအများစုကိုယ်စားပြုစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်သည်။ အဓိကအားဖြင့် FPTP စနစ်နှင့် PR စနစ်တို့ကိုပေါင်းစပ်ပြီး မဲဆန္ဒနယ်နှင့် ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက် ခွဲခြား၍ ကျင့်သုံးခြင်းဖြစ်ပါသည်။

လာမည့်ရွေးကောက်ပွဲအတွက် MMP စနစ် ကျင့်သုံးရာတွင် ဥပဒေမူဘောင်၊ မဲဆန္ဒနယ်သတ်မှတ်ခြင်း၊ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း၊ ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခြင်း၊ ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရလဒ်များ ပေါင်းစည်းတွက်ချက်ခြင်း၊ မဲဆန္ဒနယ်ကိုယ်စားပြုခြင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခြင်း၊ ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်း၊ PR လစ်လပ်ကိုယ်စားလှယ်နေရာ အစားထိုးဖြည့်စွက်ခြင်းတို့သည် စနစ်သစ်ဖြင့်ကျင်းပမည့် ရွေးကောက်ပွဲအတွက် အဓိကကျသော ရွေးကောက်ပွဲလုပ်ငန်းစဉ်များဖြစ်ပါသည်။

ဥပဒေမူဘောင်

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သည့် ရွေးကောက်ပွဲစနစ် ကျင့်သုံးရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပါ။ သို့သော် လွှတ်တော်ဖွဲ့စည်းခြင်း ပြဋ္ဌာန်းချက်များအရ သင့်လျော်သော ရွေးကောက်တင်မြှောက်ပုံစနစ်ကို ရွေးချယ်ကျင့်သုံးခြင်းဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်း ပြဋ္ဌာန်းချက်အရ လျော်ကန်သည့် FPTP စနစ်ဖြင့် ယခင်အတိုင်း တစ်မြို့နယ်လျှင် ကိုယ်စားလှယ်တစ်ဦးကျစီဖြင့် ကိုယ်စားလှယ် ၃၃၀ ကို ရွေးကောက်တင်မြှောက်ခြင်းဖြစ်ပါသည်။

အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်း ပြဋ္ဌာန်းချက်အရ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တူညီသော ကိုယ်စားလှယ်အရေအတွက် ၁၂ ဦးကျစီ ရွေးကောက်တင်မြှောက်ရသဖြင့် FPTP အားသာချက်ရော PR အားသာချက်ပါရရှိမည့် MMP ကျင့်သုံးခြင်းဖြစ်ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသခြောက်ခုအတွက်လည်း FPTP မဲဆန္ဒနယ် တစ်နယ်စီ သတ်မှတ်ပြီး ကိုယ်စားလှယ် တစ်ဦးကျစီ ရွေးကောက်ရမည်ဖြစ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ဖွဲ့စည်းခြင်း ပြဋ္ဌာန်းချက်အရ တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ဖြစ်သဖြင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် FPTP မဲဆန္ဒနယ်နှင့် PR မဲဆန္ဒနယ်များ သတ်မှတ်ပြီး MMP ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များအတွက်လည်း FPTP စနစ်ဖြင့် ရွေးကောက်ရမည်ဖြစ်ပါသည်။

မဲဆန္ဒနယ်သတ်မှတ်ခြင်း

MMP စနစ်အရ လွှတ်တော်အလိုက် မဲဆန္ဒနယ်အမျိုးအစား နှစ်မျိုးရှိသည်။ ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ရမည့် FPTP မဲဆန္ဒနယ်များဖြစ်သည်။ မဲဆန္ဒနယ်များ၏ ပုံသဏ္ဌာန် သုံးမျိုးရှိသည်။ မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်သတ်မှတ်သည့်ပုံစံ၊ တစ်ဆက်တစ်စပ်တည်းရှိသော မြို့နယ်များကို စုစည်း၍ မဲဆန္ဒနယ်တစ်နယ် သတ်မှတ်သည့်ပုံစံ၊ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလုံးကို မဲဆန္ဒနယ်တစ်နယ်သတ်မှတ်သည့်ပုံစံတို့ဖြစ်သည်။ ပြည်သူ့လွှတ်တော်အတွက် တစ်မြို့နယ်လျှင် FPTP မဲဆန္ဒနယ်တစ်နယ်စီဖြင့် မဲဆန္ဒနယ် ၃၃၀ သတ်မှတ်ပါသည်။

အမျိုးသားလွှတ်တော်အတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် တစ်ဆက်တစ်စပ်တည်းရှိသော မြို့နယ်များကိုစုစည်း၍ FPTP မဲဆန္ဒနယ် ခြောက်နယ် သတ်မှတ်ပါသည်။ ယင်း FPTP မဲဆန္ဒနယ်များကိုစုစည်း၍ PR မဲဆန္ဒနယ်တစ်နယ် သို့မဟုတ် အများဆုံးသုံးနယ် သတ်မှတ်ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသပါဝင်သော ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတစ်ခုစီအတွက် မူလ FPTP မဲဆန္ဒနယ် ခြောက်နယ်တွင် တစ်နယ်စီ ပါဝင်ပါသည်။ PR မဲဆန္ဒနယ်တစ်နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ပြည်နယ် ငါးခု၊ PR မဲဆန္ဒနယ် နှစ်နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခု၊ PR မဲဆန္ဒနယ်သုံးနယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ပြည်နယ် သုံးခု ဖြစ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် တစ်မြို့နယ်လျှင် FPTP မဲဆန္ဒနယ် တစ်နယ်စီ သတ်မှတ်ပါသည်။ တစ်ဆက်တစ်စပ်တည်းရှိသော FPTP မဲဆန္ဒနယ်များကိုစုစည်း၍ PR မဲဆန္ဒနယ်များအဖြစ် သတ်မှတ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မြို့နယ်အရေအတွက်အပေါ်မူတည်ပြီး PR မဲဆန္ဒနယ်များကို အနည်းဆုံး တစ်နယ် သို့မဟုတ် လိုအပ်သလို သတ်မှတ်ပါသည်။ PR မဲဆန္ဒနယ် တစ်နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ပြည်နယ် ငါးခု၊ PR မဲဆန္ဒနယ် နှစ်နယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ပြည်နယ် နှစ်ခု၊ PR မဲဆန္ဒနယ် သုံးနယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ပြည်နယ် တစ်ခု၊ PR မဲဆန္ဒနယ် လေးနယ်သတ်မှတ်သည့် တိုင်းဒေသကြီး/ပြည်နယ် နှစ်ခု၊ PR မဲဆန္ဒနယ် ငါးနယ် သတ်မှတ်သည့် တိုင်းဒေသကြီး/ပြည်နယ် နှစ်ခု၊ PR မဲဆန္ဒနယ် ခြောက်နယ် သတ်မှတ်သည့် တိုင်းဒေသကြီး/ပြည်နယ် နှစ်ခု ဖြစ်ပါသည်။

သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်များအတွက် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလုံးကို FPTP မဲဆန္ဒနယ် တစ်နယ်အဖြစ် သီးခြားသတ်မှတ်ပါသည်။ တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ နယ်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဂ) နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဃ)တို့အရ မဲဆန္ဒနယ်များသတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်အတွက် FPTP မဲဆန္ဒနယ် ၃၃၀၊ အမျိုးသားလွှတ်တော်အတွက် FPTP မဲဆန္ဒနယ် ၈၄ နယ်နှင့် PR မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအတွက် FPTP မဲဆန္ဒနယ် ၃၂၂ နယ်၊ PR မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းရင်းသားလူမျိုး FPTP မဲဆန္ဒနယ် ၂၉ နယ်၊ မဲဆန္ဒနယ်စုစုပေါင်း ၈၃၃ နယ်ဖြစ်ပါသည်။

ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း

ပြည်သူ့လွှတ်တော် FPTP မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းသည် မဲဆန္ဒနယ်နှင့်သက်ဆိုင်သည့် ပြည်ထောင်စုနယ်မြေကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်းတင်သွင်းရမည်။ တစ်သီးပုဂ္ဂလများလည်း အမည်စာရင်းတင်သွင်းနိုင်ပါသည်။

အမျိုးသားလွှတ်တော် FPTP နှင့် PR မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်းတင်သွင်းရပါမည်။ FPTP မဲဆန္ဒနယ်တွင် ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီများသည် ယင်း FPTP မဲဆန္ဒနယ် အကျုံးဝင်သည့် PR မဲဆန္ဒနယ်အတွက်လည်း ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်အရေအတွက်အတိုင်း အမည်စာရင်းတင်သွင်းရပါမည်။ အရေအတွက် လျော့ပေါ့တင်သွင်း၍ မရပါ။ MMP စနစ်အတွက် အဓိက အချက်ဖြစ်ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတစ်ခုစီအတွက် FPTP မဲဆန္ဒနယ်တစ်နယ်စီ သီးခြားပါဝင်ပြီး ယင်း FPTP မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ ဖြစ်သင့်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် FPTP နှင့် PR မဲဆန္ဒနယ်များအတွက် ကော်မရှင်က သတ်မှတ်ပေးသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်း တင်သွင်းရပါသည်။ အမျိုးသားလွှတ်တော်နည်းတူ FPTP မဲဆန္ဒနယ်နှင့် PR မဲဆန္ဒနယ်များအတွက် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အမည်စာရင်း တင်သွင်းရပါသည်။ တိုင်းရင်းသားလူမျိုး FPTP မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်း တင်သွင်းရပါသည်။

❖ MMP စနစ်အရ လွှတ်တော်အလိုက် မဲဆန္ဒနယ်အမျိုးအစား နှစ်မျိုးရှိသည်။ ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ရမည့် FPTP မဲဆန္ဒနယ်များနှင့် တစ်ဦးထက်ပိုသော ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရမည့် PR မဲဆန္ဒနယ်များဖြစ်

❖ မဲဆန္ဒနယ်များ၏ပုံသဏ္ဌာန် သုံးမျိုးရှိသည်။ မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်သတ်မှတ်သည့် ပုံစံ၊ တစ်ဆက်တစ်စပ်တည်းရှိသော မြို့နယ်များကိုစုစည်း၍ မဲဆန္ဒနယ်တစ်နယ် သတ်မှတ်သည့်ပုံစံ၊ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလုံးကို မဲဆန္ဒနယ်တစ်နယ်သတ်မှတ်သည့်ပုံစံတို့ဖြစ်သည်။ ပြည်သူ့လွှတ်တော်အတွက် တစ်မြို့နယ်လျှင် FPTP မဲဆန္ဒနယ်တစ်နယ်စီဖြင့် မဲဆန္ဒနယ် ၃၃၀ သတ်မှတ်

ယခုအခါ ပြည်ထဲရေးဝန်ကြီးဌာန၏ ခရိုင်များတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းအရ မူလခရိုင်များအပြင် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသည့် ခရိုင်အသစ်များလည်း ပေါ်ပေါက်လာပါသည်။ ခရိုင်များတိုးချဲ့ဖွဲ့စည်းလိုက်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရမည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများသတ်မှတ်ချက်ကို ကော်မရှင်က ၂၆-၈-၂၀၂၅ ရက်နေ့တွင် နိုင်ငံရေးပါတီများသို့ အသိပေးအကြောင်းကြားစာ ပေးပို့ခဲ့ပါသည်။ ကော်မရှင်က သတ်မှတ်သည့်ခရိုင်များတွင် ကိုယ်စားလှယ်လောင်းအမည်စာရင်းများ တင်သွင်းရမည်ဖြစ်ပါသည်။ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရာတွင် ကော်မရှင်က သတ်မှတ်ကြေညာလိုက်သည့် မဲဆန္ဒနယ်အားလုံးအတွက် တင်သွင်းနိုင်မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲကို အပိုင်းလိုက်ခွဲဆောင်ရွက်ခြင်းမှာ ဆန္ဒမဲပေးရမည့်ရက်ကိုသာ ခွဲခြားသတ်မှတ်ခြင်းဖြစ်ပါသည်။

မဲဆန္ဒနယ်အသီးသီးအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင်တင်သွင်းနိုင်သည့်ရက်မှာ ၈-၉-၂၀၂၅ ရက်နေ့ဖြစ်ပြီး နောက်ဆုံးတင်သွင်းရမည့်နေ့ရက်မှာ ၁၇-၉-၂၀၂၅ ရက်နေ့အထိ ၁၀ရက်ဖြစ်ပါသည်။ အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက်မှာ ၁၂-၉-၂၀၂၅ ရက်နေ့ဖြစ်ပါသည်။ PR မဲဆန္ဒနယ်များအတွက် အမည်စာရင်းရုပ်သိမ်းပါက ပြန်လည်အစားထိုးတင်သွင်းရမည့်ရက်မှာ ၁၃-၉-၂၀၂၅ ရက်နေ့မှ ၁၇-၉-၂၀၂၅ ရက်နေ့အထိ ဖြစ်ပါသည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများက အမည်စာရင်းတင်သွင်းလွှာများကို စိစစ်မည့်နေ့ရက်မှာ ၁၈-၉-၂၀၂၅ ရက်နေ့မှ ၄-၁၀-၂၀၂၅ ရက်နေ့အထိ ၁၇ ရက်ဖြစ်ပါသည်။ ကော်မရှင်က သတ်မှတ်ကြေညာလိုက်သည့်ရက်အတွင်း ကိုယ်စားလှယ်လောင်းအမည်စာရင်း **စာမျက်နှာ ၇ သို့ ❍**

❍ စာမျက်နှာ ၆ မှ

တင်သွင်းခြင်းနှင့် စိစစ်ခြင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

PR မဲဆန္ဒနယ်သည် ပါတီအချိုးကျကိုယ်စားပြု စနစ်အတွက် သတ်မှတ်ခြင်းဖြစ်သဖြင့် တစ်သီးပုဂ္ဂလများ ပါဝင်၍မရပါ။ တစ်သီးပုဂ္ဂလများအနေဖြင့် လွှတ်တော်သုံးရပ်စလုံးအတွက် FPTP မဲဆန္ဒနယ်များတွင်သာ ယှဉ်ပြိုင်နိုင်မည်ဖြစ်ပါသည်။

မဲဆွယ်စည်းရုံးခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၆ အရ နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ လွှတ်လပ်စွာစည်းရုံးခွင့်ရှိသည်။ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၁ အရလည်း ပါတီမှတ်ပုံတင်ခွင့်ရသည့်နေ့မှစ၍ ပါတီဝင်အင်အား စုဆောင်းခြင်းနှင့် ပါတီစည်းရုံးရေးလုပ်ငန်းများကို ပါတီစည်းမျဉ်းနှင့်အညီ ဆောင်ရွက်နိုင်ပါသည်။

ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို ယခင်ရွေးကောက်ပွဲများတွင် ကော်မရှင်က ညွှန်ကြားချက်ဖြင့် ထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။ ယခု လာမည့်ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း စည်းကမ်းတကျဆောင်ရွက်နိုင်ရန်၊ ရွေးကောက်ပွဲပြစ်မှုများ၊ အငြင်းပွားမှုများနှင့် ဥပဒေချိုးဖောက်မှုများ လျော့နည်းစေရန်အတွက် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် ပုဒ်မ ၃၀ - က ဖြင့် ဖြည့်စွက်ပြဋ္ဌာန်းထားပါသည်။ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို နည်းဥပဒေတွင် ပါသည်။ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို နည်းဥပဒေတွင် လည်း သီခြားအခန်းတစ်ခန်းဖြင့် ပြဋ္ဌာန်းထားပါသည်။

လွှတ်တော် ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များက ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်ကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်ဖြစ်ပါသည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရပါမည်။ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် တရားမဲ့ပြုကျင့်မှုများကို မကျူးလွန်မိစေရန် အထူးသတိပြုရပါမည်။ နိုင်ငံရေးပါတီများကလည်း အပြန်အလှန် စောင့်ကြည့်ထိန်းကျောင်းရန် လိုအပ်ပါသည်။ ပါတီက ကျူးလွန်သည်ဖြစ်စေ၊ ကိုယ်စားလှယ်လောင်းက ကျူးလွန်သည်ဖြစ်စေ FPTP မဲဆန္ဒနယ်အတွက်ရော PR မဲဆန္ဒနယ်အတွက်ပါ သက်ရောက်မှုရှိမည်ဖြစ်ပါသည်။

ဆန္ဒမဲပေးခြင်း

လာမည့် စနစ်သစ်နှင့် ရွေးကောက်ပွဲတွင် မဲရုံအားလုံး၌ MEVM အီလက်ထရောနစ် မဲပေးစက်များဖြင့် ခလုတ်နှိပ်၍ မဲပေးကြရမည်ဖြစ်ပါသည်။ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများတွင် အကျိုးဝင်သော မဲစာရင်းပါရှိရာ မြို့နယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေရသော အတွင်းလူနာများ၊ ယာယီနေရပ်စွန့်ခွာနေရသူများနှင့် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများသည် နည်းဥပဒေပါ နည်းလမ်းအတိုင်း တောင်းဆို၍ ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ဘောလ်ပင်ဖြင့် အမှန် (✓) အမှတ်အသားပြု၍ ကြိုတင်ဆန္ဒမဲပေးနိုင်ပါသည်။

ရွေးကောက်ပွဲကျင်းပသောနေ့တွင် မဲဆန္ဒနယ်အတွင်းရှိသော်လည်း မဲရုံသို့ မလာရောက်နိုင်သည့် အနာကြီးရောဂါစွဲကပ်နေသူ၊ ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူ၊ အိုမင်းမစွမ်းသူ၊ သားဖွားနေသူ၊ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူ၊ ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူ၊ မဲစာရင်းပါရှိရာ ဒေသမှ ကျော်လွန်၍ ယာယီတာဝန်ထမ်းဆောင်ရသည့် နိုင်ငံ့ဝန်ထမ်း၊ တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတွင် နည်းဥပဒေပါ နည်းလမ်းအတိုင်း ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ပါသည်။

မဲဆန္ဒရှင်က ဆန္ဒမဲပေးရာတွင် ကြိုတင်မဲပေးခြင်းဖြစ်စေ၊ မဲပေးစက်ဖြင့် မဲပေးခြင်းဖြစ်စေ နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာ ဆန္ဒပြုမဲပေးရမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်က ယခင် ရွေးကောက်ပွဲများအတိုင်း ကိုယ်စားလှယ်လောင်းကို တစ်ကြိမ် ဆန္ဒမဲပေးရုံဖြင့် FPTP ကိုယ်စားလှယ်ရော PR ကိုယ်စားလှယ်အတွက်ပါ တစ်ဆက်တည်း ရွေးကောက်တင်မြှောက်ပေးနိုင်မည်ဖြစ်ပါသည်။

ဆန္ဒမဲရလဒ်များ ပေါင်းစည်းတွက်ချက်ခြင်း

MMP စနစ်တွင် မဲဆန္ဒရှင်က နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်၊ ပါတီကို တစ်ကြိမ် မဲပေးရခြင်းရှိသကဲ့သို့ ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာမဲပေးရုံဖြင့် ကိုယ်စားလှယ်က ရရှိသည့်မဲကို ပါတီကရသည့်မဲအဖြစ် သတ်မှတ်သည့် ရိုးရှင်းသောနည်းလမ်းလည်း ကျင့်သုံးပါသည်။ ယခု ရွေးကောက်ပွဲဥပဒေတွင် မဲဆန္ဒရှင်က လွှတ်တော်မဲဆန္ဒနယ်အလိုက် FPTP ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာ မဲပေးရပါမည်။ ဆန္ဒမဲအများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းက FPTP မဲဆန္ဒနယ်အတွက် ရွေးကောက်ခံရမည် ဖြစ်ပါသည်။

ဤနေရာတွင် MMP စနစ်အရ FPTP ကနေ PR စနစ်ကို ကူးပြောင်းသည့်ပုံစံ အရေးကြီးပါသည်။ FPTP မဲဆန္ဒနယ် (အမျိုးသားလွှတ်တော်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသ မပါ) တွင် ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပါတီများက FPTP မဲဆန္ဒနယ်အကျိုးဝင်သည့် PR မဲဆန္ဒနယ်အတွက်လည်း ရွေးကောက်ရမည့် ကိုယ်စားလှယ်အရေအတွက်အတိုင်း အမည်စာရင်းတင်သွင်းရမည် ဖြစ်ပါသည်။ FPTP မဲဆန္ဒနယ်တွင် ကိုယ်စားလှယ်က ရရှိသည့် ဆန္ဒမဲကို PR မဲဆန္ဒနယ်အတွက် ပါတီကရရှိသည့် ဆန္ဒမဲအဖြစ် စုစည်းတွက်ချက်သွားမည် ဖြစ်ပါသည်။ PR မဲဆန္ဒနယ်အတွက် ပါတီအသီးသီးက စုစည်းရရှိသည့် ဆန္ဒမဲများအပေါ်မူတည်ပြီး ပါတီအများသိပြီးဖြစ်သော ရိုးရှင်းလွယ်ကူသည့် Closed List PR စနစ်၊ အနည်းဆုံးရရှိရမည့် အခြေခံမဲ Hare Quota တွက်နည်း၊ ကြွင်းကျန်မဲအများဆုံးနည်းလမ်း (The Largest Remainder Method) တို့ဖြင့် ပါတီအချိုးကျ PR ကိုယ်စားလှယ်များကို ဥပဒေအတိုင်း တွက်ချက်သွားမည်ဖြစ်ပါသည်။ ထိုသို့ တွက်ချက်ရာတွင် PR မဲဆန္ဒနယ်များသည် ပါတီအချိုးကျ ကိုယ်စားလှယ်များအတွက် သတ်မှတ်ခြင်းဖြစ်သဖြင့် FPTP မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလများရရှိသော ခိုင်လုံမဲများကို PR မဲဆန္ဒနယ်တွင် ထည့်သွင်း တွက်ချက်ခြင်းမပြုကြောင်း သိရှိထားရန်လိုပါသည်။

ဥပမာ - Closed List PR သဘောအရ မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်အရေအတွက်အတိုင်း ပါတီက ဦးစားပေးအစီအစဉ်ဖြင့် အမည်စာရင်းကို ကော်မရှင်ထံ ကြိုတင်တင်ပြရပါမည်။ အနည်းဆုံးရရှိရမည့် အခြေခံမဲ Hare Quota တွက်နည်းဆိုသည်မှာ ကိုယ်စားလှယ်ခြောက်ဦး ရွေးကောက်ရမည့် PR မဲဆန္ဒနယ်တွင် ခိုင်လုံမဲစုစုပေါင်း ၆၀၀၀၀ ဆိုပါစို့။ အခြေခံမဲ ၁၀၀၀၀ ရပါက ကိုယ်စားလှယ်တစ်ဦး ရွေးကောက်ခံရခြင်းဖြစ်ပါသည်။ အခြေခံမဲ Quota တစ် Quota ရလျှင် ကိုယ်စားလှယ်တစ်ဦးရခြင်းဖြစ်ပါသည်။ ကြွင်းကျန်မဲအများဆုံးနည်းလမ်း (The Largest Remainder Method) ဆိုသည်မှာ ပါတီရရှိသည့် ခိုင်လုံမဲကို Quota ဖြင့် စားခြင်း စားလဒ်အရ ကိုယ်စားလှယ်ဦးရေကို တွက်ချက်ခြင်းဖြစ်ပါသည်။ သာမန်အားဖြင့် ခိုင်လုံမဲစုစုပေါင်း ၆၀၀၀၀ တွင် A ပါတီက မဲ ၄၀၀၀၀ ရလျှင် ကိုယ်စားလှယ် လေးဦး၊ B ပါတီက မဲ ၂၀၀၀၀ ရလျှင် ကိုယ်စားလှယ် နှစ်ဦး ရမည့်သဘောဖြစ်ပါသည်။ Quota နည်းဖြင့် သတ်မှတ်ကိုယ်စားလှယ်ဦးရေ မပြည့်သေးပါက စားကြွင်းအရ ပါတီများ၏ ကြွင်းကျန်မဲများကို အများအနည်းအလိုက် ကိုယ်စားလှယ်တစ်ဦးကျစီ ဖြည့်စွက်ပေးခြင်းဖြစ်ပါသည်။

MMP အရ ဆန္ဒမဲရလဒ်များ ပေါင်းစည်းတွက်ချက်ခြင်းကို တိုင်းဒေသကြီး/ပြည်နယ် ကော်မရှင်အဖွဲ့ခွဲများက ဆောင်ရွက်မည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ ပါတီကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲလေ့လာသူများ၊ အသိသက်သေများ၊ မဲဆန္ဒရှင်များက စောင့်ကြည့်လေ့လာနိုင်ပါသည်။ ဤတွက်နည်းအရ မဲဆန္ဒရှင်က မဲတစ်ကြိမ်မဲပေးရုံဖြင့် FPTP မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ်များနှင့် PR မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ်များကိုပါ တစ်ဆက်တစ်စပ်တည်း ရွေးကောက်တင်မြှောက်နိုင်မည်ဖြစ်ပါသည်။ အလွန်ရိုးရှင်းလွယ်ကူပါသည်။

FPTP အတွက်ရော PR အတွက်ပါ မျှတသော ကိုယ်စားလှယ်အချိုး ရရှိနိုင်ပါသည်။

အမျိုးသားလွှတ်တော် ရွေးကောက်ပွဲအတွက် MMP စနစ်နမူနာပုံစံ

မြို့နယ်အရေအတွက်နည်းသော ပြည်နယ်တစ်ခုအတွက် ဥပမာပေးတင်ပြလိုပါသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး ရွေးကောက်တင်မြှောက်ရာတွင် FPTP မဲဆန္ဒနယ် ခြောက်နယ် သတ်မှတ်၍ ကိုယ်စားလှယ်တစ်ဦးကျစီဖြင့် ခြောက်ဦး ရွေးကောက်တင်မြှောက်ပါမည်။ ယင်းမဲဆန္ဒနယ် ခြောက်နယ်ကိုပေါင်း၍ ပြည်နယ်တစ်ခုလုံးအား PR မဲဆန္ဒနယ် တစ်နယ် သတ်မှတ်ပါမည်။ FPTP မဲဆန္ဒနယ်များမှ ပါတီကိုယ်စားပြုကိုယ်စားလှယ်များ ရရှိသည့်မဲများကို ပါတီက ရရှိသည့်မဲများအဖြစ် တွက်ယူပြီး PR မဲဆန္ဒနယ်အတွက် ပါတီအချိုးကျ ကိုယ်စားလှယ် ခြောက်ဦး ရွေးကောက်တင်မြှောက်ခြင်း နမူနာတွက်နည်းကို ဇယား (၁)၊ ဇယား (၂)၊ ဇယား (၃) တို့ဖြင့် ဖော်ပြအပ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များအတွက်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မဲဆန္ဒနယ်နှင့် ရွေးကောက်ရမည့် ကိုယ်စားလှယ် အရေအတွက်ပေါ် မူတည်၍ MMP စနစ်အရ ဤနမူနာတွက်နည်းအတိုင်းဖြစ်ပါသည်။

အမျိုးသားလွှတ်တော် MMP စနစ် ရွေးကောက်ပွဲ
ကိုယ်စားလှယ်နေရာ (၆) နေရာရှိသော PR မဲဆန္ဒနယ်အတွက် ပါတီအလိုက် ဦးစားပေး ကိုယ်စားလှယ်လောင်းစာရင်း

(A)ပါတီ	(B)ပါတီ	(C)ပါတီ	(D)ပါတီ	(E)ပါတီ
၁။ ဦးအေး	၁။ ဦးတင်	၁။ ဦးမျိုး	၁။ ဦးက	၁။ ဦးမြိုင်
၂။ ဦးအောင်	၂။ ဦးမှန်	၂။ ဦးတိုး	၂။ ဦးနိုး	၂။ ဦးဂ
၃။ ဦးမောင်	၃။ ဦးကြိုင်	၃။ ဒေါ်မူမူ	၃။ ဒေါ်ကြူ	၃။ ဒေါ်ဆ
၄။ ဒေါ်လှလှ	၄။ ဒေါ်ထွေး	၄။ ဒေါ်ကြိုင်	၄။ ဒေါ်နိုင်	၄။ ဒေါ်ဇ
၅။ ဦးလှ	၅။ ဒေါ်တင့်	၅။ ဦးကျော်	၅။ ဦးကော်	၅။ ဦးဃ
၆။ ဦးဝေ	၆။ ဒေါ်တင်	၆။ ဦးသူ	၆။ ဦးထိန်	၆။ ဦးင

တွက်ချက်မှုဇယား List PR (Closed List)

အနည်းဆုံးရရှိမည့် အခြေခံမဲ (Quota) = ၉၀၀,၀၀၀ / ၆ = ၁၅၀,၀၀၀

ပါတီ	ရရှိသည့် ဆန္ဒမဲပေါင်း	Quota အရ ပထမရရှိသည့် ကိုယ်စားလှယ် ဦးရေ	ကြွင်းကျန်မဲ ပေါင်း	ကြွင်းကျန်မဲမှ ထပ်မံရရှိသည့် ကိုယ်စားလှယ် ဦးရေ	ကိုယ်စားလှယ် ဦးရေပေါင်း
(A)ပါတီ	၃၃၀,၀၀၀	၂	၃၀,၀၀၀		၂
(B)ပါတီ	၁၉၀,၀၀၀	၁	၄၀,၀၀၀		၁
(C)ပါတီ	၂၂၀,၀၀၀	၁	၇၀,၀၀၀	၁	၂
(D)ပါတီ	၆၀,၀၀၀		၆၀,၀၀၀		
(E)ပါတီ	၁၀၀,၀၀၀		၁၀၀,၀၀၀	၁	၁
စုစုပေါင်း	**၉၀၀,၀၀၀**	**၄**		**၂**	**၆**

ရှင်းလင်းချက်။ ပါတီအသီးသီးကရရှိသော ခိုင်လုံမဲများသည် မူလ FPTP မဲဆန္ဒနယ် ခြောက်နယ်တွင် ယင်းပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းများရရှိသော ခိုင်လုံမဲများကို စုပေါင်းထားခြင်းဖြစ်ပါသည်။

အမျိုးသားလွှတ်တော် MMP စနစ် ရွေးကောက်ပွဲ
ပါတီများ ကြိုတင်တင်ပြထားရမည့် ကိုယ်စားလှယ်လောင်း ဦးစားပေးအစီအစဉ်အရ ရွေးချယ်ခံရသည့် ကိုယ်စားလှယ် (နမူနာပုံစံ)

(A)ပါတီ	(B)ပါတီ	(C)ပါတီ	(D)ပါတီ	(E)ပါတီ
၁။ ဦးအေး	၁။ ဦးတင်	၁။ ဦးမျိုး	၁။ ဦးက	၁။ ဦးမြိုင်
၂။ ဦးအောင်	၂။ ဦးမှန်	၂။ ဦးတိုး	၂။ ဦးနိုး	၂။ ဦးဂ
၃။ ဦးမောင်	၃။ ဦးကြိုင်	၃။ ဒေါ်မူမူ	၃။ ဒေါ်ကြူ	၃။ ဒေါ်ဆ
၄။ ဒေါ်လှလှ	၄။ ဒေါ်ထွေး	၄။ ဒေါ်ကြိုင်	၄။ ဒေါ်နိုင်	၄။ ဒေါ်ဇ
၅။ ဦးလှ	၅။ ဒေါ်တင့်	၅။ ဦးကျော်	၅။ ဦးကော်	၅။ ဦးဃ
၆။ ဦးဝေ	၆။ ဒေါ်တင်	၆။ ဦးသူ	၆။ ဦးထိန်	၆။ ဦးင

ရှင်းလင်းချက်။ PR မဲဆန္ဒနယ်အတွက် (A) ပါတီ နှစ်ဦး၊ (B) ပါတီ တစ်ဦး၊ (C) ပါတီ နှစ်ဦး၊ (E) ပါတီ တစ်ဦး စုစုပေါင်း ခြောက်ဦး ရွေးကောက်ခံရပါသည်။

စာမျက်နှာ ၈ သို့ ❍

ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ် ချမ်းသာကြီးတန်ဆောင်း၌ တတိယအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

မြန်မာနိုင်ငံအတွင်းရှိ ရဟန်းရှင်လူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ၂၀၂၅ ခုနှစ် ဝါတွင်းကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တတိယအကြိမ် မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ပင့်သံဃာ ၁၈ ပါး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တအဘိဇာတထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိဆရာတော်ထံမှ လှူဒါန်းမှု အစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေသည်။

အဆိုပါ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို စက်တင်ဘာ ၂ ရက်မှ ၆ ရက်အထိ ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သိရသည်။**ဖွဲ့ထက်ကို(ပြန်/ဆက်)**



ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA) (ဗဟို)က ကြီးမှူးဖွင့်လှစ်သည့် ပရော်ဖက်ရှင်နယ်အိမ်ခြံမြေဝန်ဆောင်မှု သင်တန်း(အခမဲ့) နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက် ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး ဆွေးနွေးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ YUZANA Hotel ၌ စက်တင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့သည်။

ဆွေးနွေးပွဲနှင့် သင်တန်းကို MRESA ၏ နာယကဆရာကြီးများက သင်ကြားပို့ချဆွေးနွေးကြပြီး MRESA ဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲနှင့် သင်တန်းတွင် သင်တန်းသား ၇၅၀ ကျော် တက်ရောက် သင်ကြားခဲ့ကြပြီး MRESA ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုထက်

❍ စာမျက်နှာ ၇ မှ

မဲဆန္ဒနယ် ကိုယ်စားပြုခြင်း

လာမည့်ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ လွှတ်တော်အလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် FPTP မဲဆန္ဒနယ်များနှင့် PR မဲဆန္ဒနယ်များ ပါဝင်လာမည်ဖြစ်သည်။ MMP စနစ်ဖြင့် ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်များကို သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း တွက်ချက်ရမည်ဖြစ်သည်။ FPTP စနစ်အရ မဲဆန္ဒနယ်တစ်နယ်ချင်းစီ ကိုယ်စားပြုသည်။ Party List PR စနစ်အရ မဲဆန္ဒနယ်တစ်နယ်လုံးကို စုပေါင်း ကိုယ်စားပြုရသည်။ MMP စနစ်အရ မဲဆန္ဒနယ် ကိုယ်စားပြု FPTP ကိုယ်စားလှယ်နှင့် ပါတီအချိုးကျ ကိုယ်စားပြု PR ကိုယ်စားလှယ်များ တပေါင်း တစည်းတည်း ရရှိလာမည်ဖြစ်ပါသည်။ ထို့ကြောင့် ယခုရွေးကောက်ပွဲစနစ် MMP ၏ အနှစ်သာရဖြစ်သော ပေါင်းစည်းခြင်း၊ ကိုယ်စားပြုခြင်းနှင့် မျှတခြင်းတို့ ပိုမိုရုပ်လုံးပေါ်လွင်လာမည်ဖြစ်ပါသည်။ စနစ်နှစ်မျိုးအရ ရွေးကောက်ခံရသည့် FPTP ကိုယ်စားလှယ်များနှင့် ပါတီအချိုးကျကိုယ်စားပြု PR ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်တွင် မည်သို့စွမ်းဆောင်နိုင်သည်။ မိမိနှင့်သက်ဆိုင်သည့် မဲဆန္ဒနယ်အကျိုး၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုး မည်သို့ဖော်ဆောင်နိုင်ကြမည်ကို မဲဆန္ဒရှင်ပြည်သူတို့က ဆက်လက်စောင့်မျှော်သွားမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခြင်း

ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်မှု ကျူးလွန်ခဲ့လျှင် မည်သည့်ကိုယ်စားလှယ်လောင်းမဆို ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းခံရနိုင်ပါသည်။ တရားမဲ့ပြုကျင့်ကြောင်း ပေါ်လွင်ထင်ရှားပါက ရွေးကောက်တင်မြှောက်ခံရခြင်းမှ ပျက်ပြယ်ပါမည်။ FPTP မဲဆန္ဒနယ်မှ ရွေးကောက်ခံရသည့် ပါတီ ကိုယ်စားပြုကိုယ်စားလှယ် ကန့်ကွက်ခံရခြင်းကြောင့် ရွေးကောက်တင်မြှောက်ခံရခြင်းမှ ပျက်ပြယ်ပါက ၎င်းရရှိခဲ့သည့်မဲများသည် တရားမဲ့ပြုကျင့်ခဲ့သောမဲများအဖြစ် သတ်မှတ်ခံရပြီး ဆက်စပ်သော PR မဲဆန္ဒနယ်အတွက် မဲရလဒ်ကိုပါ သက်ရောက်သွားမည်ဖြစ်ပါသည်။ နိုင်ငံရေးပါတီကဖြစ်စေ၊ ပါတီဝင်များက ဖြစ်စေ၊ ပါတီလိုလားသူများက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ တရားမဲ့ပြုကျင့်မှုများ၊ ဥပဒေချိုးဖောက်မှုများ၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ မကျူးလွန်မိစေရန် အထူးသတိထား ရှောင်ရှားကြစေလိုပါသည်။

ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခြင်း

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် FPTP မဲဆန္ဒနယ်များတွင် အကြောင်းတစ်စုံတစ်ရာကြောင့် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ပါက ကြားဖြတ်ရွေးကောက်ပွဲဖြင့် အစားထိုးရွေးကောက်တင်မြှောက်ရပါမည်။ သို့သော် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ (ခ) အရ လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်နှင့် ပဉ္စမနှစ်တို့တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခြင်းမပြုရပါ။

PR လစ်လပ်ကိုယ်စားလှယ်နေရာ အစားထိုးဖြည့်စွက်ခြင်း

အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် PR မဲဆန္ဒနယ်များအတွက် အကြောင်းတစ်စုံတစ်ရာကြောင့် ပါတီကိုယ်စားပြု ရွေးကောက်ခံကိုယ်စားလှယ် လစ်လပ်ပါက Closed List PR စနစ်အရ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၂ အရ နိုင်ငံရေးပါတီက ဦးစားပေးအစီအစဉ် အတိုင်း တင်ပြထားသည့် အမည်စာရင်းပါအတိုင်း ပုဒ်မ ၈၉ (က) နှင့် နည်းဥပဒေ ၁၃၂ တို့အရ အစဉ်လိုက် အစားထိုးဖြည့်စွက်ခြင်းနည်းလမ်းဖြင့် ရွေးကောက်ခံကိုယ်စားလှယ်အဖြစ် သတ်မှတ်ကြေညာမည်ဖြစ်ပါသည်။

MMP စနစ်၏ အားသာချက်များ

FPTP မဲဆန္ဒနယ်များအတွက် မဲဆန္ဒရှင်များက ကိုယ်စားလှယ်ကို တိုက်ရိုက်မဲပေးပြီး ရွေးကောက်တင်မြှောက်နိုင်သည်။ ယခင်ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့ပြီးဖြစ်သဖြင့် အခက်အခဲမရှိပါ။ မတူညီသော ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ပေါင်းစပ်ပြီး MMP စနစ်ဖြင့် ဆောင်ရွက်သဖြင့် FPTP ကိုယ်စားလှယ်သာမက ပါတီအချိုးကျကိုယ်စားပြု PR ကိုယ်စားလှယ်များလည်း တစ်ဆက်တည်း ရရှိလာမည်ဖြစ်သည်။ FPTP ဖြင့် ကိုယ်စားလှယ် မရခဲ့လျှင်လည်း PR ဖြင့် အချိုးကျကိုယ်စားလှယ် ရရှိနိုင်ပါသည်။ FPTP စနစ်၏ အားသာချက်များနှင့် PR စနစ်၏ ကောင်းကျိုးများရရှိနိုင်သည့် MMP စနစ်ဖြစ်ပါသည်။ MMP စနစ် ပြောင်းလဲကျင့်သုံးလိုက်ခြင်းဖြင့် FPTP ကြောင့် ဆန္ဒမဲရလဒ်အချိုး မညီမျှမှုကို PR ဖြင့် အစားထိုးဖြည့်ဆည်းနိုင်ပါသည်။ မဲဆန္ဒရှင်များက မိမိနှစ်သက်ရာပါတီများနှင့် ကိုယ်စားလှယ်ကို စိတ်ကြိုက်ရွေးချယ်နိုင်သည့် အခွင့်အလမ်း ရရှိနိုင်ပါသည်။ တိုင်းရင်းသားပါတီများနှင့် လူထုအလွှာ အသီးသီးကို ကိုယ်စားပြုသော ပါတီငယ်များအတွက် ကိုယ်စားလှယ်နေရာများ ပိုမိုရရှိပြီး ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတွင် ပါဝင်မှုမြင့်တက်လာပါမည်။ ပါတီကြီးတစ်ခုတည်းက လွှမ်းမိုးသည့် နိုင်ငံရေးယဉ်ကျေးမှုပုံစံမှ ဒီမိုကရေစီ၏အနှစ်သာရဖြစ်သော Multiparty ပါတီစုံပုံစံ ပိုမိုပေါ်လွင်လာမည်ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးစုများအတွက် ဒေသအလိုက် ကိုယ်စားပြုမှုများ ပိုမိုရရှိလာမည်ဖြစ်ပါသည်။

နိဂုံး

လာမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးကို ဥပဒေနှင့်အညီကျင်းပသော ရွေးကောက်ပွဲ၊ လွှတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲ၊ အများယုံကြည်လက်ခံသော ရွေးကောက်ပွဲအဖြစ် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များဖြစ်သော ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အသီးသီးတို့က မှတ်ကျောက်တင်သွားမည်ဖြစ်ပါသည်။ ပြောင်းလဲလိုက်သည့် ရွေးကောက်ပွဲစနစ်သစ်အတွက် နိုင်ငံရေးပါတီများနှင့် ပြည်သူများအတွင်း သိရှိနားလည်ရန် ခက်ခဲနေကြောင်း ကြားသိရပါသည်။ ရွေးကောက်ပွဲစနစ်သစ်ဟုဆိုသော်လည်း ယခင်က မဲပေးခဲ့သည့် FPTP ပုံစံအတိုင်း မဲပေးရခြင်းသာဖြစ်ပါသည်။ PR မဲဆန္ဒနယ်အတွက် မဲရလဒ်များ ပေါင်းစည်းတွက်ချက်ခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ကော်မရှင်အဖွဲ့ခွဲများက နည်းလမ်းမှန်ကန်စွာ ဆောင်ရွက်မည်ဖြစ်ပါသည်။ ရိုးရှင်းပါသည်။ လွယ်ကူပါသည်။ ပွင့်လင်းမြင်သာမှုရှိပါသည်။ အခက်အခဲမရှိပါ။ ရှုပ်ထွေးမှုမရှိပါ။ ကိုယ်စားလှယ်လောင်းများနှင့် ပါတီကရည်ညွှန့် ခိုင်လုံမဲအချိုးအတိုင်း ကိုယ်စားလှယ်များ ရရှိပါမည်။ စနစ်သစ်အတွက် စိုးရိမ်မှုမရှိကြစေလိုပါကြောင်း ဖော်ပြလိုပါသည်။ ပြည်သူအားလုံးပါဝင်သော ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရန် ရည်မှန်းချက်ဖြင့် အထောက်အကူဖြစ်စေရန်အလို့ငှာ လေ့လာမိသမျှ ရေးသားတင်ပြလိုက်ရပါသည်။ ။

> **“MMP စနစ်တွင် မဲဆန္ဒရှင်က နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်၊ ပါတီကို တစ်ကြိမ် မဲပေးရခြင်းရှိသကဲ့သို့ ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာမဲပေးရပြီး ကိုယ်စားလှယ်ကရရှိသည့်မဲကို ပါတီကရသည့်မဲအဖြစ်သတ်မှတ်သည့် ရိုးရှင်းသောနည်းလမ်းလည်း ကျင့်သုံးပါသည်။ ယခုရွေးကောက်ပွဲဥပဒေတွင် မဲဆန္ဒရှင်က လွှတ်တော်မဲဆန္ဒနယ်အလိုက် FPTP ကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာမဲပေးရပါမည်။ ဆန္ဒမဲအများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းက FPTP မဲဆန္ဒနယ်အတွက် ရွေးကောက်ခံရမည်”**

စစ်ကိုင်းမြို့ ရွှေမင်းဝံစျေး မြန်မာ-တရုတ် ချစ်ကြည်ရေးစျေးရုံ ရတနာပန္နက်တင်နှင့် တွင်းတော်ဝန်းမဂ်လာအခမ်းအနား ကျင်းပ

မုံရွာ စက်တင်ဘာ ၇

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် မြန်မာတရုတ်ကုမ္ပဏီများအသင်းတို့ ပူးပေါင်းလျှုဒါန်း၍ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှ ကူညီဆောင်ရွက်သည့် စစ်ကိုင်းမြို့ ရွှေမင်းဝံစျေး မြန်မာ-တရုတ်ချစ်ကြည်ရေးစျေးရုံ ရတနာပန္နက်တင်နှင့် တွင်းတော်ဝန်းမဂ်လာအခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် အဆိုပါစျေးရုံ တည်ဆောက်မည့်မြေနေရာ၌ ကျင်းပသည်။



အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ယာယီတာဝန်ခံ Ms .Cao Ping၊ မြန်မာတရုတ်ကုမ္ပဏီများအသင်းဥက္ကဋ္ဌ Mr.Liu Ming နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေမင်းဝံစျေး မြန်မာ-တရုတ် ချစ်ကြည်ရေးစျေးရုံ သစ်ဆောက်လုပ်မည့်မြေနေရာရှိ သတ်မှတ်နေရာများတွင် ပန္နက်တင်ခြင်းနှင့် တွင်းတော်ဝန်းမဂ်လာကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တရုတ်သံရုံးယာယီတာဝန်ခံနှင့် မြန်မာတရုတ်ကုမ္ပဏီများအသင်းဥက္ကဋ္ဌတို့က စျေးရုံသစ်ဆောက်လုပ်လျှုဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တရုတ်သံရုံး ယာယီတာဝန်ခံနှင့် မြန်မာတရုတ်ကုမ္ပဏီများအသင်းဥက္ကဋ္ဌထံ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ စစ်ကိုင်းမြို့ ပညာရေးတက္ကသိုလ် ရှိမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့်မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ အတွေ့အကြုံ စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

စကားဝိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်တို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ်ထံ သုတ/ရသစာအုပ်စာစောင်များပေးအပ်၍ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက လူငယ်ဖိုရမ်အထိမ်းအမှတ်တံဆိပ်အား တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးက စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ်ထံ စစ်ကိုင်းမြို့ပေါ်ရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များအတွက် အားကစားပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ သို့ တက်ရောက်ခဲ့သည့် အုပ်ချုပ်သူတစ်ဦးက ဖိုရမ်အတွေ့အကြုံများကို ပြန်လည်ရှင်းလင်းပြောကြားပြီး ကျောင်းသားကျောင်းသူများက စစ်ကိုင်းတိုင်းဒေသကြီး သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က သီဆိုကပြခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှု၊ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ စူဋ္ဌာမဏိကောင်းမှုတော်စေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်မွမ်းမံနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



(၆၁)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၆ ရက်က ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး ဓာတ်ခွဲဌာနနှင့် သွေးလှူဘဏ်၌ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး သန်းဝင်း ဦးဆောင်၍ ခရိုင်ရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များ စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ ပခုက္ကူမြို့နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်မင်းထက်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် ကော်မတီဝင်များက ကြည့်ရှုအားပေးကြစဉ်။ ဘာမီသာ(ပခုက္ကူ)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၆ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်ဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စခန်းမှူး ဒုရဲမှူး ဝင်းထွဋ်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက မုဒုံမြို့နယ် ကန်ကြီးစေတီတော်ဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ရာမည(ပြန်/ဆက်)

မိတ္ထီလာမြို့၌ ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ (၁၄၂)ကြိမ်မြောက် သမိုင်းဝင် ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက ကျင်းပသည်။



အခမ်းအနားတွင် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ အမျိုးသားအငယ်တန်းပြိုင်ပွဲနှင့် အမျိုးသားအကြီးတန်းပြိုင်ပွဲ ဗိုလ်လုပွဲကို သမိုင်းဝင် ဖောင်တော်ဦးစေတီတော်အနီး မိတ္ထီလာကန်ရေပြင်၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦး၊ တာဝန်ရှိသူများနှင့် ဘုရားပွဲတော်လာသူများက ကြည့်ရှုအားပေးသည်။

ယင်းနောက် အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ ရွှေလှိုင်းဖြူအသင်း၊ ဒုတိယဆုရ ကျော်ဇေယျာဟိန်းအသင်း၊ အမျိုးသားအငယ်တန်းပြိုင်ပွဲတွင် ပထမဆုရကျော်ဇေယျာဟိန်းအသင်း၊ ဒုတိယဆုရ ကံကြီးမောင်အသင်း၊ တတိယဆုရ အလင်းသစ်အသင်း၊ အမျိုးသားအကြီးတန်းပြိုင်ပွဲတွင် ပထမဆုရ ဇလပ်ပွင့်အသင်း၊ ဒုတိယဆုရ ဖောင်တော်ဦးစေတီတော်အသင်း၊ တတိယဆုရ ဝါးတန်းအောင်ခန့်အသင်းတို့အား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုကလာပ်များ၊ ဆုငွေများနှင့် ဂုဏ်ပြုပစ္စည်းများကိုလည်းကောင်း၊ ပြိုင်ပွဲကျင်းပစဉ် ရေပြင်ကူညီကယ်ဆယ်စောင့်ရှောက်ရေးဆောင်ရွက်ပေးခဲ့သည့် မျိုးဆက်သစ်မြတ်ပါရမီလူမှုကူညီရေးအသင်းအား ဂုဏ်ပြုဆုငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

လှိုင်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

လှိုင်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် လှိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် လှိုင်မြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိုးက အမှာစကားပြောကြားပြီး လှိုင်မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးတင်အောင်မိုးက အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



အောင်မြင့်(ပြန်/ဆက်)

ကျိုက်မရောမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးမှုများ ကွင်းဆင်းဆောင်ရွက်

မွန် စက်တင်ဘာ ၇

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကော့ကလော့ကျေးရွာအုပ်စုပန်းကုန်းကျေးရွာရှိ ပန်းကမ္မာလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းတို့မှ မိုးစပါးစိုက်ပျိုးလျက်ရှိသော အသင်းသားတောင်သူများ၏ လယ်ယာမြေများတွင် မိုးစပါးစိုက်ပျိုးမှုနှင့် ပတ်သက်၍ မြို့နယ်ဦးစီးအရာရှိနှင့်အဖွဲ့သည် ကွင်းဆင်းစစ်ဆေးသည်။

ကျိုက်မရောမြို့နယ်သည် ဒေသရေမြေအနေအထားအရ ရေကျနောက်လိုက်စပါး စိုက်ပျိုးလျက်ရှိပြီး အထွက်နှုန်းကောင်း စပါးမျိုးစိုက်ပျိုးရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိပြီး တောင်သူများ ဝင်ငွေတိုးပွားရေး၊ စိုက်ခင်းများပိုးမွှားရောဂါဖောက်စေရေး၊ မြေဩဇာများ အချိန်ကာလအလိုက် စနစ်တကျထည့်သွင်းနိုင်ရေးနှင့် စိုက်ပျိုးစဉ်ကာလအတွင်း လိုအပ်ချက်များကို ဦးစီးဌာနသို့ အချိန်မီတင်ပြနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စစ်တောင်းမြစ်ရေစိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်

နေပြည်တော် စက်တင်ဘာ ၇

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

မြန်မာနိုင်ငံ စာတတ်မြောက်မှုအစ မိတ္ထီလာက

တွေ့ဆုံမေးမြန်း - ဥဿဓာတ်ပုံ - ကိုလွင်



ဆရာမ ဒေါ်မော်မော်



ဆရာမ ဒေါ်ဖြိုးဝေထွန်း



အဘွားဒေါ်မူစိန်



အဘွားဒေါ်နီ



အဘွားဒေါ်လှကြိုင်း

ကမ္ဘာပေါ်၌ စာပေနှင့်ယဉ်ကျေးမှုထွန်းကားခဲ့သော နိုင်ငံအချို့သည် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို ဦးစွာဖော်ဆောင်နိုင်ခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံများအကြားတွင် စာပေနှင့်ယဉ်ကျေးမှုမှ ရရှိသော အသိအမြင် ထွန်းကားသော နိုင်ငံတို့သည် အတတ်ပညာနှင့် နည်းပညာတိုးတက်ခဲ့ပြီး ကမ္ဘာပေါ်တွင် ထည်ဝါစွာနေထိုင်နိုင်လျက်ရှိသည်။ ထို့ကြောင့် အသိပညာတတ်မြောက်မှုမှ နည်းပညာနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို စွမ်းဆောင်မှုသည် နိုင်ငံတိုင်းအတွက် အရေးပါသော စွမ်းအင်တစ်ခုအဖြစ် အသုံးပြုလာကြလျက် ရှိသည်။ နိုင်ငံတစ်နိုင်ငံ၏ စွမ်းဆောင်ရည်မြင့်မားမှုသည် အသိပညာနှင့် အတတ်ပညာရပ်များ ပေါ်တွင် တည်မှီလျက်ရှိပြီး မိမိနိုင်ငံ ခေတ်မီဖွံ့ဖြိုးမှုနှင့်အတူ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်း လျှောက်လှမ်းနိုင်ရန် ခေတ်မီပညာရေးကို အလေးထားကြိုးပမ်းကြလျက်ရှိသည်။

မြန်မာနိုင်ငံသည် ပညာရေးကို ရှေးမင်းများ လက်ထက်တွင်လည်း အလေးထားဆောင်ရွက်ခဲ့ရာ ဘုန်းတော်ကြီးသင်ပညာရေးသည် ထိုအချိန်က နိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်းကို အခြေခံအရေး၊ အဖတ်၊ အတွက် ပညာရပ်များ တတ်မြောက်စေခဲ့သည်။ ထိုအချိန်က အာရှတွင် စာပေတတ်မြောက်မှုသည် ပျမ်းမျှ ၂၀ ရာခိုင်နှုန်း အောက်သာရှိခဲ့ပြီး မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုသည် ဂုဏ်ယူဖွယ်ရပ်တည်ခဲ့သည်။ ကိုလိုနီခေတ်တွင် ပညာရေးကဏ္ဍ မှေးမှိန်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ပြီး ချိန်၌ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၃၅ ရာခိုင်နှုန်းကျန်ရှိခဲ့ရာ ပတ်ဝန်းကျင်နိုင်ငံတို့ထက် စာပေတတ်မြောက်မှု ကောင်းမွန်သော အခြေအနေတစ်ခုတွင် ရပ်တည်ခဲ့သည်။ လွတ်လပ်ရေးခေတ် နောက်ပိုင်း၌ အစိုးရ အဆက်ဆက်သည် စာမတတ်သူ ပပျောက်ရေးကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့ မျက်မှောက်ခေတ်၌ စာပေတတ်မြောက်မှုမှ နည်းပညာခေတ်သို့ တက်လှမ်းဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ ၁၉၆၄ ခုနှစ် နွေရာသီတွင် မိတ္ထီလာမြို့ အရှေ့စံပြရွာ(ယခုညောင်ကိုင်း)၌ "အ"သုံးလုံးသင်တန်းကို ပထမဆုံးစမ်းသပ်မှုအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် ခရိုင်လုံးကျွတ် စာတတ်မြောက်ရေးစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ရာ ၁၉၇၁ ခုနှစ်တွင် မိတ္ထီလာတစ်ခရိုင်လုံး စာတတ်မြောက်ခဲ့သည်။ မိတ္ထီလာခရိုင်လုံးကျွတ် စာတတ်မြောက်ရေးအခမ်းအနားကို ၁၉၇၁ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် ညောင်ကိုင်းရွာ အလယ်တန်းကျောင်း၌ မိတ္ထီလာ၊ သာစည်၊ မလှိုင်၊ ဝမ်းတွင်းမြို့နယ်တို့မှ ပြည်သူလူထုအင်အား တစ်သိန်းကျော်ဖြင့် စာတတ်မြောက်ရေး အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေးကို စတင်အကောင်အထည် ဖော်ဆောင်ခဲ့သည့် စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် ခရိုင်လုံးကျွတ် စာတတ်မြောက်မှုဖြင့် သမိုင်းကောင်းများ ရေးထိုးခဲ့သည့် မိတ္ထီလာခရိုင် ညောင်ကိုင်းစံပြရွာမှ "အ"သုံးလုံးသင်တန်းတွင် တက်ရောက်ခဲ့ကြသော အသက် ၇၀/၈၀ ကျော် အဘွားအိုများ၏ စာတတ်မြောက်မှုတွင် ပါဝင်လှုပ်ရှားခဲ့သည့် ပုံရိပ်အချို့ကို စုစည်းဖော်ပြအပ်ပါသည်-

ဆရာမ ဒေါ်မော်မော်
(မိတ္ထီလာခရိုင်ပညာရေးမှူး)

မိတ္ထီလာမှာ တာဝန်ထမ်းဆောင်တာ တစ်နှစ်ရှိပါပြီ။ မိတ္ထီလာခရိုင်ဟာ ပညာရေးကို စိတ်ဝင်စားတဲ့ နယ်မြေဖြစ်ပြီး ပညာထူးချွန်တဲ့သူတွေ အပြင် မြန်မာနိုင်ငံမှာ ပထမဆုံး "အ"သုံးလုံးသင်ကြားခဲ့တဲ့ နယ်မြေဖြစ်တာကြောင့် ဒီဒေသမှာ တာဝန်ထမ်းဆောင်ခွင့်ရရှိမှု အပေါ် ဝမ်းသာဂုဏ်ယူမိပါတယ်။ ခရိုင်အတွင်းမှာရှိတဲ့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး၊ ကျောင်းနေမြဲရေးနဲ့ အတန်းစဉ် ကူးပြောင်းမှုနှုန်း မြင့်မားရေး၊ ပညာပြည့်ဝ နှုံလုံးလှသော သားကောင်းရတနာများ ပေါ်ထွန်းစေရေးအတွက် ဆရာ ဆရာမ၊ မိဘများနဲ့ ဌာနဆိုင်ရာပူးပေါင်းအားဖြင့် ဆောင်ရွက်နေတာရှိပါတယ်။ စက်တင်ဘာ ၈ ရက်မှာ ကျရောက်တဲ့ နိုင်ငံတကာစာတတ်မြောက်ရေးနေ့မှာလည်း "အ" သုံးလုံးပညာရပ်ကို စတင်ကြားပေးခဲ့ကြတဲ့ ကျောင်းသား ကျောင်းသူဟောင်းကြီး များအားလုံးကိုလည်း မှတ်မှတ်ရရ လေးစားဂုဏ်ယူပြီး အညာဒေသကို ပညာအလင်းဆောင်ပေးခဲ့မှုအပေါ် ကျေးဇူးအထူးတင်ပါတယ်။

ဆရာမ ဒေါ်ဖြိုးဝေထွန်း
(ညောင်ကိုင်းစံပြရွာ အထက်တန်းကျောင်းအုပ်)

ယခုလို ကျွန်မတို့ကျောင်းဟာ မြန်မာနိုင်ငံ စာတတ်မြောက်ရေးအတွက် သမိုင်းဝင်နေရာတစ်ခုမှာ တည်ရှိတဲ့အတွက် ဂုဏ်ယူတဲ့အပြင် အဲဒီလိုနေရာက အနာဂတ်ကြယ်ပွင့်တွေကို ပညာသင်ကြားပေးခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ညောင်ကိုင်းစံပြကျေးရွာမှာ အိမ်ခြေ ၄၀၀ ကျော် ရှိပြီး ညောင်ကိုင်းအထက်တန်းကျောင်းမှာ ကျောင်းသားဦးရေ ၈၀၀ ကျော်ရှိပါတယ်။ အနီးဝန်းကျင်က မူလတန်းဆိုရင် ညောင်ကိုင်း၊ ရွာသစ်၊ ရုံးတောလေး၊ အလယ်တန်းဆိုရင် သာစည်နယ်ထဲက အပျောက်၊ ကုန်းတောင်း၊ ရုန်းတောကြီး၊ အထက်တန်းဆိုရင် ပျဉ်သာ၊ အုတ်ဖို၊ ကြာကန်၊ စဉ့်ပုလဲ၊ ပိတောက်ပင် စတဲ့ကျေးရွာတွေက ကျောင်းသား ကျောင်းသူတွေ တက်ရောက်နေကြပါတယ်။

ဒီဒေသမှာ ကျောင်းပညာသင်ကြားရမယ့် အရွယ်ရောက်သူတိုင်းပညာသင်ကြားနိုင်ဖို့ကြိုးစားပေးပါတယ်။ ကျောင်းနေမြဲရေးမှာလည်း ကျောင်းသားတစ်ဦးဟာ အခြေခံပညာ ပြီးဆုံးအောင် သင်ကြားနိုင်ဖို့ အမြဲတိုက်တွန်းလုပ်ဆောင်ပါတယ်။ ဟိုးယခင်ကတည်းက ပညာသင်ကြားမှု အခြေခံကောင်းတွေ တည်ရှိခဲ့တဲ့ဒေသဖြစ်တဲ့အတွက် မျိုးဆက်သစ်ကြယ်ပွင့်တွေလို တန်ဖိုးထားပြီး ပျိုးထောင်ပေးနေပါတယ်။

တိုင်းပြည်မှာ ပညာတတ်တွေပေါများရင် ဖွံ့ဖြိုးမှုမြန်ဆန်တာကြောင့် နှုံလုံးရည်နဲ့ စာပေထူးချွန်တဲ့ လူငယ်တွေပေါထွန်းအောင် ပညာရေးဝန်ထမ်းတစ်ဦးအဖြစ် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်နေပြီး အခုလိုအခြေခံအုတ်မြစ်ကောင်းတဲ့ ဒေသမှာ လုပ်ဆောင်နိုင်သမျှ ထမ်းဆောင်နေမှုအပေါ် ကျေနပ်အားရပါတယ်။

အဘွားဒေါ်မူစိန်(၇၅)နှစ်
(ညောင်ကိုင်းစံပြရွာ)

အမေကြီးက ညောင်ကိုင်းရွာဇာတိပါ။ အခုအသက်(၇၅)နှစ်ရှိပြီဆိုတော့ အသက်(၁၅)နှစ်အရွယ်မှာ သင်ရတာ၊ ရွာလယ်က သမဝါယမဆိုင်မှာ စာသင်ရတာ။ အဲဒီတုန်းက "အ"သုံးလုံးဆိုတာ သိတယ်။ ဝ-ထ-က-လ-သ သင်တာတော့ မှတ်မိတယ်။ ရွာကကြီးတော့ အားလုံးသင်ကြတာ။ မြို့ကဆရာတွေလည်းပါတယ်၊ ရန်ကုန်က ကျောင်းသားကျောင်းသူတွေလည်း ပါတယ်။ တစ်လသင်ပေးတာ။ စာသင်တုန်းက မှတ်မှတ်ရရဆိုရင် ဆရာလေးက 'ဝ'လုံးကိုရေးပြပြီး နောက်ထပ် ဝလုံးနဲ့ပူးပြီးရေးပြတယ်။ အဲဒါကို ဘယ်လိုခေါ်လဲလို့ ဆရာလေးကမေးတော့ အမေကြီးက 'ဝပူး' ဆိုပြီးပြောလိုက်တာ အားလုံးဝိုင်းရယ်ကြတာ။ ရွာကလူတွေကလည်း ဆရာရယ်တာမြင်တော့ သူတို့လည်းမသိဘဲနဲ့ ဝိုင်းရယ်ကြတာလေ။ စာသင်ခဲ့တော့အမေကြီးနာမည်ကို ရေးတတ်ခဲ့တယ်။ သူတို့တွေပြန်တော့ ရင်ထဲမှာ ဟာတာတာကြီးနဲ့ ရွာထဲက လူတွေအားလုံး ကျန်ခဲ့ကြတာ။ အဲဒီအချိန်ကို ပြန်ပြီးလွမ်းမိပါတယ်ကွယ်။

အဘွားဒေါ်နီ(၈၃)နှစ်
(ညောင်ကိုင်းစံပြရွာ)

အဘွားတို့အသက် ၂၀ ကျော်မှာ "အ"သုံးလုံးသင်ခဲ့ရတာ။ လူတွေအများကြီးပဲ။ မြို့ကလာပြီး သင်ပေးတာ။ ရွာလယ်မှာသင်ရတာ။ အဲဒီအချိန်က ပျော်လည်း ပျော်တယ်။ ဝလုံး များများရေးခိုင်းတယ်။ ဝ-ထ-က-လ-သ တွေ ဆိုခိုင်းတယ်။ သူတို့ရေးပြသင်ပြတာမှားပြောမိရင်အားလုံးရယ်ကြတာ။ ကိုယ်လည်းရယ်တာပဲ။ စာမတတ်တဲ့သူတွေပဲ ဆိုတော့ ပျော်ကြတယ်။ အခုထိ အဘွားအမည်ကို ရေးတတ်တယ်၊ လက်မှတ်လည်း ထိုးတတ်တယ်၊ လက်တော့တုန်တာပေါ့။ စာသင်ခဲ့သူအချို့လည်း မရှိကြတော့ဘူး။ "အ"သုံးလုံးသင်တဲ့ သူတွေထဲမှာ ရွာထဲမှာ ၁၀ ဦးနီးပါး ကျန်သေးတယ်။ အမျိုးသမီးတွေချည်းပဲ သင်ရတာ။ အမျိုးသားတွေက စာတတ်ကြတော့ မသင်ရဘူး။ အဲဒီတုန်းက 'ထ'ကို အပေါ်ပိုင်းလေးဖျက်ရင် 'ယပလက်' ဆိုတာကိုမသိတော့ 'ထအပေါ်ဖျက်'လို့ ဆိုလိုက်တာ အားလုံးဝိုင်းရယ်တာ မှတ်မိသေးတယ်။

အဘွားဒေါ်လှကြိုင်း(၇၅)နှစ်
(ညောင်ကိုင်းစံပြရွာ)

ဒီရွာဇာတိပါ။ အသက်(၇၅)နှစ် ရှိပါပြီ။ ရွာကို "အ"သုံးလုံးသင်တော့ အသက် ၁၅/ ၁၆ လောက်ရှိမယ်။ အသက်ကို ရွာဦးကျောင်းမှာ ဇာတာဖွဲ့တာဆိုတော့ မှတ်ပုံတင်နဲ့ကွာတာပေါ့။ ရွာကိုလာပြီး "အ"သုံးလုံးသင်တော့ ဘေးပတ်ဝန်းကျင်ရွာတွေမပါဘူး။ တက္ကသိုလ်ကျောင်းသားတွေက စိတ်ရှည်ရှည်နဲ့ သင်ပေးကြတာ၊ သဘောလည်းကောင်းကြတယ်၊ ချောလည်း ချောကြတယ်။ ညောင်ကိုင်းက ရွာကြီးဆိုတော့ ဒီရွာကလူတွေကိုပဲ သင်ပေးခဲ့ကြတာ။ အမေကြီး စာဖတ်တတ်ခဲ့တယ်။ ရေးတာထက် ဖတ်တာကို ပိုပြီးအားရတယ်၊ အခုထိလည်း စာတွေ ဖတ်နေပါတယ်။ အလှူဖိတ်စာတွေ ဖတ်တတ်တယ်၊ လုံးဆင့်တွေဆိုရင်တော့ မဖတ်တတ်ဘူး။ လက်မှတ်လည်းထိုးတတ်တယ်။ အမေတို့ ဘဝကိုမြင့်တင်ပေးပြီး စာသင်ပေးခဲ့ကြတဲ့ ဆရာ ဆရာမကြီးတွေ အားလုံးကို ကျေးဇူးအထူးတင်ပါတယ်။

စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ ဝတ္ထုတိုပေါင်းချုပ်၊ ပထမဆုရရှိသည့် စာရေးသူတက္ကသိုလ်မြမင်္ဂုဏ်၏ "ကိုယ့်ခြံမှာလည်း ပန်းတွေပွင့်ရမယ်နှင့် အခြားဝတ္ထုတိုများ"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

အဆိုပါစာအုပ်တွင် ဝတ္ထုတို(၁၄)ပုဒ် ပါဝင်သည်။ သူတစ်ပါးခြံထဲမှ အသီးအပွင့်များကို ငေးကြည့်အားကျနေမည့်အစား ကိုယ့်ခြံထဲတွင်လည်း သီးပွင့်ဝေဆာအောင်၊ သူ့မြေမှာ ဖြူပြာပွင့်လျှင် ငါ့မြေမှာ နီဝါတင့်ရမပေါ့ဟူသော စိတ်ဓာတ်ဖြင့် ကြိုးစားကြသင့်ကြောင်း၊ ကိုယ့်မြေကိုယ့်ဒေသကို မြတ်နိုးတန်ဖိုးထားကြစေလိုကြောင်း မီးမောင်းထိုးပြထားသည့် "ကိုယ့်ခြံမှာလည်း ပန်းတွေပွင့်ရမယ်" ဝတ္ထုတိုအပြင် လောဘတဏှာကြောင့် ဘဝနာခဲ့ရပုံ၊ လောကကြီးတွင်ရှိသော အလွှာပေါင်းစုံ၊ နေရာပေါင်းစုံတွင် ပိပိရိရိလိမ်နေကြသလို အလိမ်ခံကြရမှန်းမသိကြဘဲ အတုတွေကိုအစစ်ဟု ထင်မှတ်ယုံကြည်နေကြပုံ၊ ဘဝကို ဉာဏ်ဖြင့် ဆင်ခြင်ပြီး သေသေချာချာခွဲခြမ်းစိတ်ဖြာကြည့်တတ်လျှင် ဘဝနေနည်းသိရပြီဟု ဖော်ညွှန်းထားပုံ၊ အမြင်လှသော်လည်း အရသာမရှိသည့် အသီး၊ အနံ့မရှိသည့် ပန်းလိုလူမျိုး၊ အမြင်မလှသော်လည်း အရသာရှိသည့်အသီး၊ ရန့်သင်းပျံ့သည့်ပန်းလိုလူမျိုး၊ လူအချို့က လာရာကောင်းပြီး လားရာမကောင်းသော လူမျိုး၊ လူအချို့က လာရာမကောင်းသော်လည်း လားရာကောင်းသောလူမျိုး၊ ထိုလူမျိုးများအဖို့ ၎င်းတို့၏ဘဝကို အချိန်ကသာ ဆုံးဖြတ်ပေးကြပုံ၊ နှုတ်ကြမ်း ကိုယ်ကြမ်း စရိုက်ကြမ်းသော်လည်း တကယ့်အသက်လုပွဲတွင် မိမိအသက်ကိုမငဲ့ကွက်ဘဲ သားနှင့်လင်ကို ကယ်တင်ခဲ့သဖြင့် သားကိုချစ်သည့်မိခင်မေတ္တာ၊ လင်ကိုချစ်သည့် ချစ်ခြင်းမေတ္တာရှိသူ၊ တစ်နည်းအားဖြင့် ကမာကောင်၏ရင်ထဲတွင်ရှိသော အဖိုးတန်ပုလဲရတနာအဖြစ် တင်စားခြင်းခံရသည့်အမျိုးသမီး၏ ရင်နင့်ဖွယ်ဖြစ်ရပ်အပါအဝင် မိဘနှင့်သားသမီး အပြန်အလှန် အစုန်အဆန် တို့ပြန်မေတ္တာထားကြရာတွင် အမြင်ခံယူချက်မတူညီကြသောအခါ စေတနာက ဝေဒနာဖြစ်ကြရပုံ စသည်ဖြင့် ဘဝဇာတ်ခုံပေါ်မှ ဘဝသရုပ်ဖော်မျိုးစုံကို ရသအဖုံဖုံဖြင့် ဆွဲဆောင်မှုရှိစွာ ရေးဖွဲ့ထားသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၃၀၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၈၂၄၉၀၃၊ ၀၁-၈၃၈၁၄၈၊ အမှတ်(တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၈၁၊ ၀၉- ၄၄၉၅၄၀၆၆၇၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့

❑ စိုးအောင် (ပညာရေး)



ယနေ့ခေတ်တွင် လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသော ကမ္ဘာကြီး၌ စာတတ်မြောက်မှုသည် စာရွက်ပေါ်တွင် ရေးနိုင်၊ ဖတ်နိုင်၊ တွက်နိုင်စွမ်းထက် ကျော်လွန်သွားပြီဖြစ်ပါသည်။ သမားရိုးကျ စာတတ်မြောက်မှုသည် ပညာရေး၏ အခြေခံအုတ်မြစ်အဖြစ် ဆက်လက်တည်ရှိနေသော်လည်း ဒစ်ဂျစ်တယ်ခေတ်သည် ပိုမိုများပြားလာသော ဒစ်ဂျစ်တယ်လူ့အဖွဲ့အစည်းတွင် သတင်းအချက်အလက်ရှာဖွေရန်၊ အကဲဖြတ်ရန်နှင့် ဖန်တီးရန် လိုအပ်သောကျွမ်းကျင်မှုများကို အလေးပေးကာ ဒစ်ဂျစ်တယ်ခေတ်တွင် စာတတ်မြောက်ခြင်း၏ အဓိပ္ပာယ်ကို ပိုမိုချဲ့ထွင်လာခဲ့ပြီဖြစ်သည်။ စာတတ်မြောက်မှုကိုမြှင့်တင်ခြင်းသည် စာမတတ်သေးသူတို့အား စာတတ်လာအောင် သင်ကြားပေးရုံသာမက အသိပညာကို သိမ်းဆည်း၊ မျှဝေလေ့ရှိသော ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပုံသွင်းထားသည့် ကမ္ဘာတွင် ရှင်သန်ကြီးထွားလာစေရန် ခွန်အားဖြစ်စေခြင်းပင်ဖြစ်သည်။

အခြေခံ အရေး၊ အဖတ်၊ အတွက်ဟူသော စာတတ်မြောက်ခြင်းမှသည်

ယနေ့ခေတ်တွင် စာတတ်မြောက်ခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်က သိသိသာသာ ကျယ်ပြန့်လာသည်။ ယခင်က စာတတ်မြောက်ခြင်းဟူသည် စာသား၊ စကားလုံးများမှတစ်ဆင့် အတွေးအမြင်များပေးပို့နိုင်စွမ်းရှိခြင်းကို ဆိုလိုသည်။ ယနေ့ခေတ် စာတတ်မြောက်မှုသည် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုတွင် အကျုံးဝင်နေပြီး သတင်းအချက်အလက်ရယူရန်နှင့် အဓိပ္ပာယ်ပြန်ဆိုရန်၊ ထိရောက်စွာ ဆက်သွယ်ရန်နှင့် ကွန်ပျူတာများ၊ စမတ်ဖုန်းများနှင့် အွန်လိုင်းကိရိယာများကို အသုံးပြု၍ တတ်မြောက်ခြင်းတို့ ပါဝင်လာပြီဖြစ်သည်။ ဒစ်ဂျစ်တယ်တတ်မြောက်မှုတွင် သတင်းအမှန်၊ သတင်းအမှားများကို ခွဲခြားအသိအမှတ်ပြုခြင်း၊ ဘေးကင်းသော အွန်လိုင်းအပြုအမူကို လေ့ကျင့်ခြင်းနှင့် နည်းပညာ၏ ကျင့်ဝတ်ဆိုင်ရာကို နားလည်ခြင်းတို့ ပါဝင်နေသည်။

ဒစ်ဂျစ်တယ် စာတတ်မြောက်ရေး အရေးပါပုံ

အင်တာနက်သည် သမိုင်းတစ်လျှောက် အကြီးမားဆုံးစာကြည့်တိုက်ဖြစ်လာပြီး သင်ကြားသင်ယူမှု၊ ပြဿနာဖြေရှင်းမှုနှင့် ဆန်းသစ်တီထွင်မှုများအတွက် ပညာအရင်းအမြစ် ဗဟုသုတများစွာကို ပေးဝေလျက်ရှိသည်။ ဒစ်ဂျစ်တယ်ပညာတတ်မြောက်မှုမရှိခဲ့လျှင် အင်တာနက်မှ သတင်းအချက်အလက်နှင့် ဗဟုသုတကြွယ်ဝမှုများကို ရရှိနိုင်မည်မဟုတ်ပေ။

ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်း

ကမ္ဘာ့အလုပ်အကိုင်စျေးကွက်တွင် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုရှိသူအတွက် အခွင့်အလမ်းပေါများနေပြီး ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုမရှိသူအတွက် ရွေးချယ်ခွင့်အခွင့်အလမ်း နည်းပါးလှသည်။ အွန်လိုင်းတွင် အလုပ်လျှောက်ထားခြင်းမှသည် လုပ်ငန်းခွင်များတွင် ဒစ်ဂျစ်တယ်ကိရိယာများကို အသုံးပြုခြင်းအထိ ဒစ်ဂျစ်တယ်ကျွမ်းကျင်သူအတွက် နေရာကျယ်ပြန့်စွာရှိလာသည်။ ယခုအခါ ဒစ်ဂျစ်တယ်ခေတ်တွင် စာတတ်မြောက်မှုသည် အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ တိုးတက်မှုအတွက် တိုက်ရိုက်အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ တစ်တော့၊ ဖေ့စ်ဘွတ် စသည့် ဆိုရှယ်မီဒီယာ၊ အွန်လိုင်းပလက်ဖောင်းများနှင့် ဒစ်ဂျစ်တယ်အသိုင်းအဝိုင်းများတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်ဆံပုံများ ပြောင်းလဲတိုးတက်နေပြီဖြစ်သည်။

တစ်သက်တာသင်ယူခြင်း

ဒစ်ဂျစ်တယ်နည်းပညာများသည် ပညာရေးဆိုင်ရာအခွင့်အလမ်းများကို စဉ်ဆက်မပြတ် ဝင်ရောက်ခွင့်ပေးနေသည်။ e-learning ပလက်ဖောင်းများနှင့် အွန်လိုင်းသင်တန်းများဖြင့် အသက်အရွယ်မရွေး ကျွမ်းကျင်မှုအသစ်များကို တီထွင်နိုင်ပြီး ပြောင်းလဲနေသောအချိန်များနှင့် လိုက်လျောညီထွေရှိနေသည်။

ဒစ်ဂျစ်တယ်ခေတ်၏ စိန်ခေါ်မှုများ

ဒစ်ဂျစ်တယ်ခေတ်တွင် စိန်ခေါ်မှုများကလည်း အသင့်ရှိနေသည်။ ဒစ်ဂျစ်တယ်နည်းပညာနှင့် အင်တာနက်သုံးစွဲခွင့်ဆိုင်ရာ ကွာဟချက်များ၊ မညီမျှမှုများကိုဖြစ်ပေါ်စေပြီး ကျေးလက်နှင့် ချို့တဲ့သော အသိုက်အဝန်းများကို နောက်တွင်ချန်ထားခဲ့သည်။ ထို့အပြင် သတင်းမှားများက အင်တာနက်၊ အွန်လိုင်းပေါ်တွင် ကျယ်ပြန့်စွာ ဖြန့်ကြက်ခြင်းသည် အသိဉာဏ်ဖြင့် ဆုံးဖြတ်ချက်ချခြင်းကို ထိခိုက်စေပါသည်။ သင့်လျော်သောလမ်းညွှန်မှုမရှိဘဲ ငယ်ရွယ်သော သင်ယူသူများသည် ယုံကြည်ရလောက်သောအရင်းအမြစ်များနှင့် အန္တရာယ်ရှိသော အကြောင်းအရာများအကြား ခွဲခြားရန် အလွန်ခက်ခဲလှပါသည်။

စာတတ်မြောက်မှုကို မြှင့်တင်ရေး

စာဖတ်ခြင်း၊ စာရေးခြင်း၊ အခြေခံအတွက်အချက်နှင့် ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းသည် စာတတ်မြောက်ခြင်း၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ဒစ်ဂျစ်တယ်ကိရိယာများသည် အဆိုပါအရည်အချင်းများကို အစားထိုးရန်မဟုတ်ဘဲ ဒစ်ဂျစ်တယ်ကိရိယာများပေါ်တွင် တည်ဆောက်ကြရမည်သာဖြစ်သည်။ ဒစ်ဂျစ်တယ်ခေတ်တွင် စာတတ်မြောက်မှုကို အဓိကထားမြှင့်တင်၍ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုအခွင့်အလမ်း ချဲ့ထွင်ဆောင်ရွက်နိုင်ရေးကိုလည်း နိုင်ငံတော်အစိုးရ၊ NGO များနှင့် ပုဂ္ဂလိကကဏ္ဍများအနေဖြင့် အတူတကွ ကြိုးပမ်းမြှင့်တင်ဆောင်ရွက်ကြရန် လိုပါသည်။

ပညာရေးတွင် ဒစ်ဂျစ်တယ်တတ်မြောက်မှုကို ပေါင်းစပ်ရေး

ကျောင်းများနှင့်တက္ကသိုလ်များသည် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုကို သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသင့်ပြီဖြစ်သည်။ ကျောင်းသားများအား တာဝန်သိစွာ သုတေသနပြုနည်းကို သင်ကြားပေးခြင်း၊ နည်းပညာကို ကျင့်ဝတ်သိကွာရှိစွာ အသုံးပြုခြင်း၊ တီထွင်ဖန်တီးနိုင်ခြင်းတို့ကို ဆောင်ရွက်ပေးသင့်ပါသည်။

တာဝန်သိအွန်လိုင်းအမူအကျင့်ကောင်းများကို မွေးမြူရေး

သတင်းတု၊ သတင်းမှားများ၊ ဆိုက်ဘာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဆက်သွယ်မှုများအကြောင်း အသိပညာပေးသည့် လှုပ်ရှားမှုများသည် အသိဉာဏ်ရှိသော ဒစ်ဂျစ်တယ်နိုင်ငံသားများကို တည်ဆောက်ရန်အတွက် မရှိမဖြစ် လိုအပ်သော အချက်များဖြစ်ပါသည်။

ဒစ်ဂျစ်တယ်ခေတ်တွင် စာတတ်မြောက်မှုကိုမြှင့်တင်ခြင်း

ဒစ်ဂျစ်တယ်ခေတ်တွင် စာတတ်မြောက်ရေးလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ခြင်းသည် ပိုမိုကောင်းမွန်သောအနာဂတ်ကို တည်ဆောက်ပေးခြင်းပင်ဖြစ်ပါသည်။ စာတတ်မြောက်မှုသည် ဒစ်ဂျစ်တယ်ပြောင်းလဲမှုအတွက် အခြေခံဖြစ်ပြီး ဒစ်ဂျစ်တယ်စနစ်၏ အသွင်ကူးပြောင်းမှု တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ ယနေ့ ကမ္ဘာ့လူဦးရေ၏ ၁၀ ဦးလျှင် ခုနစ်ဦးနီးပါး (၆၈ ရာခိုင်နှုန်း) သည် အင်တာနက်ကို အသုံးပြုနေပြီး အသက် ၁၀ နှစ်နှင့်အထက် လူငါးဦးတွင် လေးဦးသည် မိုဘိုင်းလ်ဖုန်းပိုင်ဆိုင်ကြသည်။ ဉာဏ်ရည်တု (AI) စွမ်းအင်သုံးအသုံးချပရိဂရမ်များကို ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေးနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစသည့်နယ်ပယ်များတွင် လျင်မြန်စွာ လက်ခံအသုံးပြုလျက်ရှိသည်။ ဒစ်ဂျစ်တယ်နည်းပညာများသည် သင်ယူသူများအတွက် ဒေသသုံးဘာသာစကားများ အသုံးပြုရာတွင် လွယ်ကူချောမွေ့အောင်၊ အသိပညာ၊ ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်အခြေအနေများနှင့်သက်ဆိုင်သည့် သင်ယူစရာအကြောင်းအရာများ ဖွံ့ဖြိုးတိုးတက်အောင် ကူညီပေးလျက်ရှိသည်။

ဤသို့ အရှိန်အဟုန်ဖြင့် လျင်မြန်စွာပြောင်းလဲတိုးတက်နေသည့် ဒစ်ဂျစ်တယ်နည်းပညာခေတ်တွင် **“Promoting Literacy in the digital era” “ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့”** ဟူသော ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်အတိုင်း ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီရန် ကျွန်ုပ်တို့အားလုံး စုပေါင်းညီညွတ်သောအင်အားဖြင့် နိုင်ငံအတွင်းရှိ စာမတတ်သေးသူ မိဘပြည်သူများအားလုံးအတွက် စာတတ်အောင်ဆောင်ရွက်မည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ဆက်လက်အားပေးမြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် စက်တင်ဘာလ ၈ ရက်နေ့တွင် ကျရောက်သည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြု၍ နှိုးဆော်ရေးသားလိုက်ပါသည်။ ။

“ယနေ့ခေတ်တွင် စာတတ်မြောက်ခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်က သိသိသာသာ ကျယ်ပြန့်လာသည်။ ယခင်က စာတတ်မြောက်ခြင်းဟူသည် စာသား၊ စကားလုံးများမှတစ်ဆင့် အတွေးအမြင်များ ပေးပို့နိုင်စွမ်းရှိခြင်းကို ဆိုလိုသည်။ ယနေ့ခေတ် စာတတ်မြောက်မှုသည် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုတွင် အကျုံးဝင်နေပြီး သတင်းအချက်အလက် ရယူရန်နှင့် အဓိပ္ပာယ်ပြန်ဆိုရန်၊ ထိရောက်စွာ ဆက်သွယ်ရန်နှင့် ကွန်ပျူတာများ၊ စမတ်ဖုန်းများနှင့် အွန်လိုင်းကိရိယာများကို အသုံးပြု၍ တတ်မြောက်ခြင်းတို့ ပါဝင်လာပြီဖြစ်သည်။ ဒစ်ဂျစ်တယ်တတ်မြောက်မှုတွင် သတင်းအမှန်၊ သတင်းအမှားများကို ခွဲခြားအသိအမှတ်ပြုခြင်း၊ ဘေးကင်းသော အွန်လိုင်းအပြုအမူကို လေ့ကျင့်ခြင်းနှင့် နည်းပညာ၏ ကျင့်ဝတ်ဆိုင်ရာကို နားလည်ခြင်းတို့ပါဝင်နေ”

ပုသိမ်မြို့၌ (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ပုသိမ် စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး၏ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲကျင်းပရေးနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် လူမှုရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဧရာဝတီတိုင်းဒေသကြီး၏ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဖွင့်တေးသီချင်းဖြစ်သည့် “ရွှေခေတ်ရောက်ပြီ ဧရာဝတီ” တေးသီချင်းအား အဆိုပြိုင်ပွဲဝင်များနှင့်ပညာအလင်္ကာအဖွဲ့ကသီဆိုပြီး



အကပြိုင်ပွဲဝင်များ၏ ကပြတင်ဆက်မှုကိုလည်း ကောင်း၊ နိုင်ငံကျော် တေးရေးတေးဆိုပညာရှင် ဦးကေတုဝင်းထွဋ်၏ ခေတ်ဟောင်း/ ကာလပေါ် ဘာသာရပ်တွင် ပါဝင်သော ပြဋ္ဌာန်းတေးသီချင်း တစ်ပုဒ်ဖြစ်သည့် “ရောင်တော်ဖွင့်” တေးသီချင်းဖြင့် သီဆိုမှုကိုလည်းကောင်း၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးဗဟိုအဆင့်ပြိုင်ပွဲတွင် ကျေးလက်ရိုးရာအကဖြင့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် မြောင်းမြပညာရေးဒီဂရီကောလိပ်ယိမ်းအဖွဲ့၏ ကပြတင်ဆက်မှုကို လည်းကောင်း၊ အခြေခံပညာ (၁၅-၂၀) (အမျိုးသား)(အမျိုးသမီး) တစ်ဦးချင်းအက နှင့် အဆင့်မြင့်ပညာ(အမျိုးသား)(ဒုံးပတ်)အဖွဲ့လိုက်တို့၏ ဖျော်ဖြေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး၏ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာ (၁၅-၂၀) (အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ်သီချင်းဖြင့် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

သုံးခွ စက်တင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် နန်းခလဲကျေးရွာ ဒဂို့ဏာရုံဘုန်းတော်ကြီး ကျောင်း၌ ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဆွေက နိုင်ငံသား စိစစ်ရေးကတ်များ ကွင်းဆင်း ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်၊ ပန်းခင်းစီမံချက် အကြောင်း၊နိုင်ငံသားစိစစ်ရေးကတ် ရရှိခြင်းကြောင့် ရရှိမည့်အခွင့်အရေး၊ အကျိုးကျေးဇူးများကို



ရှင်းလင်း ပြောကြားသည်။ ထို့နောက် အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား အရည်အချင်းပြည့်မီသူ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးသည်။ ထို့ပြင်နိုင်ငံသား တစ်ဦးချင်းစီ၏ဇီဝဆိုင်ရာအချက်အလက် (Biometric Data) ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

ကျုံပျော်မြို့၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်



ကျုံပျော် စက်တင်ဘာ ၇

ဧရာဝတီတိုင်း ဒေသကြီး ကျုံပျော်မြို့နယ်ရှိ စက်သုံးဆီ အရောင်းဆိုင်များ၌ မီးဘေး လုံခြုံရေးအတွက် လိုက်လံစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဝင်းထွဋ်ကျော် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြတ်စက်သုံးဆီအရောင်းဆိုင်ရှိ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများ၊ မီးသတိပေးစာတန်းများ၊ မီးသတ်ဆေးဘူး၊ မီးသတ်စက်နှင့် အရေးပေါ် မီးငြိမ်းသတ်ရေးပစ္စည်းများ ကောင်းမွန် အသင့်အသုံးပြုနိုင်ခြင်း ရှိ/မရှိနှင့် မီးဘေးလုံခြုံရေးစီမံချက် ရေးဆွဲထားရှိခြင်းများကို စစ်ဆေးသည်။

ထို့နောက် မီးဘေးအန္တရာယ် ပေါ်ပေါက်လာပါက မီးသတ်ဆေးဘူး အသုံးပြုနည်းများကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်သုံးဆီအရောင်းဆိုင် ဝန်ထမ်းများက ပူးပေါင်းကာ လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၆ ရက်က မိုင်းပန်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သိန်းနိုင်ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာရုံးဝန်ထမ်းများနှင့် ဒေသခံပြည်သူများက မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)





စစ်ကိုင်းတိုင်း ဒေသကြီး ကျွန်းလှမြို့နယ်တွင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက သီတဂူဗုဒ္ဓတက္ကသိုလ်(ကျွန်းလှ)၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးမျိုး ကြီးကြပ်ပြီး မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သန်းမင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မျိုးဝင်းညို(ကျွန်းလှ)

ခရိုင်/မြို့နယ် ဌာနဆိုင်ရာများနှင့် မြို့မိ မြို့ဖများ ဒေသဖွံ့ဖြိုးရေး ညှိနှိုင်းစည်းဝေး

ပြင်ဦးလွင် စက်တင်ဘာ ၇

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့တွင် ခရိုင်/မြို့နယ် ဌာနဆိုင်ရာများနှင့် မြို့မိ မြို့ဖများ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲထူးက အမှာစကား ပြောကြားပြီး ပြင်ဦးလွင်ခရိုင်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေကို Power Point ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ပြင်ဦးလွင်မြို့နယ် မြို့မိ မြို့ဖအဖွဲ့များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

တရုတ်-ရုရှား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်ဟု တရုတ်တာဝန်ရှိသူပြောကြား

ဗလာဒီဗော့စတော့ စက်တင်ဘာ ၇

တရုတ်နှင့် ရုရှားကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက်ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တရုတ်-ရုရှား ချစ်ကြည်ရေးကော်မတီ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးတွင် တရုတ်နိုင်ငံအမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ လီဟောင်ဇောင်က စက်တင်ဘာ ၆ ရက်တွင် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ထိုအစည်းအဝေးတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာကို တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်လည်းဖြစ်သည့် လီက ဖတ်ကြားခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များ၏ မဟာဗျူဟာကျသည့် လမ်းညွှန်မှုအောက်တွင် တရုတ်-ရုရှား ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို လမ်းကြောင်းမှန်ပေါ်၌ ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ပြီး မြှင့်တင်နိုင်ခဲ့ကြောင်း ထိုင်းကပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ



တရုတ်-ရုရှား ချစ်ကြည်ရေးကော်မတီသည် နိုင်ငံသားများအချင်းချင်း ကူးလူးဖလှယ်ခြင်းအတွက် အဓိကလမ်းကြောင်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်ရန် ခေါင်းဆောင်များက မျှော်လင့်ထားကြောင်း ထိုင်းက မှတ်ချက်ပြုပြောကြားသည်။

နှစ်နိုင်ငံခေါင်းဆောင်များကြား ရရှိခဲ့သည့် အရေးကြီးသော သဘောတူညီမှုကို လိုက်နာဆောင်ရွက်ရန်၊ နှစ်နိုင်ငံနိုင်ငံသားများအချင်းချင်း ကူးလူးဖလှယ်ရေးအတွက် ဘက်စုံကွန်ရက်တစ်ခု တည်ထောင်ရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်ရေးအတွက် ဆောင်ရွက်သွားရန် ၎င်းကတိုက်တွန်းခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာ ပူတင်ထံမှ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ရုရှားတာဝန်ရှိသူ ဗောရစ်တီတော့က ဖတ်ကြားပြီး ရုရှား-တရုတ် ဆက်ဆံရေးနှင့် ရေရှည်ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ရာတွင် ကော်မတီ၏ အရေးကြီးသော အခန်းကဏ္ဍကို ရှင်းလင်းပြောကြား ခဲ့သည်။

ကော်မတီ၏လုပ်ငန်းများတွင် ပိုမိုအကျိုးရှိသော ရလဒ်များရရှိရန်နှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးတွင် စာမျက်နှာသစ်တစ်ခုရေးထိုးရန်၊ ပြည်သူအချင်းချင်း ကူးလူးဖလှယ်ရေးနှင့် ဆက်ဆံရေးခိုင်မာစေရန်အတွက် တရုတ်နိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားရန် အဆင်သင့်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



အာဖရိကဌ မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားမှုအပေါ် နိုင်ငံတကာကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာထားမှုကို ရုပ်သိမ်း

ဂျီနီဗာ စက်တင်ဘာ ၇

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အာဖရိကတွင် မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားမှုအတွက် နိုင်ငံတကာကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာထားမှုကို ယနေ့ ရုပ်သိမ်းကြောင်း ကြေညာသည်။

မျောက်ကျောက်ရောဂါ လက္ခဏာများမှာ အဖျားဝေဒနာခံစားရပြီး ကိုယ်ခန္ဓာကိုယ်ပေါ်တွင် အဖုအပိန့်များ ထွက်လာခြင်းဖြစ်သည်။

ပြီးခဲ့သောနှစ် ဩဂုတ်လတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အာဖရိကအလယ်ပိုင်းတွင် မျောက်ကျောက်ရောဂါကူးစက်ပျံ့နှံ့မှုကို ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ် အက်ဒန်နမ်ဂါဘရီယီဆက်စ်က စက်တင်ဘာ ၅ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အဆိုပါကြေညာချက်ကို အဆုံးသတ်ကြောင်း ကြေညာခဲ့သည်။

မျောက်ကျောက်ရောဂါ ကူးစက်ခံစားရသူ အရေအတွက် စဉ်ဆက်မပြတ်ကျဆင်းမှုနှင့် သေဆုံးမှုနှုန်းလျော့ကျခြင်းအပေါ် အခြေခံပြီး ဆုံးဖြတ်ချက်ကိုချခဲ့ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

ကိုးကား - အင်နှအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

အာဖဂန်နစ္စတန်နိုင်ငံ ငလျင်ဒဏ်သင့်ဒေသများတွင် သောက်သုံးရေရရှိရေး ကြိုးပမ်းနေရ

ကဘူးလ် စက်တင်ဘာ ၇

အာဖဂန်နစ္စတန်နိုင်ငံရှိ ငလျင်ဒဏ်သင့်ဒေသများတွင် အသက်ရှင်ကျန်ရစ်သူများက ဘေးကင်းလုံခြုံသော သောက်သုံးရေရရှိရေးအတွက် ကြိုးပမ်းရုန်းကန်နေရဆဲဖြစ်ကြောင်း ကုလသမဂ္ဂ ကိုယ်စားလှယ်တစ်ဦးက အလေးပေးပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်၏ ဌာနေကိုယ်စားလှယ် စတီဖင်ရော့ဒရစ်က ယမန်နေ့ အွန်လိုင်းသတင်းစာရှင်းလင်းပွဲတွင် အထက်ပါအတိုင်း ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန် အရှေ့ပိုင်းတွင် ဩဂုတ် ၃၁ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် လူပေါင်း ၂၂၅၅ ဦး သေဆုံးပြီး ၃၆၄၀ ဦး ဒဏ်ရာရရှိခဲ့သည်။

ငလျင်ဒဏ်ကို လူပေါင်း ၈၄၀၀၀ ခန့် ထိခိုက် ခံစားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဓိက ရေအရင်းအမြစ် ၆၈ ခု ပျက်စီးပြီး ထောင်နှင့်ချီသော ပြည်သူများအတွက် ဘေးကင်း



လုံခြုံသည့် ရေအရင်းအမြစ်များ ပြတ်တောက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

လက်ရှိတွင် ပြည်သူ ၂၀၀၀၀ ကျော်အတွက် ရိက္ခာအကူအညီများ လက်ခံရရှိထားပြီး ကူးစက်ရောဂါဖြစ်ပွားမှုကို ကာကွယ်တားဆီးရန်အတွက် ရေသယ်ယူခြင်းနှင့် မိလ္လာသန့်ရှင်းရေး အထောက်အကူပြု ပစ္စည်းများ တပ်ဆင်ဆောင်ရွက်ထားကြောင်း စတီဖင်ရော့ဒရစ်က ပြောကြားသည်။

တာလီဘန်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် အမျိုးသားကယ်ဆယ်ရေးသမားများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများက အမျိုးသမီးများအား တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ခြင်း သို့မဟုတ် ဆေးကုသမှုပေးရန်တို့ကို ငြင်းဆိုလျက်ရှိကြောင်း ဒေသတွင်း မီဒီယာအချို့က သတင်းဖော်ပြသည်။

သို့သော် အမျိုးသမီးများအား အရေးပေါ်ဆေးကုသမှုခံယူခြင်းအပေါ် တားမြစ်ပိတ်ပင်သည့် အထောက်အထားများကို ယခုထိတိုင် မတွေ့ရှိကြောင်း စတီဖင်ရော့ဒရစ်က ပြောကြားခဲ့သည်။

ကိုးကား - အင်နှအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

ဂျပန်အစိုးရက အာဖဂန်နစ္စတန်နိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးပို့

တိုကျို စက်တင်ဘာ ၇

ဂျပန်အစိုးရက အင်အားပြင်းငလျင်ဒဏ် ထိခိုက်ခံစားခဲ့ရသည့် အာဖဂန်နစ္စတန်နိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ယမန်နေ့တွင် ပေးပို့ခဲ့ကြောင်း သိရသည်။

အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများတင်ဆောင်လာသည့် လေယာဉ်တစ်စင်းသည် မြို့တော်ကာဘူးလ်ရှိ လေဆိပ်တစ်ခုသို့ ယမန်နေ့တွင် ဆင်းသက်ခဲ့သည်။

အဆိုပါ ကူညီကယ်ဆယ်ရေးပစ္စည်းများတွင် စောင် ၁၆၀၀ နှင့် ရွှက်ဖျင်တဲ ၂၅၀ ပါဝင်သည်။ ကယ်ဆယ်ရေးအဖွဲ့များက ၎င်းပစ္စည်းများကို သဘာဝဘေးသင့် ဒေသများသို့ ပို့ဆောင်မည်ဖြစ်သည်။

ပြင်းအား ၆ ဒသမ ၀ အဆင့်ရှိသော ငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၂၂၅၅ ဦး သေဆုံးပြီး ၃၆၄၀ ဒဏ်ရာရရှိခဲ့သည်။ ငလျင်ကြောင့် အိမ်ခြေ ၆၇၈၂ လုံး ပျက်စီးခဲ့သည်။

ပြိုကျနေသည့် နေအိမ်များအောက်တွင် ပိတ်မိနေသူများကို ကယ်ဆယ်ရေးသမားများက ကူညီကယ်ဆယ်လျက်ရှိသည်။

စက်တင်ဘာ ၄ ရက်တွင် ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခု ထပ်မံလှုပ်ခတ်ခဲ့သည်။ နေအိမ်အချို့ ပျက်စီးသွားသော်လည်း ယခုအချိန်အထိ ထိခိုက်ဒဏ်ရာရမှုသတင်းများ မရှိသေးကြောင်း ဒေသတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်များက ပြောသည်။

ငလျင်ဒဏ်ခံရသော ဒေသများတွင် နောက်ဆက်တွဲ ငလျင်လှုပ်မည်ကို စိုးရိမ်သောကြောင့် ပြည်သူအများအပြားသည် လမ်းမများပေါ်တွင် နေထိုင်လျက်ရှိကြောင်း သိရသည်။

ကိုးကား - အင်နှအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

နေရပ်ပြန်များအကူအညီပေးရေး အာဖဂန်အစိုးရဆောင်ရွက်

ကဘူးလ် စက်တင်ဘာ ၇

အာဖဂန်နစ္စတန်နိုင်ငံသို့ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန်များအတွက် လိုအပ်သည့်အကူအညီများပေးနိုင်ရန်အတွက် အာဖဂန်နစ္စတန်ဒုက္ခသည်များပြန်လည်လက်ခံရေး ဝန်ကြီးဌာနသည် အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အကူအညီပေးရေးအဖွဲ့အစည်းတစ်ခုနှင့် နားလည်မှုစာချွန်လွှာကို စက်တင်ဘာ ၇ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ကန်ဒေါ်လာ ၁ ဒသမ ၉၇ သန်း တန်ဖိုးရှိ ၎င်းစာချုပ်သည် နိုင်ငံအနောက်ပိုင်း ဟီရတ်နှင့် ဗာဂတ်ပြည်နယ်ရှိ နေရပ်ပြန်များကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

နေအိမ်များပြန်လည်တည်ထောင်ခြင်း၊ သက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပံ့ပိုးပေးခြင်းနှင့် ပြန်လည်တည်ထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းရန်ပုံငွေကို အသုံးပြုမည်ဖြစ်သည်။ အာဖဂန်အစိုးရသည် နိုင်ငံတွင်းစီးပွားရေးပြန်လည်ထူထောင်ရန်နှင့် အလုပ်အကိုင်များဖန်တီးပေးနိုင်ရန်အတွက် ပြည်တွင်းနှင့် နိုင်ငံတကာမှ အဖွဲ့အစည်းများကို ကဏ္ဍများအလိုက် ရင်းနှီးမြှုပ်နှံရန် ညွှန်ကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

ပြင်ဦးလွင်မြို့နယ်၌ အများပြည်သူအထင်အမြင်လွဲမှားစေရန်နှင့် အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ တပ်မတော်သားအယောင်ဆောင်ကာ ခြိမ်းခြောက်ပြောဆိုခဲ့သူအား ဖမ်းဆီးအရေးယူ

နေပြည်တော် စက်တင်ဘာ ၇

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ စက်တင်ဘာ ၆ ရက်က အများပြည်သူ အထင်အမြင်လွဲမှားစေရန်နှင့် အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ တပ်မတော်သား အယောင်ဆောင်ကာ ခြိမ်းခြောက်ပြောဆိုခဲ့သူအား ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၅ ရက် နံနက် ၁၁ နာရီတွင် ပြင်ဦးလွင်မြို့ သီဟ Mobile ဖုန်းဆိုင်သို့ ဖုန်းလာရောက်ဝယ်ယူရန် ရောက်ရှိလာသူ အမည်မသိလူငယ်တစ်ဦးမှ I Phone-13 ဝယ်ယူရန် စျေးနှုန်းမေးသဖြင့် ဆိုင်ဝန်ထမ်းများက ရှင်းလင်းပြောပြခဲ့ရာ အဆိုပါ လူငယ်က ညနေမှပြန်လာမည် ဖြစ်ကြောင်းပြောဆို၍ ပြန်သွားခဲ့ကြောင်း၊ ထိုနေ့ ည ၇ နာရီခွဲခန့်တွင် အဆိုပါလူငယ်သည် အရက်သေစာ သောက်စားမူးယစ်ကာ ဖုန်းဆိုင်သို့ ပြန်လည်ရောက်ရှိလာပြီး ဖုန်းများအားထုတ်ယူကြည့်ရှုကာ ၎င်းလိုချင်သည့် ဖုန်းမှာ I Phone-13 ဖြစ်ပြီး ယခုတွေ့ရှိသည့်ဖုန်းမှာ I Phone-11 Pro Max ဖုန်းဖြစ်နေသဖြင့် မကျေနပ်ကြောင်း ပြောကာ ဆိုင်မှဝန်ထမ်းများအား ၎င်းမှာ တပ်မတော်မှ တပ်ကြပ်ကြီး အဆင့်ရှိ စိုးဝင်းဖြစ်ကြောင်း၊ ဆိုင်တစ်ဆိုင်လုံးကို PDF ဟု ပြောဆိုပြီး ဖမ်းခိုင်းမည်ဖြစ်ကြောင်း၊ ယူနီဖောင်းဝတ်ပြီး ပြန်လာမည်ဖြစ်ကြောင်း စသဖြင့် ကြမ်းတမ်းစွာခြိမ်းခြောက်ပြောဆို ထွက်ခွာသွားကြောင်း သတင်းရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့သည်။

အထက်ပါ ဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါလူငယ်အား စုံစမ်းဖော်ထုတ်ခဲ့ရာ ပြင်ဦးလွင်မြို့နယ် မိုးကြိုးပစ်ကျေးရွာ ရပ်ကွက်ကြီး(၂၁)နေ စိုးဝင်း(၂၄) နှစ်(ဘ) ဦးသိန်းအောင်ဆိုသူ ဖြစ်ကြောင်း စုံစမ်းဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ပြီး စိုးဝင်းမှာ



ပြင်ဦးလွင်မြို့နယ်၌ အများပြည်သူ အထင်အမြင်လွဲမှားစေရန်နှင့် အထိတ်တလန့် ဖြစ်စေရန်ရည်ရွယ်၍ တပ်မတော်သား အယောင်ဆောင်ကာ ခြိမ်းခြောက်ပြောဆိုခဲ့သူအား တွေ့ရစဉ်။

တပ်မတော်သားတစ်ဦး မဟုတ်ဘဲ တပ်မတော်သားအဖြစ် အယောင်ဆောင်ကာ တပ်မတော်အပေါ် ပြည်သူလူထု အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ ပြောဆို ခြိမ်းခြောက်ခဲ့ကြောင်း စစ်ဆေးအတည်ပြု ပေါ်ပေါက်သဖြင့် အများပြည်သူ အထင်အမြင်လွဲမှားစေရန်နှင့် အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ တပ်မတော်သား အယောင်ဆောင်ကာ ခြိမ်းခြောက်ပြောဆိုခဲ့သူ စိုးဝင်းအား ပြင်ဦးလွင်မြို့မရဲစခန်း (ပ)၁၈၅/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က/၁၇၀ ဖြင့် အမှုဖွင့်အရေးယူထားရှိသည်။

မသမာသူများသည် နိုင်ငံတော်အစိုးရကို အကြည်အညိုပျက်စေရန်ရည်ရွယ်၍ ပြစ်မှုကျူးလွန်ရာ၌ တပ်မတော်/ဌာနဆိုင်ရာဝန်ထမ်းများအယောင်ဆောင်ကာ ပြည်သူလူထုအား ခြိမ်းခြောက်၊ အနှိုင်ကျင့်မှုများ မကြာခဏဖြစ်ပွားလျက်ရှိသည်။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ဖော်ပြပါဖြစ်စဉ်အတိုင်း မသက်ဝင်ဖွယ်ဆောင်ရွက်သူများတွေ့ရှိပါက အနီးဆုံးသက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ရဲစခန်းများသို့ အချိန်မီသတင်းပို့တိုင်ကြားနိုင်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

အရေးယူဆောင်ရွက်

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာ



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၆ ရက်က လင်းခေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်လွင် ဦးစီးသည့် ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များက လင်းခေး ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

စိုင်းဇော်လတ်(လင်းခေး)

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၆ ရက်က ကျုံပျော်ခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ခင်မောင်လွင်၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်၊ မြို့မစခန်းမှူး ဒုရဲမှူး ဝင်းထွန်းနိုင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့ဆေးရုံကြီးရှေ့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၉-၂၀၂၅ တနလ်ာနေ့

MRTV HD

၀၆:၀၀	အန္တရာယ်ကင်းပရိတ်တရားတော်(ပေတ္တသုတ်၊ ရတနာသုတ်၊ ဇာဂျရံသုတ်)	၁၆:၃၀	The Sports Editors's Top Picks Of This Week
၀၇:၀၀	နံနက်ခင်းသတင်း	၁၇:၃၀	သတင်းသမားပြောတဲ့သတင်းစကား
၀၈:၃၀	နိုင်ငံတကာစာတတ်ပြောက်ရေးနေ့ဂုဏ်ပြုအစီအစဉ်၊ လူတိုင်းစာတတ်ပြောက်ရေးအားလုံးပိုင်းခန်း ဆောင်ပွဲကွင်းပေး	၁၈:၃၀	This Week's Special Interest
		၁၈:၅၅	ပြည်ချစ်သားမွန်တေးသစ်ဂီတ
၀၉:၁၀	ဗိုက်ပိုးပေမွေးမြူသုတဘာက်	၁၈:၄၅	သံစဉ်ဝေဖြာစတီရီယိုတေးကဗျာ
၀၉:၂၅	နိုင်ငံတကာစာတတ်ပြောက်ရေးနေ့ဂုဏ်ပြုတေး	၁၉:၁၀	နိုင်ငံခြားဇာတ်လမ်းတွဲ (ကိုရီးယား) 'ဟန်းဆောင်းအမြဲုးနဲ့အမုန်း' (အပိုင်း-၉)
၁၀:၀၀	သတင်းထဲကသတင်း		
၁၀:၃၀	ဘဝနှင့်အနုပညာ "မြန်မာ့ဂီတထိပ်တန်း အဆိုပညာရှင်ရိုရိုသန့်" (အပိုင်း-၁)	၂၀:၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ဝိုးလေဝေအခြေအနေ
၁၂:၃၅	နိုင်ငံခြားဇာတ်လမ်းတွဲ (ကိုရီးယား) ဟန်းဆောင်းအမြဲုးနဲ့အမုန်း (အပိုင်း-၄)	၂၁:၀၀	ပြည်ချစ်သားမွန်တေးသစ်ဂီတ
၁၃:၃၀	MRTV National News	၂၁:၁၀	သံစဉ်ချိမြဲမြန်မာတေးအလှ
၁၄:၃၅	မြန်မာဇာတ်လမ်းတွဲ "တာ" (အပိုင်း-၉)	၂၁:၃၀	နိုင်ငံခြားဇာတ်လမ်းတွဲ 'တရုတ်' 'မုန့်တိုးတစ်ခုရဲ့နိုမုံး' (အပိုင်း-၃၁)
၁၄:၅၀	နိုင်ငံခြားဇာတ်လမ်းတွဲ (တရုတ်) 'ငတော်ဝင်စားဒွဲ' (အပိုင်း-၃၀+၃၉)		
၁၅:၄၅	ကန္တာမာရုအတွက်ဟိုးနင်းဆေးယဉ်အစီအစဉ်	၂၂:၁၅	ရုပ်မြင်သံကြားဇာတ်လမ်း

mtv

07:02	Evergreen Classic: Dhamma Settkyar	၀၆:၀၀	အပွင့်၊ ဝမ္မပုဇာတေးသီချင်းများ
07:11	A Day in Pyin Oo Lwin	၀၆:၂၀	တိုင်းရင်းသားသီချင်း၊ အဂၤ(ကယား)
07:28	Tha Khut Salad (Myanmar Style)	၀၆:၄၅	မြန်မာသံစဉ်တေးများ
07:42	Listening Pleasure, Instrumental Music Don Min & Banjo Combination	၀၇:၁၅	မြန်မာဇာတ်လမ်းတွဲ "အာတူဒေဏ္ဍာ" (အပိုင်း-၀)
08:01	News	၀၇:၄၅	"ပေတ္တာတေးသံ" မြန်မာဇာတ်လမ်းတွဲ
08:26	Asia Updates; Heralds of Spring	၀၈:၂၅	ကာတွန်း "ရိုကုံးစွန့်စားခန်း" (အပိုင်း-၄)
08:32	The High Reliability (GTI) Thanlyin for the Students Youths	၀၈:၃၀	စတီရီယိုတေးများ
08:53	Myanmar Traditional Snacks: Popped Rice Ball	၀၈:၅၀	မြန်မာရုပ်ရှင်(ဖြူမည်း) "ဘယ်သူပြိုင်လို့လုပါတော့နိုင်"
09:01	Myanmar Music Icon:		
09:21	Nga Laik Dam & Nga Laik Kan Tha Eco Resort		
09:32	Discovering Tribes "Rvwang"		
10:01	News		
10:26	Topical Topics: Milk		

MRTV NRC

၀၆:၀၀	ကျောက်ချေးခါးဟင်းချက်နည်း	မွန် (၁၁:၀၀ မှ ၁၁:၀၀)	သားရေကွင်းပြုလုပ်ပုံအဆင့်ဆင့်
၀၆:၂၀	အင်္ဂလိပ်စာသင်ခန်းစာ	ရခိုင် (၁၁:၀၀ မှ ၁၁:၀၀)	မျိုးပွက်တင့်ဝယဉ်ကျေးမှုအမွေ(အပိုင်း-၄)
၀၆:၄၀	အင်းရဲကျွန်းဒေသထွက်မျှင်ငါးပိ	ရှမ်း (၁၁:၀၀ မှ ၁၁:၀၀)	ဆံပင်ကျွတ်ခြင်းကိုကာကွယ်ကုသနည်း
၀၆:၅၀	လိုင်ဝေါင်ဖလာမစ်ရေတံခွန်သို့	ဝ (၁၂:၀၀ မှ ၁၃:၀၀)	ထူးဆန်းဇွဲရှာ 'ဝ' ဝေလုံရာ
၀၇:၂၀	အောက်ချင်းသုက်တေးသံ(ချစ်တဲ့တောင်လယ်နဲ့ ချင်းတောင်တန်း)	ကချင် (၁၃:၀၀ မှ ၂၁:၀၀)	ကချင်ပြည်နယ်ခရီးသွားမှတ်တမ်း
၀၇:၄၀	ချင်းသီချင်းကြီး(အပိုင်း-၁)	ကယား (၂၁:၀၀ မှ ၂၃:၀၀)	ကယားရိုးရာဝေါင်ရည်

MRTV NEWS

၀၆:၀၀	အပွင့်၊ တေးသီချင်း	၀၉:၀၀	အပွင့်၊ အလံ
၀၆:၀၅	လူပဲလှပဲရှားရှားအားကစား	၀၉:၂၅	ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဒုရွာနိုင်ငံ'
၀၆:၄၀	အားကစားသတင်း		
၀၈:၁၀	နိုင်ငံတကာသတင်း(LIVE)	၀၉:၃၀	ဥပဒေရေးရာအခြားပြာဇာတ်လမ်းတို့ 'အင်မွေ'
၀၉:၀၀	ပြည်တွင်းသတင်း(LIVE)	၁၀:၀၀	ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'စစ်မှုထမ်းဥပဒေပကျင့်သုံးသေးတဲ့နိုင်ငံများ အကြောင်း'
၀၉:၃၀	နိုင်ငံတကာသတင်း(LIVE)		
၁၁:၀၀	ပြည်တွင်းသတင်း(LIVE)		
၁၁:၃၅	Sports Diary		
၁၂:၁၅	ထူးကူးစုံလင်အာရုဖစီဇီတ်အစီအစဉ်	၁၀:၃၀	နိုင်ငံတကာဂွေးကောက်ပွဲများအကြောင်း 'အာဝရိုတနိုင်ငံ' (အပိုင်း-၂)
၁၂:၃၀	နိုင်ငံတကာသတင်း(LIVE)	၁၁:၀၀	ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၀၄)
၁၃:၃၀	နိုင်ငံတကာသတင်း(LIVE)		
၁၄:၀၀	MRTV National News		
၁၅:၀၀	ပြည်တွင်းသတင်း (LIVE)		
၁၆:၀၀	သတင်းမုန်းကဏ္ဍ (LIVE)		
၁၇:၃၀	နိုင်ငံတကာသတင်း(LIVE)		

MRTV FARMERS' HD

၀၆:၀၀	အပွင့်၊ နိုင်ငံတော်သီချင်း	၀၆:၀၀	အပွင့်
၀၆:၀၅	ကျေးလက်ဒေသဖွံ့ဖြိုးရေးမူဝါဒ နိုင်ငံတော်ဖွံ့ဖြိုးရေးဆီသို့	၀၆:၂၀	လူငယ်တို့အတွက်လမ်းပြကြယ်
၀၇:၀၀	တောင်သူလယ်သမားရေးရာသတင်း	၀၆:၄၅	Sports Diary
၁၀:၂၀	Breathtaking Backyard Gardening Harvest	၀၇:၀၀	အားကစားသတင်း
၁၀:၀၀	The seeds we sow	၀၇:၂၅	This Sports Editor's Top Picks of this Week
၂၀:၀၀	ကျားလန်ဝဲပိုး၊ တာငတင်တိုး (ဇာတ်လမ်း)	၁၀:၀၀	Goliath.2023.S01E03
၂၂:၀၀	A Little Thing Called Love 2010 (နိုင်ငံခြားဇာတ်လမ်း)		

MRTV PARLIAMENT

MRTV SPORTS HD

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို ဒေသခံ ပုံမှန် (၉၁၀) မီးလုံး တင်ကြည်လျှင် (၄)မှတ်ရှိ (၆)ကြိမ်မှန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၇

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ သာယာကုန်းကျေးရွာအနီး၌ ယာဉ်ရှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၇၈ မျိုး၊ လူသုံးကုန်ပစ္စည်း ၂၂ မျိုး၊ စားသောက်ကုန်ပစ္စည်း ၂၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၂၅ဖြဝ်၇၅၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Dong Feng Tractor Head နှစ်စီး၊ Cheng Long Tractor Head တစ်စီး၊ Faw Tractor Head တစ်စီး၊ Howo Sino Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်ခြောက်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၂၀၀၀၀၀၀၀)ကို လည်းကောင်း၊ ဘားအံမြို့ ခရဲကမ်းနားကျေးရွာအနီး၌ ယာဉ်ခုနစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၄၈ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၂၄ မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၅၈၉၉၂၅၆ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Hino Ranger Truck တစ်စီး၊ Mitsubishi Fuso Tractor Head နှစ်စီး၊ Hino Profia Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် လေးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၀၀၀၀၀၀)ကို လည်းကောင်း၊ ဘားအံမြို့နယ် ဝါးဘိုးတော – ဒုံသမိကားလမ်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၅ မျိုး၊ စားသောက်ကုန်ပစ္စည်း ကိုးမျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၀၁၈၁၉၃၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၅၆၇၈၆ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့ပြင် စက်တင်ဘာ ၅ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟိုပုံးမြို့နယ်အတွင်း၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းကိုးမျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၃၁၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး၊ Canter Truck တစ်စီး၊ Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀၀) ကို လည်းကောင်း၊ လွိုင်လင်မြို့နယ် ချိုခမ်းကျေးရွာရှိ နေအိမ်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၂၁၀၀၀) ကို လည်းကောင်း၊ အေးသာယာမြို့ ရပ်ကွက် (၃) ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၁ မျိုး၊ လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၂၄၀၀၀) ကို လည်းကောင်း၊ တောင်ကြီးမြို့ ပလီလင်းကျေးရွာ၊ တောင်ကြီး ဇလဲသွားကားလမ်းအနီးရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၅၈၀၀၀) ကို လည်းကောင်း၊ တောင်ကြီးမြို့ မိုင်းပွန်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၂၇၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Succed တစ်စီး၊ Toyota Dyna တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၀၀၀၀) ကို လည်းကောင်း၊ တောင်ကြီးမြို့ မြို့အဝင်ဂိတ်၌ ယာဉ်တစ်စီးပေါ်မှ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Faw Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၀၄၄၃၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သိမ်းဆည်းရမိ

ဆက်လက်၍ စက်တင်ဘာ ၅ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရတနာပုံ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀)ကို လည်းကောင်း၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စားသောက်ကုန်ပစ္စည်းအမျိုး ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၂၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၁၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် စက်တင်ဘာ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ အနောက်မြို့ရှောင်လမ်း အနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၁၅၇၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး၊ SKAT Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင် တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၅၀၀ တန်၊ သစ်မာ သုည ဒသမ ၉၃၅ တန်၊ အခြားသစ် ၄ ဒသမ ၂၇၃ တန် (ခန့်မှန်းတန်ဖိုးငွေ ၃၄၁၇၈၆၄ ကျပ် ကို သစ်တော ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၈၂၆၃၃၆၁၄ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် စက်တင်ဘာ ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့ ရန်ကုန်-မန္တလေး အမြန်လမ်းအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၆၂၀ တန် (ခန့်မှန်းတန်ဖိုး ငွေ ၁၄၂၆၃၀၄ ကျပ်)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Mitsubishi Delica တစ်စီး၊ Toyota Lightace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၅၈၄၂၀၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃စ၃၀၄၀၀၀၀) ကို လည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၃၀၄၄) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၅၆၇၈၆ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် စက်တင်ဘာ ၄ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃၃ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၀၄၆၅၅၂၄၃၃ ကျပ်) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာ ဆိုးကျိုး သက်ရောက်ခြင်းများကြောင့် တရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက်က ပန်းတနော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမင်း၊ အရာရှိနှင့် အခြားအဆင့် တပ်ဖွဲ့ဝင် ၅၀ တို့သည် ပန်းတနော်မြို့နယ် သမိုင်းဝင် ရွှေမြင်တင်ဘုရားဝင်း အတွင်း/ အပြင် သန့်ရှင်း သာယာလှပရေး သစ်ကိုင်းများ၊ အမှိုက်များ၊ သစ်ရွက်ခြောက်များ ဖယ်ရှားရှင်းလင်းခြင်း၊ ဘုရားရင်ပြင်ပေါ် တံမြက်စည်း လှည်းခြင်းများကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ရက် နံနက်ပိုင်းက မူဆယ်ခေတ္တခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဌေးနှင့် ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးဇော်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက မူဆယ်မြို့ရှိ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းဝန်းကျင်ရှိ ရေမြောင်းများ၊ ချုံနွယ်များ၊ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်စဉ်။

ချယ်ရီမြေ(မူဆယ်)

မွန်ပြည်နယ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်) ဖွင့်ပွဲ အခမ်းအနားကျင်းပ

မော်လမြိုင် စက်တင်ဘာ ၇

မွန်ပြည်နယ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်တွင် ကျောင်းသားကျောင်းသူများသည် ပညာရေးတွင်သာ ထူးချွန်ရုံမျှမကဘဲ အနုပညာဘက်တွင်လည်း ဘက်စုံတော်သည့် မျိုးဆက်သစ်အနုပညာရှင်များ ပေါ်ထွန်းလာစေရန် ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်ကြမည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် အနုသုခုမပညာဖြင့် အနှစ်သာရရှိရှိ အားထုတ်ကြိုးပမ်း ယှဉ်ပြိုင်သွားကြရန်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟို အဆင့်)ပြိုင်ပွဲကြီးတွင် ပြည်နယ်အတွက် အောင်မြင်မှုဆုတံဆိပ်များ ပိုမိုရရှိနိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ပေးကြရန်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်) တွင် မော်လမြိုင်တက္ကသိုလ်၊ သူနာပြုသင်တန်းကျောင်း၊ သားဖွားသင်တန်းကျောင်း၊ ပညာရေးဒီဂရီကောလိပ်တို့၌ ပြိုင်ပွဲဝင်များက အမျိုးသား အမျိုးသမီးတစ်ဦးချင်း အကပြိုင်ပွဲနှင့် အရေးပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကာပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံအားပေး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိသာ ငွေကျပ် ၆၅၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၇

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ် ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိသာလျှင် ငွေကျပ် ၆၅၂၀ ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေး ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနလ်ာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

စ-၉-၂၀၂၅

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ဝဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၉၄၅	၃၀၅၅	၃၀၂၅	၂၉၆၀	၃၀၆၅	၃၀၈၀	၃၀၉၅	၃၀၁၅	၄၅၀၅	၃၃၁၀	၃၀၃၀	၃၀၃၅	၃၁၀၅	၃၀၇၀	၃၀၉၀	၃၃၄၅
95 Ron	၃၀၁၀	၃၁၂၀	၃၀၉၀	၃၀၂၅	၃၁၃၀	၃၁၄၅	၃၀၆၀	၃၀၈၀	၄၅၆၀	၃၃၇၅	၃၀၉၅	၃၁၀၀	၃၁၇၀	၃၁၃၅	၃၁၅၅	၃၄၁၀
HSD (500 ppm)	၂၅၆၀	၂၆၇၅	၂၆၄၀	၂၅၇၅	၂၆၈၀	၂၆၉၅	၂၇၁၀	၂၆၃၀	-	၂၉၂၅	၂၆၅၀	၂၆၅၀	၂၇၂၀	၂၆၈၅	၂၇၀၅	၂၉၆၅
HSD (50 ppm)	၃၁၇၀	၃၂၈၀	၃၂၅၀	၃၁၈၅	၃၂၉၀	၃၃၀၅	၃၃၂၀	၃၂၄၀	၄၈၃၀	၃၅၃၅	၃၂၅၅	၃၂၆၀	၃၃၃၀	၃၂၉၅	၃၃၁၅	၃၅၇၀
HSD (10 ppm)	၃၁၇၀	၃၂၈၀	၃၂၅၀	၃၁၈၅	၃၂၉၀	၃၃၀၅	၃၃၂၀	၃၂၄၀	-	၃၅၃၅	၃၂၅၅	၃၂၆၀	၃၃၃၀	၃၂၉၅	၃၃၁၅	၃၅၇၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၇၇၆	၂၈၆၅
95 Ron	၂၈၃၉	၂၉၂၉
HSD (500 ppm)	၂၄၀၄	၂၄၈၂
HSD (50 ppm)	၂၉၉၄	၃၀၈၃
HSD (10 ppm)	၂၉၉၄	၃၀၈၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၁၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့ဝင်များက လေးကျွန်းစကြာရှင်ဘုရားဝင်း၌ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ဆောင်ရွက်စဉ်။

အေးမင်္ဂလာ



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက်က ကျိုက်ထိုခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦး ဦးဆောင်၍ ကျိုက်ထိုမြို့ တောင်သူစုရပ်ကွက်ရှိ ကမ္ဘာ့အကြီးဆုံး ထိုင်တော်မူဘုရားကြီး ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

ကျိုက်ထို(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၆ ရက်က မော်လမြိုင်ခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်ဌေးတို့ ဦးဆောင်၍မော်လမြိုင်ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များက အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းပြည်သူ့ဆေးရုံကြီးတွင် သဃ်နိုးကျွန်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုကို သဃ်နိုးကျွန်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်နိုင်မိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ လွင်လွင်ဦးလှိုင်တို့က ကြည့်ရှုအားပေးစဉ်။ ကိုဌေး



၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

ဒုတိယဝန်ကြီး ဦးမျိုးမြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ယာဉ်သွားလာမှု စနစ်တကျဖြစ်စေရေးနှင့် အန္တရာယ်ကင်းစေရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် သော်တာဝင်းကုမ္ပဏီက တာဝန်ယူ၍ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင်တိုင်(၃၉၁/၂ မှ ၃၉၂/၄) အထိ ပေ ၉၀အကျယ် မြေသားတာပေါင် တိုးချဲ့ခြင်း လုပ်ငန်း၊ ၄၈ ပေအကျယ် AC ခင်းခြင်းလုပ်ငန်း၊ လမ်းပခုံးပြုပြင်ခြင်းလုပ်ငန်းနှင့် Thermoplastic Road Paint ဖြင့် ဆေးလိုင်းဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း(မန္တလေးမှ ရန်ကုန်)လမ်းပိုင်း မိုင်တိုင်(၃၅၈/၄ မှ ၃၆၅/၃)အတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ကွန်ကရစ်လမ်းပိုင်းများ မြေသားလုပ်ငန်းဆောင်ရွက်နေမှုနှင့် ၂၅ ပေအကျယ်၊ တစ်ပေ ၃ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်(၃၅၈/၁)ရှိ ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သော ဒုဋ္ဌဝတီ တံတား ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ခံများက လုပ်ငန်းများဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ လုပ်ငန်းခွင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုဋ္ဌဝတီတံတား ပြိုကျသွားခြင်းကြောင့် ရန်ကုန်-မန္တလေးအမြန်လမ်း အသုံးပြုနေသော မော်တော်ယာဉ်များသည် မိုင်တိုင်အမှတ် (၃၅၂) ရှိ စကားအင်းအဝိုင်းမှ ပလိပ်သို့သွားသည့်လမ်းမှတစ်ဆင့်





ရန်ကုန် - တောင်ငူ - မန္တလေးလမ်း (လမ်းဟောင်း) သို့ ကူးပြောင်းသွားလာလျက်ရှိသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးကို ဆက်သွယ်ထားသည့် ဧရာဝတီတံတား(ရတနာပုံ) မန္တလေးဘက်ခြမ်း လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ခံ အင်ဂျင်နီယာက ငလျင်ဒဏ်ခံကြောင့် Lateral Bracing သံပေါင်များနှင့် Pier များ ပျက်စီးခဲ့မှုနှင့် ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဧရာဝတီတံတား(ရတနာပုံ) ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းများ လျာထားချက်နှင့်အညီ ပြီးစီးရန် လိုအပ်ကြောင်း၊ ထပ်မံလှုပ်ခတ်လျက်ရှိသည့် ငလျင်ငယ်များရှိသည့်အတွက် တံတားကြီးထပ်မံပျက်စီးခြင်း ရှိ/မရှိ စောင့်ကြည့်စစ်ဆေးသွားရန်နှင့် ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာအသုံးပြုနိုင်စေရေးအတွက် နေ့စဉ်စောင့်ကြည့်စစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီတင်ပြရန် မှာကြားကာ လုပ်ငန်းခွင်အတွင်း ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဆင်ဟွာသတင်းဌာနနှင့် သုတေသနပညာရှင်များ၏ ဒုတိယကမ္ဘာစစ် ကမ္ဘာ့အရှေ့ခြမ်းစစ်မြေပြင်ဆိုင်ရာ အစီရင်ခံစာထုတ်ပြန်

ပေကျင်း စက်တင်ဘာ ၇

သမိုင်းအား အောက်မေ့သတိရခြင်းနှင့် တရားမျှတမှုကို ကာကွယ်ထိန်းသိမ်းခြင်း၊ ဒုတိယကမ္ဘာစစ်အတွင်း ကမ္ဘာ့အရှေ့ခြမ်းစစ်မြေပြင်တို့၏ အမှန်တရားဆိုင်ရာ ဖော်ထုတ်သည့် အစီရင်ခံစာအား စက်တင်ဘာ ၅ ရက်က ထုတ်ပြန်သည်။

အဆိုပါ အခမ်းအနားကို ပေကျင်းမြို့၌ ကျင်းပခဲ့ပြီး တရုတ်ပြည်သူများ၏ ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သည့် အရေးပါမှုနှင့် အောင်ပွဲထက်သို့ ကူညီပေးမှုများသည် ကမ္ဘာလုံးဆိုင်ရာ ဖက်ဆစ်ဆန့်ကျင်စစ်ပွဲ အောင်ပွဲထက်တွင် အလွန်ကြီးမားသည်ဟု အစီရင်ခံစာအတွင်း ဖော်ပြထားသည်။

ပြောကြား

အဆိုပါအစီရင်ခံစာကို ဆင်ဟွာသတင်းဌာန လက်အောက်ရှိ ဆင်ဟွာအင်စတီကျူက တရုတ်-အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ပြန်



ခဲ့ခြင်းဖြစ်ပြီး ယင်းအခမ်းအနားတွင် "ဆန့်ကျင်တိုက်ပွဲ၏ စိတ်ဓာတ်သည် လွန်ခဲ့သည့်အချိန်က ကဲ့သို့ပင် ယနေ့အချိန်တွင်ပါ အရေးကြီးနေဆဲဖြစ်ပြီး တရုတ်ပြည်သူတို့အတွက် အလွန်စွဲမြဲနေဆဲဖြစ်သည်" ဟု တရုတ်ကွန်မြူနစ်ပါတီ သမိုင်းနှင့်စာပေဌာန အကြီးတန်း ကျွမ်းကျင်ပညာရှင် အဖွဲ့ဥက္ကဋ္ဌ မစ္စတာ Qu Qingshan က ပြောကြားသည်။

အခမ်းအနားအတွင်း တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံစသည့် ဒုတိယကမ္ဘာစစ်၏ ကမ္ဘာ့အရှေ့ခြမ်း စစ်မြေပြင်ဖြစ်ခဲ့ရာ နိုင်ငံများနှင့် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများအကြောင်းကိုလည်း ပညာရှင်များက ဆွေးနွေးကြသည်။

ဆင်ဟွာ သတင်းဌာန အကြီးအကဲ Fu Hua က ဒုတိယကမ္ဘာစစ်ပွဲ သမိုင်းဖြစ်ရပ်ကို နားလည်မှုသာ ကမ္ဘာလုံးဆိုင်ရာ ထာဝရငြိမ်းချမ်းရေးအတွက် ပိုမို လုပ်ဆောင်လာနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။ အခမ်းအနားကို ဆင်ဟွာသတင်းဌာန စာတည်းမှူးချုပ် မစ္စတာ Lyu Yansong က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့အရှေ့ခြမ်း နိုင်ငံများမှ ပညာရှင်များက ဆွေးနွေးကြခြင်းဖြစ်သည်။

ခင်ရတနာ



ဟသ်ာတမြို့နယ်တွင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူး ဦးဆောင်မှုဖြင့် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးနေဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းကျော်ဌေးတို့ ဦးဆောင်၍ သာသနာ့ဗိမာန်တော်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၆ ရက်က တွံတေးမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွှန့်နွယ်၊ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီးသန့်စင်၊ တွံတေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးသန့်တို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မျိုးလှိုင်(တွံတေး)

၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း (၁၆-၈-၂၀၂၅ ရက်နေ့မှ ၃၁-၈-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station(EPAS)- Haz-Scannen Air Quality Monitoring Station(AQM-65)၊ Scentroid(SL-50 Scential)၊ Aeroqual(Series - 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer- 1941150)၊ (Gas Analyzer- 1940150)၊ Portable Beta Attenuation Mass Monitor(BAM 1022)၊ Air Quality Monitoring Station(AQMS)နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5($PM_{2.5}$)၊ Particulate Matter 10(PM_{10})၊ Sulphur Dioxide(SO_2)၊ Nitrogen Dioxide(NO_2)၊ Ozone(O_3) နှင့် Carbon Monoxide(CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များတွင် တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ	၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ	ဆာလဖာ ဒိုင်အောက် ဆိုက်	နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက်	အိုဇုန်း	ကာဗွန် မိုနောက် ဆိုက်
၁	နေပြည်တော်						
၁	ဥတ္တသီရိမြို့နယ်၊ နေပြည်တော်	လက်ခံနိုင်သော	ကောင်းမွန်	_	ကောင်းမွန်	_	ကောင်းမွန်
၂	ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်	ကောင်းမွန်					
၂	ရန်ကုန်တိုင်းဒေသကြီး						
၁	ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၂	သာကေတမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၃	တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၄	သန်လျင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၃	မန္တလေးတိုင်းဒေသကြီး						
၁	အမရပူရမြို့နယ်၊ မန္တလေးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၂	အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၃	ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၄	မတ္တရာမြို့နယ်	ကောင်းမွန်					
၅	ညောင်ဦးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၆	ကျောက်ဆည်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
၇	ပြင်ဦးလွင်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
၈	မိတ္ထီလာမြို့	ကောင်းမွန်					
၄	စစ်ကိုင်းတိုင်းဒေသကြီး						
၁	မုံရွာမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၂	စစ်ကိုင်းမြို့	ကောင်းမွန်					
၅	တနင်္သာရီတိုင်းဒေသကြီး						
၁	ကော့သောင်းမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၂	ထားဝယ်မြို့	_	ကောင်းမွန်	_	ကောင်းမွန်		
၆	ပဲခူးတိုင်းဒေသကြီး						
၁	ပဲခူးမြို့	ကောင်းမွန်					
၇	မကွေးတိုင်းဒေသကြီး						
၁	မကွေးမြို့	ကောင်းမွန်	_	ကောင်းမွန်			
၈	ရောဝတီတိုင်းဒေသကြီး						
၁	ပုသိမ်မြို့	ကောင်းမွန်					
၉	ကရင်ပြည်နယ်						
၁	ဘားအံမြို့	ကောင်းမွန်					
၁၀	မွန်ပြည်နယ်						
၁	မော်လမြိုင်မြို့	ကောင်းမွန်					
၂	ချောင်းဆုံမြို့	ကောင်းမွန်					
၃	သထုံမြို့	ကောင်းမွန်					
၁၁	ရှမ်းပြည်နယ်						
၁	တောင်ကြီးမြို့	_	_	ကောင်းမွန်	_	_	
၂	ကျိုင်းတုံမြို့	ကောင်းမွန်	_	_	_	_	_
၃	တာချီလိတ်မြို့	ကောင်းမွန်					
၄	မိုင်းဆတ်မြို့	_	ကောင်းမွန်	_	ကောင်းမွန်	_	ကောင်းမွန်

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

0-50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51-100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101-150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151-200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201-300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301-500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ကြောင်း သိရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုးတို့ဦးဆောင်၍ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ စုပေါင်းကာ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို စက်တင်ဘာ ၆ ရက်က အောင်တော်မူစေတီတော်၌ ဆောင်ရွက်စဉ်။ မင်းလွင်ဦး(တန့်ယန်း)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၆ ရက်က နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ကျော် ဦးဆောင်၍ အရာရှိ/အခြားအဆင့် တပ်ဖွဲ့ဝင်များက ဇီးကုန်းမြို့ သာပေါင်းအုပ်စု ကံညီအစ်ကိုရွာ ပြည်တော်ဝင်ဘုရား၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန့်၊ မြို့မစခန်းမှူး ဒုတိယရဲမှူးစံလှတို့ဦးဆောင်၍ ရဲတပ်ဖွဲ့မှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များက ဖန်ခါးပင်ကုန်းတောရကျောင်းတိုက်၊ ရွှေရင်အေးစေတီတော်မြတ်ကြီး ရင်ပြင်တော်နှင့် စေတီအနီးပတ်ဝန်းကျင်၌ သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်စဉ်။ ထက်မြင့်(ကျွန်းစု)

သဘာဝပတ်ဝန်းကျင် အလှဆင်

မောင်ကျော် (ပညာရေး)

“လူမှုရေးအသိ၊ လူမှုရေးစိတ်ဓာတ် ပျက်ပြားခေါင်းပါးနေသူများသည် လူမှုပတ်ဝန်းကျင်ကို ပျက်စီးအောင် ဖျက်ဆီးနေရုံသာမက သဘာဝပတ်ဝန်းကျင်တွင် သဘာဝအလှတရားများနှင့် တည်ရှိနေသော မြေထု၊ ရေထု၊ လေထု ဂေဟစနစ်များကိုပါ ပျက်စီးအောင် ဖျက်ဆီးနေကြသည်။ ထိုသူများ၏ စဉ်းစား၊ ဆင်ခြင်၊ အမြော်အမြင် နည်းပါးမှုကြောင့် မြေထု၊ ရေထု၊ လေထု သဘာဝပတ်ဝန်းကျင်တစ်ခွင်လုံး ညစ်ညမ်းရသည်။ ဂေဟစနစ်များပျက်စီးပြီး သဘာဝပတ်ဝန်းကျင်တစ်ခွင်လုံး ညစ်ညမ်းရာမှရရှိလာသော သဘာဝဘေးဒဏ်အမျိုးမျိုးကို လူနှင့်သက်ရှိသတ္တဝါများအားလုံး ခါးခါးသီးသီး ဆိုးဆိုးရွားရွား ခံစားကြရ”

မိမိနေထိုင်ရာ ဘေးပတ်လည်တစ်ဝိုက်သည် မိမိ၏ပတ်ဝန်းကျင်ဖြစ်သည်။ မိမိ၏ပတ်ဝန်းကျင်သည် မိမိနှင့် အနီးစပ်ဆုံးဖြစ်သည်။ မိမိနှင့်လည်း ဆက်စပ်နီးနွယ်နေပါသည်။ မိမိ၏ ပတ်ဝန်းကျင်က မိမိနှင့်အတူ အမြဲတမ်း မခွဲမခွာရှိနေသည်။ မိမိသည် မိမိ၏ပတ်ဝန်းကျင်နှင့် ကင်းကွာ၍မရပေ။ မိမိနှင့် မိမိ၏ပတ်ဝန်းကျင်သည် အပြန်အလှန် အမှီသဟဲပြုနေသည်။ အကျိုးသက်ရောက်မှုကလည်း အပြန်အလှန်ရှိပါသည်။ မိမိပတ်ဝန်းကျင်က သန့်ရှင်းသာယာနေပါမူ မိမိသည် ရွှင်လန်းနေမည်။ လှပနေပါမူ မိမိသည် ကြည်နူးနေမည်။ တိတ်ဆိတ်နေပါမူ မိမိသည် စိတ်ချမ်းသာနေမည်။ မိမိပတ်ဝန်းကျင်က ဆူညံနေပါမူ မိမိ စိတ်မချမ်းသာရဘဲ စိတ်ဆင်းရဲမည်။ ပွေလီရှုပ်ထွေးနေပါမူ မကြည်မလင်၊ မရွှင်မလန်းနိုင်ဘဲ ညစ်ညူးနောက်ကျိမည်။

လူတစ်ဦးချင်းစီတွင် ပတ်ဝန်းကျင်ရှိသည်။ လူတစ်ဦးချင်းစီတွင်ရှိနေသော ပတ်ဝန်းကျင်ကို သန့်ရှင်းသာယာ လှပအေးချမ်းအောင် လုပ်ဆောင်ပေးနေသည်မှာ အခြားမည်သူမျှမဟုတ်ပေ။ ထိုပတ်ဝန်းကျင်တွင် နေထိုင်ကြသောသူများသာ ဖြစ်ပါသည်။ ပတ်ဝန်းကျင်ကို ဆူညံနေအောင်၊ ပွေလီရှုပ်ထွေးနေအောင်၊ မသန့်မရှင်း ညစ်ပတ်ညစ်ထည်းနေအောင်၊ မသာမယာမလှမပဖြစ်အောင် လုပ်ဆောင်နေသည်မှာလည်း အခြားမည်သူမျှမဟုတ်ပေ။ ထိုပတ်ဝန်းကျင်တွင် နေထိုင်ကြသူများသာဖြစ်ပါသည်။

ပတ်ဝန်းကျင်၌ နေထိုင်ကြသူများအပေါ်တွင် မူတည်

ပတ်ဝန်းကျင် ကောင်းခြင်း မကောင်းခြင်း၊ သန့်ရှင်းခြင်း မသန့်ရှင်းခြင်း၊ လှပခြင်း မလှပခြင်း၊ သာယာခြင်း မသာယာခြင်း၊ အေးချမ်းခြင်း မအေးချမ်းခြင်းတို့သည်ကား ပတ်ဝန်းကျင်၌ နေထိုင်ကြသူများအပေါ်တွင် မူတည်နေပါသည်။ ငယ်စဉ်က ဒုတိယတန်းအထိ ပတ်ဝန်းကျင်လေ့လာမှုဘာသာရပ်ကို သင်ယူခဲ့ရသည်။ ငယ်ဆရာက ပတ်ဝန်းကျင်လေ့လာမှုဘာသာရပ်ကို သင်ကြားလေ့ကျင့်ပေးရာတွင် **“ကိုယ့်ပတ်ဝန်းကျင်၊ သာစေချင်၊ မဆင်မခြင်မလုပ်နှင့်”**၊ **“ကိုယ့်ဝန်းကျင်မှာ၊ ကိုယ့်ဝန်တာ၊ ရေသာမခိုနှင့်”**၊ **“ကိုယ့်ဝန်းကျင်နား၊ အမှိုက်များ၊ ဖယ်ရှားအမှိုက်ကောက်”**၊ **“ဝန်းကျင်တစ်ဝိုက်၊ သန့်မှကြိုက်၊ အမှိုက်မရှုပ်နှင့်”**၊ **“ဝန်းကျင်ကောင်းကျိုး၊ ချစ်မြတ်နိုး၊ သယ်ပိုးဆောင်ရွက်ကြ”**၊ **“ဝန်းကျင်လည်းလှ၊ ကိုယ်လည်းလှ၊ လှပသာယာမည်”**၊ **“ဝန်းကျင်လည်းအေး၊ ကိုယ်လည်းအေး၊ အေးချမ်းသာယာမည်”**၊ **“ဝန်းကျင်လည်းမွေး၊ ကိုယ်လည်းမွေး၊ မွေးလန်းသာယာမည်”**၊ **“ဝန်းကျင်လည်းကောင်း၊ ကိုယ်လည်းကောင်း၊ ကောင်းကျိုးချမ်းသာရ”**ဟူသော ဆောင်ပုဒ်ဆန်ဆန် သံပေါက်ကဗျာများကို ရွတ်ဆိုပြပါသည်။ ကျွန်တော်တို့က ရွတ်ဆိုကြရပါသည်။ ခဏခဏ ရွတ်ဆိုကြရသောကြောင့် အလွတ်ရနေပါသည်။ ထိုဆောင်ပုဒ်ဆန်ဆန် သံပေါက်ကဗျာများက ပတ်ဝန်းကျင်ကို ချစ်မြတ်နိုးစေရန်၊ တန်ဖိုးထားတတ်စေရန်နှင့် ပတ်ဝန်းကျင်ကို အလှဆင်သူဖြစ်စေရန်၊ ပတ်ဝန်းကျင်၏ အလှကိုဖျက်ဆီးသူမဖြစ်စေရန် သင်ကြားလေ့ကျင့်ပေးနေခြင်း ဖြစ်ပါသည်။

လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ကို အလှဆင်သူများ

ငယ်စဉ် ကျောင်းနေအရွယ်က မိသားစု ပတ်ဝန်းကျင်နှင့် မိသားစုဝင်အချင်းချင်း နေထိုင်မှုပတ်ဝန်းကျင်၊ ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းတွင်းနေ ကျောင်းသား ကျောင်းသူ အချင်းချင်း နေထိုင်မှုပတ်ဝန်းကျင်မျှသာ ကျင်လည်ခဲ့ရ၏။ အသက်အရွယ်ရလာသည့်အခါ နေထိုင်ရာဒေသ၏ ပတ်ဝန်းကျင်၊ နေထိုင်ရာဒေသရှိ လူနေမှုပတ်ဝန်းကျင်၊ နေထိုင်ရာဒေသရှိ မြေထု၊ ရေထု၊ လေထုပတ်ဝန်းကျင် စသည့် ပတ်ဝန်းကျင်အမျိုးမျိုးတွင် ကျင်လည်လာကြရသည်။ အရွယ်ရလာသည်နှင့်အမျှ ကြုံတွေ့ရသည့်ပတ်ဝန်းကျင်က ကျယ်ပြန့်လာခြင်းဖြစ်ပါသည်။ ကျယ်ပြန့်လာသော ပတ်ဝန်းကျင်အမျိုးမျိုးကို အနှစ်ချုပ်လိုက်ပါက လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်တို့ဖြစ်ပါသည်။ ထိုလူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသူ၊ တန်ဖိုးထားလေးစားသူ၊ အလှဆင်သူများဖြစ်ပေါ်လာအောင် အခြေခံပညာကျောင်းများက အစပျိုး သင်ကြားလေ့ကျင့်ပေးနေပါသည်။

မည်သူမဆို လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ထဲတွင် ကျင်လည်နေထိုင်ကြရသည်။ နေထိုင်ကြရာ၌ လူမှုရေးအသိ၊ လူမှုရေးစိတ်ဓာတ် ပြည့်ဝရန်လိုသည်။ အရာရာတွင် ရိုင်းပင်းကူညီခြင်း၊ အရာရာတွင် စာနာထောက်ထားခြင်း၊ အရာရာတွင် ကိုယ်ကျိုးစွန့်အနစ်နာခံခြင်း၊ အရာရာတွင် တည်ကြည်ဖြောင့်မတ်ခြင်း၊ အရာရာတွင် အများအကျိုး သယ်ပိုးဆောင်ရွက်ခြင်း၊ အရာရာတွင် အလေးအနက်ထားခြင်း၊ အပြန်အလှန်လေးစားခြင်း စသည်တို့သည် လူမှုရေးအသိ၊ လူမှုရေးစိတ်ဓာတ် ပြည့်ဝခြင်း၏ စရိုက်လက္ခဏာများဖြစ်ပါသည်။

ထိုစရိုက်လက္ခဏာမျိုးရှိသူသည် အရာရာတွင် ရိုင်းပင်းကူညီသည်။ လျစ်လျူရှုမနေကြပေ။ အရာရာတွင် စာနာထောက်ထားသည်။ တစ်ကိုယ်ကောင်းမဆန်ကြပေ။ အရာရာတွင် ကိုယ်ကျိုးစွန့်အနစ်နာခံသည်။ တွန့်ဆုတ်ကြောက်ရွံ့သူများမဟုတ်ကြပေ။ အရာရာတွင် တည်ကြည်ဖြောင့်မတ်သည်။ ကောက်ကျစ်စဉ်လဲသူများမဟုတ်ကြပေ။ အရာရာတွင် အများအကျိုးကိုသာ ရှေးရှုသည်။ ကိုယ်ကျိုးအတွက်ကို ရှေ့တန်းမတင်ပေ။ အရာရာတွင် အလေးအနက်ထားသည်။ ပေါ့ပေါ့တန်တန်လက်လွတ်စပယ်မပြုပေ။ အပြန်အလှန်လေးစားသည်။ မထီမဲ့မြင်မလုပ်ပေ။ ထိုသို့လူမှုရေးအသိ၊ လူမှုရေးစိတ်ဓာတ် ပြည့်ဝသူများသည် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်၏ ကောင်းကျိုးချမ်းသာကို လိုလားကြသူများဖြစ်ပါသည်။ လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်၏ ကောင်းကျိုးချမ်းသာကို သယ်ပိုးဆောင်ရွက်ပေးနေကြသူများလည်း ဖြစ်ပါသည်။

လူမှုရေးအသိ၊ လူမှုရေးစိတ်ဓာတ်ပြည့်ဝသူများ၏ စရိုက်လက္ခဏာများနှင့် ဆန့်ကျင်နေသူများသည် လူမှုရေးအသိ၊ လူမှုရေးစိတ်ဓာတ် ပျက်ပြားခေါင်းပါးနေသူများ ဖြစ်ကြပေသည်။ လူမှုရေးစိတ်ဓာတ် ပျက်ပြားခေါင်းပါးနေသူများ၏ ဂယက်ရိုက်ခတ်မှုကြောင့် တည်ငြိမ်နေသောလူမှုပတ်ဝန်းကျင်သည် မတည်မငြိမ်ဖြစ်ရသည်။ အေးချမ်းသာယာနေသော လူမှုပတ်ဝန်းကျင်သည် မအေးမချမ်း၊ မသာမယာဖြစ်ရသည်။ လှပနေသော လူမှုပတ်ဝန်းကျင်သည် အရုပ်ဆိုး အကျည်းတန်သွားရသည်။ ပျော်ရွှင်စရာ၊ ကြည်နူးစရာကောင်းလှသော လူမှုပတ်ဝန်းကျင်သည် ညစ်ထည်းသွားရသည်။

ဤစာရေးသူ၏ ကဏ္ဍာရုံများက အနိဋ္ဌာရုံများ ဖြစ်သွားရသည်မှာ လူမှုရေးအသိ၊ လူမှုရေးစိတ်ဓာတ် ပျက်ပြားခေါင်းပါးနေသူများကြောင့်ပင် ဖြစ်ပါသည်။

လူမှုရေးအသိ၊ လူမှုရေးစိတ်ဓာတ် ပျက်ပြားခေါင်းပါးနေသူများသည် လူမှုပတ်ဝန်းကျင်ကို ပျက်စီးအောင် ဖျက်ဆီးနေရုံသာမက သဘာဝပတ်ဝန်းကျင်တွင် သဘာဝအလှတရားများနှင့် တည်ရှိနေသော မြေထု၊ ရေထု၊ လေထု ဂေဟစနစ်များကိုပါ ပျက်စီးအောင် ဖျက်ဆီးနေကြသည်။ ထိုသူများ၏ စဉ်းစား၊ ဆင်ခြင်၊ အမြော်အမြင် နည်းပါးမှုကြောင့် မြေထု၊ ရေထု၊ လေထု သဘာဝပတ်ဝန်းကျင်တစ်ခွင်လုံး ညစ်ညမ်းရသည်။ ဂေဟစနစ်များပျက်စီးပြီး သဘာဝပတ်ဝန်းကျင်တစ်ခွင်လုံးညစ်ညမ်းရာမှ ရရှိလာသော သဘာဝဘေးဒဏ်အမျိုးမျိုးကို လူနှင့် သက်ရှိသတ္တဝါများအားလုံး ခါးခါးသီးသီး၊ ဆိုးဆိုးရွားရွား ခံစားကြရပေသည်။

ဖွံ့ဖြိုးတိုးတက်မှုများ နှေးကွေးရ

သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုကြောင့် ကမ္ဘာကြီးပူနွေးလာသည်။ ရာသီဥတုဖောက်ပြန်လာသည်။ အချိန်အခါမဟုတ် မိုးရွာလာသည်။ ရေကြီးရေလျှံဖြစ်ပေါ်လာသည်။ မုန်တိုင်းကြီးများ ဖြစ်ပေါ်တိုက်ခတ်လာသည်။ မြေဆီမြေနှစ်များ ခြောက်ခန်းလာသည်။ မြစ်ချောင်းအင်းအိုင်များ တိမ်ကောလာသည်။ လေထုညစ်ညမ်းလာသည် စသည်ဖြင့် သဘာဝဘေးဒဏ်အမျိုးမျိုး ဖြစ်ပေါ်လာသည်။ ထိုသို့ ဖြစ်ပေါ်လာမှုများကြောင့် မြေသယ်ဇာတ၊ ရေသယ်ဇာတ၊ လေသယ်ဇာတ စသည့်သယ်ဇာတများ ဆုံးရှုံးရသည်။ လူနှင့် သက်ရှိသတ္တဝါများ ထိခိုက်သေဆုံးရသည်။ လူမှုအကျိုးစီးပွားများ ပျက်စီးရသည်။ ဖွံ့ဖြိုးတိုးတက်မှုများ နှေးကွေးရသည်။

ဖြစ်ပေါ်လာသော သဘာဝဘေးဒဏ်အမျိုးမျိုးက သဘာဝပတ်ဝန်းကျင် ပျက်စီးအောင် တစ်ဖန်ပြန်ပြီး ဖျက်ဆီးနေပြန်သည်။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးဒဏ်တို့က ပြန်လှန်သက်ရောက်နေကြသည်။ သဘာဝပတ်ဝန်းကျင်ရှိဂေဟစနစ်များ ပျက်စီးညစ်ညမ်းလေလေ သဘာဝဘေးအန္တရာယ်များလေလေဖြစ်သည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးမှ လွတ်ကင်းရန်အတွက် သဘာဝပတ်ဝန်းကျင် ပျက်စီးညစ်ညမ်းစေမည့်အရာဟူသမျှကို မပြုဆောင်မိအောင် ရှောင်ကြဉ်ကြရပေမည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

ပတ်ဝန်းကျင်သည် လူမှုဘဝနှင့် ဆက်စပ်နေသည်။ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်က အကျိုးပြုပေးနေသည်။ အကျိုးပြုနေသောပတ်ဝန်းကျင်ကို လူတိုင်းက မြတ်မြတ်နိုးနိုး တန်ဖိုးထားကြရပေမည်။ လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ် နိုးကြားရှင်သန်နေအောင် ကျောင်းနေအရွယ် ငယ်စဉ်ကတည်းက လေ့ကျင့်သင်ကြားပေးနေရမည်ဖြစ်ပေသည်။

ယနေ့အခါတွင် အခြေခံပညာကျောင်းများရှိ အခြေခံပညာသင် ကျောင်းသား ကျောင်းသူများသည် **“အိမ်လမ်းရွာကျောင်း၊ သန့်ရှင်းကြောင်း၊ စုပေါင်းအမှိုက်သိမ်း”** ဟူသော ဆောင်ပုဒ် သံပေါက်ကဗျာကို တမြတ်တနိုး ရွတ်ဆိုနေကြပြီ။ ရွတ်ဆိုကြသည့်အတိုင်း အမှိုက်လှည်း၊ အမှိုက်ကောက်၊ အမှိုက်သိမ်းခြင်းတို့ကို စာမျက်နှာ ၂၀ သို့ ☆

“သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုကြောင့် ကမ္ဘာကြီးပူနွေးလာသည်။ ရာသီဥတုဖောက်ပြန်လာသည်။ အချိန်အခါမဟုတ် မိုးရွာလာသည်။ ရေကြီးရေလျှံဖြစ်ပေါ်လာသည်။ မုန်တိုင်းကြီးများ ဖြစ်ပေါ်တိုက်ခတ်လာသည်။ မြေဆီမြေနှစ်များ ခြောက်ခန်းလာသည်။ မြစ်ချောင်းအင်းအိုင်များ တိမ်ကောလာသည်။ လေထုညစ်ညမ်းလာသည် စသည်ဖြင့် သဘာဝဘေးဒဏ်အမျိုးမျိုး ဖြစ်ပေါ်လာသည်။ ထိုသို့ ဖြစ်ပေါ်လာမှုများကြောင့် မြေသယ်ဇာတ၊ ရေသယ်ဇာတ၊ လေသယ်ဇာတ စသည့်သယ်ဇာတများ ဆုံးရှုံးရသည်။ လူနှင့် သက်ရှိသတ္တဝါများ ထိခိုက်သေဆုံးရသည်။ လူမှုအကျိုးစီးပွားများ ပျက်စီးရသည်။ ဖွံ့ဖြိုးတိုးတက်မှုများ နှေးကွေးရသည်။”

ပြင်ဦးလွင်မြို့နယ်အတွင်း ခရိုင်/ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဦးဆောင်၍ မြို့မိ/မြို့ဖများနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းထောက်ပံ့ခြင်း အခမ်းအနားကျင်းပ

ပြင်ဦးလွင် စက်တင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် နောင်ပိန်ကျေးရွာအုပ်စု ကျောက်မဲလေးကျေးရွာအတွင်း အကြမ်းဖက်သောင်းကျန်းသူများမှ ကျူးကျော်ဝင်ရောက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ အိုးအိမ်စွန့်ခွာ၍ ထွက်ပြေးတိမ်းရောင်နေထိုင်လျက်ရှိပြီး ယခုအခါတွင် နယ်မြေဒေသ အေးချမ်းတည်ငြိမ်လာသည့်အတွက် ဒေသခံပြည်သူများ နေထိုင်နိုင်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရန် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖအဖွဲ့များ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်အလှူရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက ကျောက်မဲလေးကျေးရွာသို့သွားရောက်၍ ဒေသခံပြည်သူများအား တွေ့ဆုံအားပေး ကူညီထောက်ပံ့ဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးဦးဆောင်သောအဖွဲ့သည် ရွာကျောင်းဆရာတော်ထံသို့ သွားရောက်ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောက်မဲလေးကျေးရွာနှင့် ပုတီးကုန်းကျေးရွာတို့ရှိ ကျေးရွာသူကျေးရွာသားများအား ကျောက်မဲလေးစာသင်ကျောင်းဝင်းအတွင်း၌ တွေ့ဆုံအားပေးစကားပြောကြားကာ အိမ်ထောင်စု ၁၅၀ အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ခေါက်ဆွဲခြောက်၊ ဓာတ်ဆားထုပ်၊ ဆေးဝါးနှင့် မီးဖိုချောင်သုံးပစ္စည်းများ ကူညီထောက်ပံ့ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး လူမှုအသင်းအဖွဲ့များမှ ကျေးရွာသူ ကျေးရွာသားများအတွက် နေ့လယ်စာ ထမင်းဘူး ၅၀၀ အား ဝေငှပေးအပ်ကြပြီး ဦးစားပေးအဖြစ် လျှပ်စစ်မီးရရှိရေး လိုအပ်လျက်ရှိရာ ခရိုင်လျှပ်စစ်ဌာနမှ ဝန်ထမ်းများဖြင့် ကျေးရွာအတွင်းပျက်စီးသွားသော လျှပ်စစ်မီးတိုင်၊ မီးကြိုး၊ ထရန်စဖော်မာတို့အား အမြန်ပြုပြင်ဆောင်ရွက်ပေးလျက်ရှိခဲ့သည်။



ပါကြောင်းနှင့် ကျောက်မဲလေးကျေးရွာရှိ ပျက်စီးနေသောစာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းတို့ကိုလည်း ပြန်လည်ပြင်ဆင်တည်ဆောက်ပေးနိုင်ရေးအတွက် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှဦးဆောင်၍ မြို့မိ မြို့ဖအဖွဲ့များ၊ မြို့ပေါ်ရှိလုပ်ငန်းရှင်များ၊ အလှူရှင်များပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကျောက်တံတားမြို့နယ်၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာလာသူများအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသုံးကုန်ပစ္စည်းများ ထောက်ပံ့

ကျောက်တံတား စက်တင်ဘာ ၇

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တံတား မြို့နယ်၌ အကြမ်းဖက် ဖြစ်စဉ်များကြောင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာလာသူများအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသုံးကုန်ပစ္စည်းများ (တစ်ပတ်စာ) ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စိုးမင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးထွေးဦးက ပစ္စည်းများထောက်ပံ့ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ဒုတိယဗိုလ်မှူးကြီး စိုးမင်းအောင်နှင့် တာဝန်ရှိသူများက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာလာသူ အိမ်ထောင်စု ၄၁ စု၊ လူဦးရေ ၁၁၃ ဦးသို့ စားသုံးကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲများကို ပေးအပ်ရာ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် နေရပ်စွန့်ခွာလာသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဒေါက်တာမေသီတာခင်နှင့်ဝန်ထမ်းများက နေရပ်စွန့်ခွာလာသူ ပြည်သူများအား ၄၄်ဖျားရောဂါပိုးရှိ မရှိ စစ်ဆေးပေးပြီး ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မအူပင်မြို့ရှိ စက်သုံးဆီအရောင်းဆိုင်၌ မီးဘေးအန္တရာယ်လုံခြုံရေး အသိပညာပေး

မအူပင် စက်တင်ဘာ ၇

ရှောဝတီ တိုင်းဒေသကြီး မအူပင်မြို့၌ မီးဘေးအန္တရာယ်လုံခြုံရေး အသိပညာပေး ဟောပြောခြင်းနှင့် မီးငြှိမ်းသတ်ရေးပစ္စည်းများ ကောင်းမွန်မှုရှိ/မရှိ စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၉)ရပ်ကွက်ရှိ TERMNAL စက်သုံးဆီအရောင်းဆိုင်သို့ ကွင်းဆင်းဆောင်ရွက်သည်။



လက်တွေ့လေ့ကျင့်သရုပ်ပြ

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းကို မအူပင်မြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဌေး ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်မဖြစ်ပွား မပေါ်ပေါက်စေရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေး အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့် လုပ်ငန်းများ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အလျင်အမြန်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ မီးသတ်ဆေးဘူး အသုံးပြုနည်းများအား အသိပညာပေးဟောပြောသည်။ ယင်းနောက် မီးသတ်ဆေးဘူးဖြင့် မီးငြှိမ်းသတ်ခြင်းကို လက်တွေ့လေ့ကျင့် သရုပ်ပြခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

မိုင်းပန်မြို့နယ် သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

တောင်ကြီး စက်တင်ဘာ ၇

ရှမ်းပြည်နယ် တောင်ပိုင်း မိုင်းပန်မြို့နယ်သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက မိုင်းပန်မြို့နယ် သမဝါယမဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ မြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌက အသင်း၏ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး မိုင်းပန်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း/အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌတို့က လမ်းညွှန်အမှာစကား ပြောကြားသည်။



ဆက်လက်ပြီး မိုင်းပန်မြို့နယ် သမဝါယမအသင်းစု လီမိတက် အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ၊ နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေ စာရင်းများနှင့် အသင်းစာရင်းစစ် အစီရင်ခံစာများ ဖတ်ကြားရှင်းလင်းပြီး ရှေ့လုပ်ငန်းစဉ်များချမှတ်၍ အတည်ပြုချက်ရယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝိုးတောင်း

ဆီဆိုင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ဆီဆိုင် စက်တင်ဘာ ၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တာဝန်ရှိသူများက စက်တင်ဘာ ၆ ရက် ညနေပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

လမ်းညွှန်မှာကြား

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ တံတားတည်ဆောက်ရေး အင်ဂျင်နီယာ



ချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ ဒုတိယ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမောင်ဆွေ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) နှင့် ဆီဆိုင်မြို့နယ် တာဝန်ခံတို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေကျပ်သန်း ၃၅၀ ဖြင့် ဆောင်ရွက်သည့် ဆီဆိုင်မြို့နယ် ကုန်းဆွတ်-လာဇရူး-တောင်သာ-တရောက်-ဖာလိုင်လမ်းပေါ်ရှိ ပေ ၂၀၀၊ သံကူ ကွန်ကရစ်တံတား (ပထမပိုင်း) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန် မှာကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

☆ စာမျက်နှာ ၁၉ မှ

မိမိအသိစိတ်ဖြင့် ဂုဏ်ယူစွာ ဆောင်ရွက်နေကြသည်။ **“ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး”၊ “ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းသာယာလှပရေး”** လုပ်ငန်းများကို သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးနှင့်အတူ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအားလုံး စုပေါင်းပြီး ပျော်ပျော်ပါးပါး ဝိုင်းဝန်းဆောင်ရွက်နေကြသည်ကို မြင်တွေ့နေရပါသည်။

ထိုသို့ ဝိုင်းဝန်းစုပေါင်းပြီး ဆောင်ရွက်နေကြခြင်းသည် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးတန်ဖိုးထားပြီး အလှဆင်သူများ ဖြစ်ပေါ်လာအောင် သင်ကြားလေ့ကျင့်ပေးနေခြင်း ပင်ဖြစ်ပါသည်။ အလေ့အကျင့်ကောင်းများနှင့် ကြီးပြင်းလာသော ကျောင်းနေအရွယ်အားလုံးတို့သည် ကျောင်းနေအရွယ် လွန်မြောက်၍ အရွယ်ရောက်သည့်အခါတွင် မိမိနေထိုင်ရာ သဘာဝပတ်ဝန်းကျင်ကို သာယာအေးချမ်းပြီး သန့်ရှင်းလှပစေရန် အလှဆင်ပေးနေကြမည့်သူများ ဖြစ်ပါသည်။

ဆိုရသော် ယနေ့ကျောင်းနေအရွယ် မောင်မယ်တို့သည် သဘာဝပတ်ဝန်းကျင်ကို မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရင်း ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကြမည့်သူများပင် ဖြစ်ပါသတည်း။ ။



(၆၁) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၆ ရက်က ရပ်စောက်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးအေးမင်းသိန်း၊ ဦးစီးအရာရှိ၊ တပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ ဒုတိယရဲမှူးဇော်မင်း ဦးဆောင်သောအဖွဲ့ဝင်များ ရပ်စောက်မြို့ မြို့ကုန်းရပ်ကွက်၊ ဘုရားကြီးပရိဝုဏ်အတွင်းရှိ စူဠတိသာ၊ မဟာတိသာဘွဲ့အမည်ရ စေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပင်းတယမြို့ ဆူးဗိုလ်ကုန်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လုံခြုံရေးတပ်ခွဲမှူး ရဲမှူးတင်ကိုကို ဦးစီးတပ်ဖွဲ့ဝင်များ၊ ပင်းတယမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ ပင်းတယမြို့မ ရဲစခန်းမှူး ဒုတိယရဲမှူးအေးမင်းနှင့် တပ်ဖွဲ့ဝင်များ စုစုပေါင်း ၅၅ ဦးတို့က မြက်ပင်၊ ချုံနွယ်များ၊ သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်သရိုက်များ စုပေါင်းရှင်းလင်းခြင်းများကို ဆောင်ရွက်ကြစဉ်။

မိုးမိုးထွေး(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး မိုးညွန့်ထွန်းနှင့် အရာရှိ၊ တပ်ဖွဲ့ဝင်များ စုပေါင်း၍ စက်တင်ဘာ ၆ ရက်က လွိုင်လင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

လွိုင်လင်မိုး

ပခုက္ကူစာပေဆုရ စာအုပ်များ ဖြန့်ချိရောင်းချ

နေပြည်တော် စက်တင်ဘာ ၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု ကျမ်းစာပေ တတိယဆုရရှိသည့် စာရေးဆရာသက်ဦးမောင်၏ "ရုပ်ရှင်နှင့် နိုင်ငံရေး၊ အမျိုးသားရေးအခန်းကဏ္ဍ" စာအုပ်ကို ရောင်းဈေးကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ဤစာအုပ်တွင် ရုပ်ရှင်နှင့် နိုင်ငံရေး အဆက်အစပ်၊ နိုင်ငံရေးရုပ်ရှင်နှင့် ရုပ်ရှင်နိုင်ငံရေး၊ နိုင်ငံရေးမှတ်တမ်းရုပ်ရှင်၊ ဝါဒဖြန့်နိုင်ငံရေးရုပ်ရှင်များ၊ ဖြစ်ရပ်မှန်နိုင်ငံရေးရုပ်ရှင် အမျိုးအစားများ၊ စစ်ပွဲရုပ်ရှင်များ၊ မြန်မာ့ရုပ်ရှင်နှင့် အမျိုးသားရေးအဆက်အစပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုခေတ် အမျိုးသားရေးရုပ်ရှင်များကို ပြည်တွင်းပြည်ပ ရုပ်ရှင်ဇာတ်ကားနာမည် မှတ်တမ်းစာရင်းများနှင့် တကွ အခန်းလေးခန်း ခွဲခြားရေးသားထားသည်။ ထူးခြားဆန်းသစ်သည့် အကြောင်းခြင်းရာများပါရှိသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ရာ ရုပ်ရှင်နယ်ပယ်မှ အနုပညာရှင်များအတွက် အားတက် အားကျ အတုယူဖွယ်ရာများ၊ သင်ခန်းစာယူဖွယ်ရာများ စုံလင်လှသည်။ ရုပ်ရှင်သမိုင်း သုတေသီများ၊ ရုပ်ရှင် အနုပညာရှင်များနှင့် ရုပ်ရှင်ဝါသနာရှင်များ ဆောင်ထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ဘဝတေးသံကဗျာများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု၊ ကဗျာပေါင်းချုပ်၊ တတိယဆုရရှိသည့် စာရေးသူ ကနောင်နိုင်နွယ်ဦး၏ "ဘဝတေးသံ ကဗျာများ" စာအုပ်ကို ရောင်းဈေးကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

အဆိုပါစာအုပ်တွင် မြန်မာ့ရိုးရာဓလေ့များနှင့် ကျေးလက်အလှ၊ စာပေအနုပညာ၊ အတွေးအမြင်၊ ချစ်ခြင်းမေတ္တာ၊ နိုင်ငံချစ်မြတ်နိုးစိတ် စသည်ဖြင့် မျိုးတူရာကဗျာများကို စုစည်းကာ အခန်းများခွဲ၍ တင်ပြထားသည်။ အကြောင်းအရာ အသင့်အတင့်စုံလင်ပြီး ကဗျာဖွဲ့နည်းများလည်း အတော်အတန်စုံလင်သည်။ အကြောင်းအရာများပေါ်မူတည်၍ တင်ပြပုံများလည်း ကောင်းမွန်သည့် ကဗျာများဖြစ်သည်။

ရတနာပုံ အိမ်ရှေ့စံ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု၊ ကျမ်းစာပေ ဒုတိယဆုရရှိသည့် စာရေးသူ ဦးဝင်းမြင့်မောင် (လင်းအရာဏ်ဦး)၏ "ရတနာပုံ အိမ်ရှေ့စံ" စာအုပ်ကို ရောင်းဈေးကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ကုန်းဘောင်ခေတ် အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ ဘဝဖြစ်စဉ်ကို သမိုင်းတင်ထားခဲ့သည်များထဲမှ မှတ်သားဖွယ်ရာများစွာကို ကောက်နုတ်ပြုစုထားရာ သုတရသမျိုးစုံပါဝင်သည်။ အရေးအသား ပြေပြစ်ကျစ်လျစ်ကာ တန်ဖိုးရှိလှသည်။ နိုင်ငံနှင့် လူမျိုး၏ ရေရှည်အကျိုးအတွက် စွန့်ဦးတီထွင်လုပ်ငန်းများကို ကြိုးပမ်းဖော်ထုတ်ခဲ့ပုံ၊ လွမ်းရေးထက်နန်းတွင်းရေးနှင့် ပြည်ထဲရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပုံ၊ နန်းတွင်းသစ္စာဖောက်များ၏ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရပုံ၊ အိမ်ရှေ့စံကနောင်မင်းသားကြီး၏ ကောင်းမှုကုသိုလ်အဖုံဖုံစသည်တို့ကို သမိုင်းအထောက်အထားမျိုးစုံဖြင့် ပြုစုထားရာ မျိုးဆက်သစ် လူငယ်များနှင့် သမိုင်းသုတေသီများအဖို့ လက်ကိုင်ထားသင့်သည့် စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်များကို အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၁၈၄၈)၊ အမှတ်(တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၁၈၄၈)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

---

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



ကျောက်ဆည် စက်တင်ဘာ ၇

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်မြို့တွင် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ပိုင်းက ကျောက်ဆည်မြို့အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်း သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

စုပေါင်း သွေးလှူဒါန်းပွဲသို့ ကျောက်ဆည်ခရိုင် ရဲတပ်ဖွဲ့မှူးယာယီဒုတိယရဲမှူးကြီး အေးမြင့်နိုင်အနီးကပ် ကြီးကြပ်မှုဖြင့် ကျောက်ဆည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ် သုံးမြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းပြီး အရာရှိသုံးဦး၊ အခြားအဆင့် ၁၈ ဦး၊ စာရေးဝန်ထမ်းတစ်ဦးနှင့် အမှတ်(၁၀) သတင်းတပ်ဖွဲ့ခွဲ၊ သတင်းတပ်ဖွဲ့စု (ကျောက်ဆည်)မှ အခြားအဆင့် တပ်ဖွဲ့ဝင်တစ်ဦး စုစုပေါင်း ၂၃ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ရာ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတင်လှနှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်မှုများ ဖြည့်ဆည်းပေးခဲ့ပြီး သွေးလှူရှင်များ အားအင်ပြန်လည်ပြည့်ဖြိုးရေး နို့အေး၊ ကြက်ဥ၊ ငှက်ပျောသီး၊ ရိုင်ရယ်ဒီအချိုရည်နှင့် ဓာတ်ဆားများ ပေးဝေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

တိုက်ကြီးမြို့နယ်၌ သွင်းအားစုဓာတ်မြေဩဇာများကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးပေး



တိုက်ကြီး စက်တင်ဘာ ၇

ရန်ကုန်တိုင်း ဒေသကြီး တိုက်ကြီးမြို့နယ် အတွင်းရှိ မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများကို သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံလမ်းညွှန်မှု၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ အနီးကပ် ကြီးကြပ်မှု၊ ခရိုင်/မြို့နယ် စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီ၏ ပူးပေါင်း ပါဝင်ဆောင်ရွက်မှုတို့ဖြင့် တိုက်ကြီးမြို့နယ် အတွင်းရှိ မိုးစပါးစိုက်ဧက ၁၂၇၈၉၃ ဧကအတွက် သွင်းအားစုဓာတ်မြေဩဇာများ လုံလောက်စွာအသုံးပြုနိုင်ရေး ယူရီးယားပုလဲဓာတ်မြေဩဇာအိတ် ၂၀၀၄၀၊ ၁၅ပတ်လည် ကွန်ပေါင်း ဓာတ်မြေဩဇာအိတ် ၁၅၆၀၀ စုစုပေါင်း အိတ် ၃၅၆၄၀ ကို တိုက်ကြီး၊ ဥက္ကံ၊ တောင်လတီ၊ အဖျောက် နေရာလေးနေရာခွဲ၍ ဩဂုတ် ၂၃ ရက်က ဖြန့်ဖြူးပေးလျက်ရှိရာ ယခုအခါ ဓာတ်မြေဩဇာများအားလုံး ဖြန့်ဖြူးထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သာကေတမြို့နယ်၌ မဲရုံ ၉၇ ရုံနေရာများအား မြေပြင်ကွင်းဆင်းစစ်ဆေး



သာကေတ စက်တင်ဘာ ၇

ရန်ကုန်တိုင်း ဒေသကြီး သာကေတမြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်အသုံးပြုမည့် လျာထားမဲရုံ ၉၇ ရုံနေရာများတွင် လုံခြုံရေးကောင်းမွန်မှုရှိ/မရှိ၊ အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်မှုရှိ/မရှိ၊ မဲဆန္ဒရှင်များသွားလာရလွယ်ကူမှု ရှိ/မရှိ အခြေအနေများကို ယမန်နေ့နံနက်ပိုင်းက အဖွဲ့နှစ်ဖွဲ့ခွဲ၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူ ဦးဆောင်သော အဖွဲ့(၁)က ရပ်ကွက် ၁၁ ရပ်ကွက် အတွင်းရှိ မဲရုံ ၅၀နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးသူရိန်ဇော် ဦးဆောင်သော အဖွဲ့(၂)က ရပ်ကွက် ၅၅ ရပ်ကွက်ရှိ မဲရုံ ၄၇ ရုံတို့အား မြေပြင် ကွင်းဆင်းစစ်ဆေးကြပြီး အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်မှုမရှိသည့် အဆောက်အအုံ ခိုင်ခံ့မှုအားနည်းသည့် မဲရုံများအား တည်နေရာပြောင်းလဲဆောင်ရွက်နိုင်ရေး မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အချိန်မီတင်ပြရန်၊ ပတ်ဝန်းကျင်သာယာလှပရေး အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

အိရွှေစင်လတ်(ပြန်/ဆက်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

Grade 10

(ယခင်တစ်ပတ်မှအဆက်)

Unit 2 Literature

I.Complete the sentences with the appropriate words. The initial letters are given.

1. Unlike poetry, p_____ does not follow a strict rhyme or rhythm.
2. William Shakespeare made a great contribution to English l_____.
3. The firefighter's h_____ actions saved many lives.
4. He is a p_____ scientist in the field of medicine.
5. She enjoys writing s_____ about nature and love.
6. I love reading b_____ of famous historical figures.
7. P_____ can be written in different styles and forms.
8. Jane Austen's *Pride and Prejudice* is a famous n_____.
9. The word "banana" has three s_____.
10. Many English words come from L_____.
11. This novel may well become a c_____.
12. A l_____ is a funny five-line poem.
13. The movie was so h_____ that we couldn't stop laughing.
14. The poet wrote a long poem with five s_____.
15. I followed a r_____ to bake a chocolate cake.

II.Choose the appropriate words or phrases to complete the sentence.

1. This is the park _____ we used to play as children.
   (A) who (B) which (C) where
2. I love this movie, _____ is based on a true story.
   (A) who (B) which (C) where
3. Novels and short stories are examples of _____.
   (A) prose (B) drama (C) poetry
4. The play was a _____, and everyone laughed throughout the show.
   (A) tragedy (B) comedy (C) tragicomedy
5. Being _____ means you can read and write.
   (A) literate (B) literature (C) lecture
6. This is the village _____ my parents were born.
   (A) which (B) where (C) who
7. The poem has a perfect _____at the end of each line.
   (A) rhyme (B) rhythm (C) rhyming
8. The magazine is looking for freelance _____.
   (A) authors (B) writers (C) authoress
9. A friendship built on trust and respect can be _____ and last a lifetime.
   (A) endurance (B) endure (C) enduring
10. The _____ of the empire was caused by internal conflict.
    (A) downfall (B) success (C) death
11. It was a _____ to meet you.
    (A) pleasure (B) pleasurable (C) pleasant
12. I enjoy learning about different _____ around the world.
    (A) cultural (B) cultures (C) cultivate
13. The comedian's jokes were _____ and kept everyone laughing.
    (A) amusement (B) amusing (C) amused
14. The _____ performance left the audience in tears.
    (A) comedy (B) classic (C) drama
15. The plant is _____ because of the lack of sunlight.
    (A) dead (B) death (C) dying

III. Rewrite the sentence according to the instruction given in brackets.

(1) If U Sein did not cut down the tree, his son did. **(Join, using 'either … or'.)**

(2) Listen! Someone _____ (knock) on the door. **(Complete the sentence, using the correct tense of the verb in brackets.)**

(3) They have invited us to the party. **(Change the sentence into the passive voice.)**

(4) The firefighters rescued the people from the burning building. **(Change the sentence into the passive voice.)**

(5) Daw Hnin Si is a well-trained teacher. She is good at teaching. **(Join, using nouns in apposition.)**

(6) People speak English all over the world. **(Change the sentence into the passive voice.)**

(7) The restaurant doesn't serve breakfast. It doesn't serve lunch. **(Join, using neither … nor.)**

(8) She usually _____ (wake) up early, but today she _____ (sleep) late. **(Complete the sentence, using the correct tense of the verb in brackets.)**

(9) Nandar said to me, "Have you ever been to London?" **(Change the sentence into the reported speech.)**

(10) Jackie Chan is known for his action movies. He is my favourite actor. **(Join, using nouns in apposition.)**

(11) We couldn't find the key. We couldn't open the door. **(Join two sentences, using 'neither…nor'.)**

(12) They _____ (plan) a trip to the beach this weekend. **(Complete the sentence, using the correct tense of the verb in brackets.)**

(13) The nurse took care of the patient. **(Change the sentence into the passive voice)**

(14) The baby _____ (cry) loudly right now. **(Complete the sentence with the correct tense of the verb given in brackets.)**

(15) Su Myat said to Thinzar, "Please, help me with this." **(Change the sentence into the reported speech.)**

****

Grade 11

(ယခင်တစ်ပတ်မှအဆက်)

Unit 2 ONLINE SHOPPING: Pros and Cons

I.Complete the sentences with the appropriate words. The initial letters are given.

1. Many businesses are investing in better security to protect themselves from c_____.
2. The store provides a 10% d_____ for students.
3. We received excellent feedback from our c_____ about the new product.
4. The n_____ between the two companies lasted for several weeks.
5. It's important to manage your f_____ wisely to avoid unnecessary debt.
6. Online shopping platforms ensure secure t_____ for their customers.
7. The s_____ r_____ explained the product's features to the customers.
8. The report requires close e_____ to identify any potential errors.
9. The company is always keeping an eye on its c_____ to stay ahead in the market.
10. The s_____ c_____ in the kitchen made it hard to fit all the new appliances.
11. We need to c_____ effectively to improve team collaboration.
12. You can make r_____ online for convenience.
13. We had to stand in q_____for hours to get into the concert.
14. Lack of proper communication is a major h_____to progress.
15. The only d_____ of living in a big city is the high cost of living.

II.Choose the appropriate words or phrases to complete the sentence.

1. You _____ bring your own pen; I have extra ones.
   (A) don't have to (B) mustn't (C) didn't have to
2. One of the main _____ of social media is that it can be addictive.
   (A) cybercrimes (B) hindrance (C) drawbacks
3. Everyone must pay _____ on their income.
   (A) tax (B) credits (C) prices
4. Studying abroad is a great _____ for students.
   (A) chance (B) opportunity (C) option
5. Street markets are great places for _____to get lower prices.
   (A) mediation (B) negotiation (C) bargaining
6. The doctor performed a thorough _____of the patient.
   (A) analysis (B) inquiry (C) examination
7. Due to space _____, only a few guests were invited to the event.
   (A) restrictions (B) limitations (C)constraints
8. The teacher encourages _____ between students through group activities.
   (A) engagement (B) collaboration (C) interaction
9. She _____ study for her exam this weekend.
   (A) must (B) have to (C) mustn't
10. I will call you _____.
    (A) after (B) before (C) until
11. The restaurant orders vegetables from a local _____.
    (A) client (B) customer (C) supplier
12. I love to _____in bookstores even if I don't buy anything.
    (A) purchase (B) browse (C) retail
13. How much do I have to pay _____ the new phone?
    (A) on (B) to (C) for
14. After the presentation, I received positive _____ from the audience.
    (A) feedback (B) drawback (C) interaction
15. The _____ for the concert tickets is due by Friday.
    (A) payment (B) transaction (C) deal

III. Rewrite the sentence according to the instruction given in brackets.

(1) We should review the notes ____(before / after) the exam starts. **(Choose the correct expression given in brackets.)**

(2) Scientists _____ (investigate) the effects of climate change for decades. **(Complete the sentence, using the correct tense of the verb in brackets.) have been investigating**

(3) No one noticed her enter the classroom. **(Change the sentence into the passive voice.)**

(4) The project requires time. The project requires effort. **(Combine the sentences using "both…and".)**

(5) The food was not too salty. The food was not too spicy. **(Join, using neither … nor.)**

(6) She read the instructions. Then, she assembled the furniture. **(Combine the sentences using "after".)**

(7) She _____ (train) intensively for the marathon and hopes to win. **(Complete the sentence, using the correct tense of the verb in brackets.)**

(8) She said, "Can you help me with my luggage?" **(Change the sentence into the reported speech.)**

(9) We _____ leave now if we want to catch the train. **(Complete the sentence with the correct alternative; "must" or "have to".)**

(10) She has never been to the United States. She has never been to Canada. **(Join two sentences, using 'neither…nor'.)**

(11) You _____ (look) a bit tired today. What _____ (happen)? **(Complete the sentence, using the correct tense of the verb in brackets.)**

(12) He saved his work. Then, he closed his laptop. **(Combine the sentences using "before".)**

(13) Who helped you finish your homework? **(Change the sentence into the passive voice)**

(14) We _____ (discuss) this issue for hours, but we haven't reached a conclusion. **(Complete the sentence with the correct tense of the verb given in brackets.)**

(15) They asked me, "How long have you been waiting?" **(Change the sentence into the reported speech.)**

****

☆ စာမျက်နှာ ၂၂ မှ

Grade 12

Unit 2 KEY TO HAPPINESS
(ယခင်တစ်ပတ်တွင် ဖော်ပြပါရှိခဲ့သော မေးခွန်းများ၏ အဖြေများ)

V.(2) **(A)** (1) be loved or enjoyed (2) Job satisfaction and career success (3) he or she enjoys (4) kindly (5) Generous people

(B) (6) People who passionately love their work feel happy because of job satisfaction and career success. (7) People loving what they are doing tend to achieve happiness when they can accomplish the tasks they have undertaken or when they become prosperous while doing the work they enjoy. (8) Acts of kindness can make the world become a happier place. (9) Generous people are happier and healthier than stingy people. (10)According to the passage, we can achieve happiness by loving our work, enjoying what we are doing , being kind and helping others.

V.(3) **(A)** (1) are desired (2) good (3) inferior, depressed and dejected (4) happiness (5) fatigue and muscle tension

(B) (6) Envy, which is a state of desiring other people's qualities, possessions, opportunities, etc can barricade people to achieve happiness (7) We should try to replace envy with such positive emotions as sympathy or empathetic joy. (8) People who are envious of others are likely to experience inferiority, dejection and depression. (9) A person must be fit, both physically and mentally to achieve true happiness. (10) We are likely to have more mental energy and more physical vitality if we feel happy and calm.

V.(4) **(A)** (1) Having a feeling of contentment (2) happy (3) a reasonable amout of material possessions (4) is believed (5) comfortable

(B) (6) People who feel discontented with what they have are called people who crave for more career success and money. (7) The simplest things in life are the most important for us because we tend to be happy with simple things, like a walk in a park, a beautiful sunset and an evening with a friend. (8) There can be greed and frustration by wanting more than what is necessary. (9) Rich people often consider that they are happy because they can buy expensive houses, new cars, big yachts and designer clothes. (10) Many people are trying to get rich in every possible way in the hope of achieving happiness in life.

****

Unit 2 KEY TO HAPPINESS
(ယခင်တစ်ပတ်မှအဆက်)

V.(5) Read the passage.

8. Have a positive attitude to life

It is often said that life is composed of positive elements and negative elements. Having a positive attitude to life is a good way of finding happiness. For example, when you encounter difficulties in your school or work, you may feel disappointed and downhearted. At such a time, you must try to adopt a positive attitude to cope with these problems. You must also learn how to live contentedly with the negative elements of life rather than attempt to live a life where nothing bad ever happens. If you respond very positively to everything that happens, you will surely find happiness.

9.Think back to sweet memories from the past

You may be in a bad mood or feel downhearted from time to time, simply because you are looking inside you, thinking about bad things. A group of psychologists have discovered that thinking back to pleasant incidents in the past can improve your mood and make you more cheerful. For example, think about something in your childhood that gives you great pleasure, look at old photos showing happy events or recall hearing news someone's good fortunes. These sweet memories can put you in a better mood – they can make you smile, laugh or feel joyful.

(A) Write the correct word or words to complete each sentence. (5 marks)

(1) –––––––– can lead to achieving happiness.
(2) An encounter with difficulties at school or work makes us experience ––––––––.
(3) Positive –––––––– to everything that happens can make you happy.
(4) Your mood can –––––––– by thinking back to pleasant incidents in the past.
(5) You can be made to smile, laugh or feel joyful by ––––––––.

(B) Answer each question in one sentence. (5 marks)

(6) What are people to face in life?
(7) What should you do when you encounter difficulties in your school or work?
(8) How can you avoid attempting to live a life where nothing bad ever happens?
(9) Why may people be in a bad mood or feel downhearted from time to time?
(10) How can you overcome a bad mood or downhearted feelings?

V.(6) Read the passage.

10. Practise meditation or mindfulness

Nowadays, people may suffer from work–related stress, which leads to severe diseases such as diabetes and heart disease. To reduce stress, people practise mediation, which is also known as mindfulness. The idea is that you find a clean floor, sit still and pay attention to what is happening to you at that very moment. You should not think about the past or the future, just the present. Mediation will ease the tension in your body, clear your mind of negative thoughts and give you a sense of inner peace and well–being.

Everyone wants to be happy and cheerful, but it seems that not many people can achieve happiness. The ten ways mentioned above will be of much benefit to those who are desperately seeking happiness. Go over them once more and adopt any of them that will meet your needs.

(A) Write the correct word or words to complete each sentence. (5 marks)

(1) –––––––– may let people suffer from diabetes and heart disease.
(2) The word –––––––– for meditation is mindfulness.
(3) The tension in your body will –––––––– by practising meditation.
(4) Meditation can make your mind of negative thoughts ––––––––.
(5) Adopting any of ten ways will be of much benefit in –––––––– happiness.

(B) Answer each question in one sentence. (5 marks)

(6) What can be caused by work – related stress?
(7) Why do people practise meditation?
(8) What is the idea of practising meditation?
(9) How should you pay attention to what is happening to you at that very moment?
(10) According to the passage, what does the writer think about people?

VI. Read the passage.

The solar system is a fascinating collection of **celestial** bodies bound together by the gravitational pull of the sun, its central star. At its heart, the sun, a massive ball of burning gases, providing the energy and light that sustains life on Earth and influences every other object within the system. **Orbiting** the sun are eight diverse planets, each unique in its composition and characteristics. The inner planets – Mercury, Venus, Earth, and Mars – are rocky and **relatively** small, while the outer planets – Jupiter, Saturn, Uranus, and Neptune – are gas giants or ice giants, much larger and primarily composed of gases and ices. Between Mars and Jupiter lies the **asteroid** belt, a region filled with rocky fragments from the early solar system. Beyond Neptune, the Kuiper Belt and the Oort Cloud harbor icy bodies, including **dwarf** planets like Pluto. The solar system also includes moons, comets, and meteoroids, all contributing to its incredible complexity and wonder. It's a dynamic and ever – evolving cosmic neighbourhood!

(A) Find the bold – faced words in the passage that are similar in meaning in the following. (5 marks)

(1) a body not being a comet that orbits within the orbit of Jupiter 1. ––––––––––
(2) much smaller than the usual of its sort 2. ––––––––––
(3) Circling or revolving around another object 3. ––––––––––
(4) relating to the sky or space or heavenly 4. ––––––––––
(5) proportionally, in relation to some larger scale thing 5. ––––––––––

(B) Answer the following questions. Give completely answers. (10 marks)

(6) How is the solar system regarded?
(7) How many diverse planets orbit the sun and what are they?
(8) Why are the inner planets different from the outer planets?
(9) Where can the asteroid belt be found and what kind of planet is Pluto?
(10) Is the solar system static? Why or why not?

VII. (A) Complete the dialogue with the expressions given in the box. There is an extra.

Where are you going
how to cook too
do fun things together
my parents cook dinner
I'll ask my mom
What kind of things

Khin Khin: I like spending time with my family. We _____(1)_____.
Darli: Me too! _____(2)_____ do you do with your family?
Khin Khin: We play games, go for walks, and sometimes watch movies.
Darli: That sounds nice. I usually help _____(3)_____.
Khin Khin: That's cool! I want to learn _____(4)_____.
Darli: You should! It's fun to cook with family.
Khin Khin: Yeah, I think _____(5)_____ to teach me her recipes.

VII. (B) Complete the exchange using the expressions given in the box. There is an extra.

That sounds like fun
It looks sunny outside
What time shall we meet?
it can also be addictive
which part do you need clarification on?
Can you show me?

6. A : I don't understand this word
   B : Which word? _____(6)_____
7. A: Let's play soccer.
   B: Okay! _____(7)_____.
8. A: I think it's going to rain today.
   B: I don't think so. _____(8)_____.
9. A: Could you repeat the directions for the assignment?
   B: Sure, _____(9)_____
10. A: I think social media has both positive and negative effects.
    B: I agree. It can help us stay connected, but _____(10)_____

****

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

ပင်းတယမြို့နယ် ပွေးလှ-တမဲလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

ပင်းတယ စက်တင်ဘာ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ပွေးလှ-တမဲလမ်းပေါ်ရှိ ပေ ၅၀ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း(ပထမပိုင်း) လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၆ ရက်က အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ဝေဝေလွင်ဖြိုးနှင့် ဦးစီးအရာရှိ(မြို့ပြ) ဒေါ်တင်တင်ထွေးတို့က ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်။

အဆိုပါ တံတားတည်ဆောက်ခြင်းကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၁၆၂ သန်း ၂၉၁ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ကိုဦး(ပြန်/ဆက်)



တာချီလိတ်မြို့၌ အခြေခံစားသောက်ကုန်များ ပေးအပ်လှူဒါန်း

တာချီလိတ် စက်တင်ဘာ ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဦးလှမိုး(တာချီလိတ်)လူမှုကူညီရေးအသင်းနှင့် အလှူရှင်များက အခြေခံစားသောက်ကုန်များ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ဆန်ဆိုင်း(ခ) ရပ်ကွက်ရှိ အဆိုပါလူမှုကူညီရေးခန်းမ၌ ပြုလုပ်သည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ဦးလှမိုး (တာချီလိတ်)လူမှုကူညီရေးအသင်းနှင့် တာချီလိတ်မြို့နေ ဦးအောကာ၊ ဦးဇေယျအောင်၊ ဦးဘုန်းမြတ်ဟိန်း၊ ဦးချင်းချင်း မိသားစုတို့က ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ရေသန့်ဘူး၊ မုန့်ထုပ်၊ ခေါက်ဆွဲခြောက်ထုပ်များကို လှူဒါန်းခဲ့ကြသည်။

တာချီလိတ်မြို့၌ မကြာခဏမိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုများဖြစ်ပွားခြင်းကြောင့် ဒေသခံပြည်သူများ၏ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ပြည်သူ ၃၀၀ တို့အား ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ကန့်ဘလူမြို့နယ်၌ ဆောင်းနှမ်း ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းသရုပ်ပြပွဲ ပြုလုပ်

ကန့်ဘလူ စက်တင်ဘာ ၇

စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့တွင် ဆောင်းနှမ်း ပန်းတိုင်အထွက်နှုန်း ရရှိရေး စိုက်ပျိုးနည်းစနစ် ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၈ နာရီက ကန့်ဘလူမြို့တောင်သူဦးအုံးကျော်၏ ယာမြေငါး၈ကွ၌ ဆောင်ရွက်သည်။



တက်ရောက်

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှကြိုင်က နှမ်းပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် တောင်သူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးသည်။ ယင်းကွင်းသရုပ်ပြပွဲသို့ ခရိုင်/မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကန့်ဘလူခရိုင်၌ ဆောင်းသီးနှံစုံ ၄၀၉၆၇၇ ဧကလျာထားပြီး ဆီထွက်သီးနှံ ၃၅၂၄၄ ဧကအနက် ဆောင်းနှမ်း ၁၁၀၇၄၉ ဧကလျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် လျာထား ဧက ပြည့်မီကျော်လွန်စေရေးအတွက် စိုက်ပျိုးရေးဝန်ထမ်းများ၊ ဒေသခံတောင်သူများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ကျိုက်လတ်မြို့နယ်၌ စားသုံးဆီများ ဈေးနှုန်းသက်သာစွာ ရောင်းချ



ကျိုက်လတ် စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်အတွင်းရှိ ပြည်သူများ စားသုံးဆီများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရန် စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းက ကျေးရွာများအရောက် စားသုံးဆီများ ရောင်းချပေးသည်။

အဆိုပါ စားသုံးဆီရောင်းချရာတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမိုးမင်းသန်းနှင့် မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့က ကြီးမှူး၍ အောင်သပြေခိုင်ကုမ္ပဏီမှ ဖြန့်ဖြူးသည့် စားသုံးဆီ တစ်ပိဿာလျှင် ၇၂၁၇ ကျပ်နှုန်းဖြင့် ထင်းကွင်းကျေးရွာနှင့် ကလပ်ရပ်ကျေးရွာတို့ရှိ ပြည်သူများအား စားသုံးဆီဖူလုံစေရေးအတွက် ရောင်းချပေးခြင်းဖြစ်သည်။ ထို့နောက် ကျိုက်လတ်မြို့နယ် ဆီကုန်သည်ကြီးများအသင်းနှင့် ဆီလုပ်ငန်းရှင်များ ပူးပေါင်း၍ သတ်မှတ်ရက်များအလိုက် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင်လည်း စားသုံးဆီကို ဈေးနှုန်းချိုသာစွာဝယ်ယူနိုင်ရန် လှည့်လည်၍ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လှိုင်မင်းအောင်(ပြန်/ဆက်)

ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန် အသိပေးကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၁၄-၅-၂၀၂၅)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၅ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လယ္ပေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနီကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန် ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။


၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

မိုက်ခရိုကွန်ထရိုလာတို့၏ ပါဝါပြန်လည်ဖြန့်ဝေမှု(၃)

နီဇော်သစ်

၂၁ ရာစု၏ ဒုတိယဆယ်စုနှစ်သည် မိုက်ခရိုကွန်ထရိုလာနည်းပညာ တစ်ဟုန်ထိုးတိုးတက်မှုအမြင့်ဆုံးကာလဟု ဆိုနိုင်သည်။ ထရန်စစ္စတာဂိတ် အရွယ်အစားသည် ၃၂ နာနိုမီတာမှ ခုနစ်နာနိုမီတာအထိ ကျဆင်းသွားသည်။ အရေအတွက်အားဖြင့် ပြောရလျှင် ၂၀၁၁ ခုနှစ်ထုတ် အင်တဲလ်ဆန်ဒီဘရစ်ဂျ် စီပီယူ၌ ထရန်စစ္စတာလုံးရေ ၁ ဒသမ ၁၆ ဘီလီယံ ပါဝင်ရာမှ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် ထွက်လာသော အက်ပဲလ် အေ-၁၃ အက်စ်အိုစီ ပရိုဆက်ဆာ၌ ထရန်စစ္စတာလုံးရေ ၈ ဒသမ ၅ ဘီလီယံ ပါဝင်လာသည်အထိ မြင့်တက်သွားခြင်းဖြစ်သည်။ ထိုသို့ ချစ်ပ်များ အားကောင်းလာခြင်းနှင့်အတူ သက်ဆိုင်ရာနည်းပညာဖွံ့ဖြိုးတိုးတက်မှုများကြောင့် ထိုဆယ်စုနှစ်အတွင်း အလွယ်တကူ သယ်ဆောင်နိုင်ပြီး အစွမ်းထက်သည့် ဘက်စုံသုံးကိရိယာများကို ပေါ်ထွက်လာစေသည်။ မိုဘိုင်း၊ ကလောက်၊ အေအိုင် စသော နည်းပညာများကို ဖွံ့ဖြိုးတိုးတက်လာစေသည်။



ပါဝါပြန်လည်ဖြန့်ဝေမှုရွှေထောင့်မှ ကြည့်လျှင် ကွန်ပျူတာအတွက်အချက် နည်းပညာသည် လူတိုင်း၏ လက်ထဲသို့ စမတ်ဖုန်းများအဖြစ် ရောက်လာသည်။ လူတိုင်းနီးပါး စမတ်ဖုန်းကိုင်ကြသော်လည်း ထိုစမတ်ဖုန်းထဲတွင်ပါဝင်သည့် အားကောင်းသော ချစ်ပ်များ၏အစွမ်းကို အစွမ်းကုန်ထုတ်သုံးသူများမှာ ဂိမ်းသမားများသာရှိသည်ဟု ဆိုနိုင်သည်။ မိုဘိုင်း ဆက်သွယ်ရေး၊ အင်တာနက်ဆက်သွယ်ရေး၊ ဝက်ဘ် အခြေပြုအက်ပ်များ၊ လူမှုကွန်ရက်များ စသည့် အသုံးတို့မှာ ချစ်ပ်များအတွင်း ဝန်လေးစေခြင်းမျိုး မရှိတော့။ သွားလေရာ လာလေရာ အင်တာနက်ဖြင့် ချိတ်ဆက်နိုင်စွမ်းရှိခြင်းသည် ပြီးခဲ့သည့် ဆယ်စုနှစ်ကတည်းက ရပြီးသားဖြစ်ရာ ပို၍ထူးလာခြင်းမရှိ။ ထို့ကြောင့် လူတစ်ဦးတစ်ယောက်ချင်းစီအားဖြင့် ကြည့်လျှင် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ချစ်ပ်တို့ အားကောင်းလာမှုသည် သိပ်ထူးထူးခြားခြား တိုးတက်လာခြင်းမရှိဟု ဆိုရမည်။

သို့သော် ကော်ပိုရိတ် လုပ်ငန်းကြီးများအတွက်မူ အလွန်ထူးခြားသောတိုးတက်မှုများ ဖြစ်လာစေသည်။ အထူးသဖြင့် အေအိုင်နည်းပညာအခြေခံများ တိုးတက်လာခြင်းဖြစ်သည်။ ဂျီပီယူများက စက်လေ့ကျင့်သင်ယူမှုတာဝန်ကို ဝင်ယူပေးနိုင်ကြောင်း သိသွားပြီးချိန်တွင် အေအိုင်နည်းပညာတို့ တစ်ဟုန်ထိုးမြင့်တက်ဖို့ လမ်းကြောင်းပေါ် ရောက်လာသည်။ အက်ပဲလ်၏ အစီးရီးချစ်ပ်များ အက်စ်အိုစီ ပီပီပြင်ပြင်ဖြစ်လာသည်။ အင်နဗီးဒီးယား၏ ဂျီပီယူများသည် အေအိုင်နှင့် ဂိမ်းများကို အဆင့်မြှင့်တင်ပေးသည်။ အလားတူ မိုဘိုင်းချစ်ပ်လုပ်ငန်းများကြီးထွားလာကြသည်။ ကလောက်ပလက်ဖောင်းကို အခြေပြုပြီး အမေဇုန်၊ ဂူဂဲလ်၊ မိုက်ခရိုဆော့ဖ်တို့ ပိုမိုကြီးထွားလာပြန်သည်။ တစ်ဖက်တွင် ကွန်ပျူတာများကို အဓိကထုတ်လုပ်သော ဒဲလ်တို့၊ အိပ်ချ်ပီတို့လို လုပ်ငန်းကြီးများမှာ အမြင့်စားလက်ပ်တော့များကို ယခင်ကလောက်စျေးမကြီးဘဲ ထုတ်လုပ်လာသော်လည်း မိုဘိုင်းကိရိယာများကို စျေးကွက်ခွဲပေးလိုက်ရပြီဖြစ်၍ ဆုံးရှုံးမှုအချို့ရှိလာသည်။

လုပ်သားလောကဘက်ကိုကြည့်လျှင် မိုဘိုင်းအက်ပ်ရေးသည့် လုပ်ငန်းတာဝန်များ နေရာရလာသည်။ ကလောက်ဗီသုကာများနှင့် အေအိုင်အင်ဂျင်နီယာအလုပ်များပေါ်ထွက်လာသည်။ ဆော့ဖ်ဝဲရေးရာတွင် ယခင်က ပီစီများအတွက် ဗဟိုချက်ပြုရေးခဲ့ရာမှ မိုဘိုင်းနှင့် ကလောက်ဂေဟစနစ်များကို ဗဟိုပြုပြီး ရေးလာရသည်။ ဝက်ဘ်အခြေပြု အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်လုပ်ကိုင်နိုင်သည့် ဆော့ဖ်ဝဲမျိုးမဟုတ်လျှင် အရာမဝင်တော့သည့် သဘောမျိုးဖြစ်လာခြင်းပင်။ ထို့ကြောင့် ထုံးတမ်းစဉ်လာ အိုင်တီအလုပ်အကိုင်နေရာများ ကျဆင်းလာပြီး မိုဘိုင်း၊ ကလောက်တို့နှင့် ချိတ်ဆက်လုပ်ကိုင်ရသည့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာသည်။

တိုင်းပြည်နိုင်ငံများဘက်ကို ကြည့်လျှင် အမေရိကန်ပြည်ထောင်စုသည် အင်တဲလ်၊ အင်နိဗီးဒီးယား၊ အက်ပဲလ်တို့၏ ကျေးဇူးဖြင့် ချစ်ပ်ဒီဇိုင်းပိုင်း၌ ဆက်လက်ဦးဆောင်သည်။ ကလောက်နည်းပညာပိုင်းတွင် အေဒဗလျူအက်စ်တို့၊ ဂူဂဲလ်တို့ဖြင့် ဦးဆောင်သည်။ ထိုင်ဝမ်၏ တီအက်စ်အမ်စီသည် ထရန်စစ္စတာဂိတ်များကို ၁၆ နာနိုမီတာမှ ခုနစ်နာနိုမီတာအထိလျှော့ချပြီး မန်ဗိုရီမဟုတ်သော ချစ်ပ်ထုတ်လုပ်ရေးလောကကို ဦးဆောင်သည်။ မန်ဗိုရီချစ်ပ်များထုတ်လုပ်မှုကို တောင်ကိုရီးယားလုပ်ငန်းဆမ်ဆောင်းက ဦးဆောင်ထားသည်။ ထို့ကြောင့် အမေရိကန်-အရှေ့အာရှ ပြိုင်ဆိုင်မှုမှာ နဂိုအတိုင်းဆက်ရှိသည်ဟု ဆိုနိုင်သည်။ သို့သော် ထိပ်ဆုံးသို့ မရောက်သေးသော်လည်း အင်အားကြီးများသည့် တရုတ်နိုင်ငံ၏ တိုးတက်မှုက ထိုကာလအတွင်း ထည့်မပြော၍မရသော ကိစ္စဖြစ်သည်။

တရုတ်နိုင်ငံသည် '၂၀၂၅ တရုတ်ပြည်တွင်ထုတ်လုပ်သည်'ဆိုသည့် ရည်မှန်းချက်ဖြင့် ၂၁ ရာစု နှစ်၏ ဒုတိယဆယ်စုနှစ်အတွင်း နည်းပညာပိုင်းတွင် ကြီးကြီးမားမား ရင်းနှီးမြှုပ်နှံလာသည်။ ပြည်တွင်းချစ်ပ်ထုတ်လုပ်ရေးလုပ်ငန်းဖြစ်သည့် အက်စ်အမ်အိုင်စီကို ရန်ပုံငွေများစွာ ထည့်သွင်းပေးသည်။ အခြားနိုင်ငံများလိုမဟုတ်ဘဲ အစိုးရပိုင်လုပ်ငန်းများသာဖြစ်ရာ အစိုးရ၏ အပြည့်အဝပံ့ပိုးမှုဖြင့် လုပ်ငန်းတိုးတက်မှုမှာ မြန်ဆန်ခဲ့သည်ဟု ဆိုနိုင်သည်။ အမေရိကန်၏ ပိတ်ပင်တားဆီးမှုများသာ မရှိခဲ့လျှင် တရုတ်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုမှာ ယခုထက် ပိုမိုအားကောင်းနေလိမ့်မည်။ ထိုပိတ်ပင်မှုများကြောင့် ၁၄ နာနိုမီတာအောက် နည်းပညာလုပ်ငန်းစဉ်များအထိ တိုးတက်အောင် လုပ်နိုင်စွမ်းမရှိခဲ့ပေ။

မည်သို့ပင်ဖြစ်စေ တရုတ်နိုင်ငံ၏ ဘက်စုံတိုးတက်မှုက အလေးထားရမည့်အနေအထားတွင် ရှိနေသည်။ အမေရိကန်ပြည်ထောင်စုက ဒီဇိုင်းပိုင်း၊ မြောက်ပိုင်းပင်လယ်များဖြစ်သော လဘရာဒေါပင်လယ်နှင့် နောဒစ်ပင်လယ်တို့တွင် သမုဒ္ဒရာရေနက်ပိုင်းမှ ရေများသည် မျက်နှာပြင်ရေများနှင့်ပေါင်းစည်းပြီး မျက်နှာပြင်ရေများကို ပိုမိုနွေးစေကာ ဆားငန်ဓာတ်လျော့ပါးစေလေ့ရှိသည်။ ကမ္ဘာကြီးပူနွေးလာမှုက ထိုဖြစ်စဉ်ကို လျော့ကျသွားစေပြီး သမုဒ္ဒရာမျက်နှာပြင်ရေများကို အနွေးဓာတ်လျော့စေကာ ဆားငန်ဓာတ်ပိုမိုများပြားလာစေလိမ့်မည်ဟု ထိုအဖွဲ့၏ကွန်ပျူတာမိုဒယ်၁၀ ခုတွင် ကိုးခုက တစ်ထပ်တည်း ဟောကိန်းထုတ်ထားကြောင်း သိရသည်။

သုတေသီအဖွဲ့၏ တွက်ချက်မှုများအရ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများကို ချက်ချင်းလျှော့ချနိုင်လျှင် ထိုအဖြစ်အပျက်ကို သေချာပေါက်ရှောင်လွှဲနိုင်မည်ဖြစ်သော်လည်း ယခုအတိုင်းဆက်သွားလျှင် ၂၀၀၀ ပြည့်လွန်နှစ်များအတွင်း ရေနွေးစီးကြောင်း ပျောက်ကွယ်သွားလိမ့်မည်ဟု သတိပေးထားသည်။

ပို့စ်ဒမ်းတက္ကသိုလ်မှ စတီဖန်ရမ်စတော့ဖ်က "ကွန်ပျူတာပုံတူစမ်းသပ်မှုတွေအရ မြောက်အတ္တလန္တိတ် ပင်လယ်တွေမှာ လာမယ့် ဆယ်စုနှစ် အနည်းငယ်မှာပဲ အဲဒီလိုဖြစ်လာမယ်လို့ ပြနေပါတယ်။ အဲဒါက စိုးရိမ်စရာပါ။ သမုဒ္ဒရာရေနက်ပိုင်းက ရေတွေလှည့်ပတ်မှုဟာ ၂၁၀၀ ပြည့်နှစ်ကစပြီး နှေးလာပါလိမ့်မယ်။ အဲဒီလိုဖြစ်တာဟာ လူအတော်များများ ထင်ထားတာထက် အများကြီးပိုအရေးကြီးပါတယ်"ဟု ဆိုသည်။

အတ္တလန္တိတ် ရေနွေးစီးကြောင်း ပျောက်ကွယ်သွားခြင်းသည် ကမ္ဘာ့မြောက်ခြမ်းသို့ အပူတင်ပို့မှုကို ၂၀ မှ ၄၀ ရာခိုင်နှုန်းအထိ လျော့ကျသွားစေနိုင်သည်။ ကနေဒါ၊ စကင်ဒီနေးဗီးယားနိုင်ငံများနှင့် အမေရိကန်မြောက်ပိုင်းတို့တွင် လေထုထဲသို့ အပူထုတ်လွှတ်မှု မရှိသလောက် ကျဆင်းသွားမည်ဖြစ်သည်။ ထို့ကြောင့် ထိုနေရာများတွင် အလွန်အေးသော ရာသီဥတုဒဏ်ကို ခံလာရနိုင်သည်။

Ref: DailyMail

ကမ္ဘာ့ပင်မရေနွေးစီးကြောင်းကြီးတစ်ခု ပျောက်ကွယ်သွားဖွယ်ရှိနေ

ကမ္ဘာ့ပင်မ ရေနွေးစီးကြောင်းကြီးတစ်ခုဖြစ်သည့် အတ္တလန္တိတ် ရေနွေးစီးကြောင်းကြီးသည် လက်ရှိကာဗွန်ထုတ်လွှတ်မှုအတိုင်း ဆက်သွားပါက ၂၁၀၀ ပြည့်နှစ်နောက်ပိုင်း ပျောက်ကွယ်သွားနိုင်ကြောင်း၊ ထိုသို့ဖြစ်လာလျှင် အမေရိကနှင့် ဥရောပတို့၌ အဆုံးမသတ်သည့် ဆောင်းရာသီနှင့် ရင်ဆိုင်ရနိုင်ကြောင်း သုတေသီအချို့က သတိပေးလိုက်သည်။

အဆိုပါရေစီးကြောင်းသည် မတ္တဆီကိုပင်လယ်ကွေ့ထဲမှ နွေးသောရေများကို သယ်ဆောင်ပြီး အမေရိကန် အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက်နှင့် ဥရောပမြောက်ပိုင်းသို့ စီးဆင်းနေသည့် ပင်မရေစီးကြောင်းကြီးဖြစ်သည်။ ထိုရေစီးကြောင်းကြီး ပျောက်ကွယ်သွားမည်ဆိုခြင်းမှာ ရေစီးဆင်းမှုရပ်တန့်သွားသည်ကို ဆိုလိုခြင်းမဟုတ်ဘဲ စီးဆင်းသည့်ရေများမနွေးတော့ခြင်းကို ဆိုလိုသည်။ ထိုသို့ဖြစ်လျှင် ရာသီဥတုကိုသာမက ငါးဖမ်းလုပ်ငန်းများကိုပါ ထိခိုက်မည်ဖြစ်သည်။

ထိုဖြစ်စဉ်ကို ဂျာမနီ၊ နယ်သာလန်နှင့် ဗြိတိန်နိုင်ငံတို့မှ သုတေသီများက ပူးပေါင်းပြီး ကွန်ပျူတာမိုဒယ်များသုံးကာ သုတေသနလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုသုတေသနရလဒ်များကို ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဖွဲ့ကြီးတစ်ခုဖြစ်သည့် အိုင်ပီစီစီ၏ အနာဂတ်ရာသီဥတုခန့်မှန်းမှုများတွင် အသုံးချမည်ဖြစ်သည်။



ONE Friday Fights 124 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ အဲမို့ တွဲဆိုင်းပါဝင်လာမည်

ရန်ကုန် စက်တင်ဘာ ၇

စက်တင်ဘာ ၁၂ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပမည့် ONE Friday Fights 124 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ အဲမို့တွဲဆိုင်းပါဝင်လာမည်ဖြစ်သည်။

